

နန္ဒကျော်သူ
ချယ်ရီနီ

## နောက်ဆုံး တလှမ်း

ပိုင်ပင်း၏ ခန္ဓာကိုယ်တခုလုံးသည် တုန်ခါ၍ နေသည်။

သူမသည် ကြောက်လွန်းသဖြင့် မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်၍ နေသည်။ သူမသည် မုရှိကုဖန် ဘေးတွင် နီးကပ်စွာ ရပ်၍ နေသည်။

မုရှိကုဖန်၏ မျက်နှာသည် ထိတ်လန့် တုန်လှုပ်၍ နေသည်။ သူမ၏ ဗယ်ဘက် လက်ဖြင့် ပိုင်ပင်း၏လက်မောင်းကို ဆုပ်ကိုင်၍ ထားပြီး ညာဘက် လက်ထဲ၌ ငွေအပ်ကလေးများ ကိုင်ထား လေသည်။





အခန်းထဲ၌ မီးရောင်များသည် ပို၍ မှောင်သည်ဟု ထင်ရ ပေသည်။

ဖန်းကျုံစင်းသည် မုရှိကုဖန်၏ အနီးသို့ ပြေးကပ်သွားပြီး....

'သခင်မလေး ဘာဖြစ်တာလဲ'

ဟု မေးလိုက်လေသည်။

အတန်ကြာမှ မုရှိကုဖန်သည် အကြောက်ပြေဟန်ဖြင့်....

'ဘာမှ မဖြစ်ပါဘူး၊ ချယ်ရီနီသူခိုး ဝင်လာလို့'

ပိုင်လိုရိသည် ပိုင်ပင်း၏ လက်ကို ဆွဲကိုင်ယင်း....

'သမီး ဘာမှ မဖြစ်ဘူးနော်'

ဟု မေးလိုက်လေသည်။

ပိုင်ပင်းသည် တုန်ယင်သောအသံဖြင့် တိုးညင်းစွာ....

'ဘာမှ မဖြစ်ပါဘူး'

ဟု ဖြေလိုက်လေသည်။

မုရှိကုဖန်သည် သက်ပြင်းတချက်ချလိုက်ပြီး....

'ရှင်တို့ သွားပြီး မကြာခင်မှာပဲ ချယ်ရီနီ သူခိုး ရောက်လာတယ်၊ သူ့ရဲ့ ကိုယ်ဖော့ပညာက သိပ်ပြီး အဆင့်မြင့်လွန်းတယ်၊ ဟောဟို ပြတင်းပေါက ကျော်ဝင်လာတာကို ကျွန်မ လုံးဝ မသိလိုက်ရဘူး'

ပိုင်လိုရိသည် မျက်မှောင် ကြုတ်ယင်း....

'ထိပ်တန်း သိုင်းသမားနဲ့ တူတယ်'

ထိုစဉ် ဆင့်ဆင့်အိသည် နံရံမှ ကွဲအက်နေသော မီးအိမ်များ ကို တချက် ကြည့်ယင်း....

14

'ဒီ မီးအိမ်တွေက ဘာဖြစ်လို့ ကွဲသွားရတာလဲ'
ဟု မေးလိုက်လေသည်။

မုရုံကုဖန်သည် သူမ၏ ဦးခေါင်းကို ညိတ်ပြယင်း....

'ကျွန်မကြောင့် ကွဲသွားတာပါ၊ ကျွန်မက ချယ်ရီနီသူခိုးကို တွေ့တာနဲ့ ကျွန်မရဲ့ ငွေအပ်လက်နက်ပုန်းနဲ့ တိုက်ခိုက်ခဲ့တယ်၊ ဒါပေမယ့် ရှင်တို့ တွေ့တဲ့အတိုင်းပဲ၊ ငွေအပ်တချောင်းမှ သူ့ကို မထိပဲ ကျွန်မတို့ အနားကို ရှုတ်တရက် ကပ်လာပြီး ပိုင်ပင်းကို ပြောသွားတယ်'

ပိုင်လိုရိသည် စိုးရိမ်ဟန်ဖြင့်....

'ဘာပြောသွားတာလဲ'
ဟု မေးလိုက်လေသည်။

'သုံးရက်အတွင်း မင်းကို လာခိုးမယ်လို့ ပြောခဲ့တယ်'

ဆင့်ဆင့်အိသည် မျက်မှောင်တချက် ကြုတ်ယင်း....

'အတော် သတ္တိကောင်းတာပဲ၊ မုရုံသခင်မရဲ့ သိုင်းပညာကို မမြင်ဖူးလို့ ထင်တယ်'

မုရုံသခင်မသည် မဲ့ပြုံးတလေး ပြုံးပြယင်း....

'ကျွန်မလဲ အဲဒီလူရဲ့ ကိုယ်ဖော့ပညာ မျိုးကို တခါမှ မတွေ့ဖူးဘူး'

ပိုင်လိုရိက ပြုံးယင်း....

'ဖြစ်နိုင်ပါတယ်၊ ဒါကြောင့်လဲ မုရုံသခင်မရဲ့ ငွေအပ် လက်နက်ပုန်းကို လွတ်သွားတာပေါ့'

ဖုံလုစုံသည် တစုံတရာအား စဉ်းစားမိဟန်ဖြင့်....





'သူ့ ပြောတဲ့အတိုင်း သုံးရက် အတွင်း လာခိုးမယ်လို့ ယုံသလား'
ဟု ရုတ်တရက် မေးလိုက်လေသည်။

ပိုင်လိုရိသည် ပြုံးယင်း....

'သူဟာ ပြောတဲ့အတိုင်း လုပ်တတ်တဲ့ လူစားပဲ'

ဖုံလုစုံသည် ရုတ်တရက် ပြုံးယင်း....

'အခု သူဟာ ကျုပ်တို့ရဲ့အင်အားကို သိသွားပြီ၊ ဒါကြောင့် သူဟာ သူ့စကားအတိုင်း မလုပ်ဘူးလို့လဲ ဘယ်သူမှ မပြောနိုင်ဘူး၊ လုပ်မယ်လို့လဲ ဘယ်သူမှ မပြောနိုင်ဘူး'

မုရုံကုဖန်သည် ပြုံးလျက်....

'ဘာပဲဖြစ်ဖြစ်ပေါ့၊ ဒီ သုံးရက်အတွင်း ကျွန်မတို့ အထူး သတိထားရမှာပဲ'

ပိုင်လိုရိသည် သူ၏ ဦးခေါင်းကို ညိတ်ပြယင်း....

'ဒါပေါ့'
ဟု ပြောလိုက်လေသည်။

ပြီးမှ အားလုံးကို တချက်ဝေ့ကြည့်ယင်း....

'အင်း ကျုပ်သမီးအတွက် အားလုံး စိတ်ရှုပ်သွားရတာပဲ'

မုရုံကုဖန်သည် သူမ၏ လက်တဘက်ကို ကာပြယင်း....

'ကိစ္စမရှိပါဘူး၊ ညီသည်တွေကို ကာကွယ်ရမှာ အိမ်ရှင်ရဲ့ ဝတ္တရားပဲ မဟုတ်လား၊ ဒါပေမယ့် အခုကိစ္စမှာ ကျွန်မက ဝတ္တရားတရပ် အနေထက် ဆွေမျိုးရင်းချာ တယောက်ကို ကူညီရတယ်လို့ပဲ အောက်မေ့ပါတယ်'

ဖုံလုစုံကလည်း ရယ်မောလျက်....

'ကျုပ်နဲ့ ခင်ဗျားတို့နဲ့ကလဲ အခုမှ တွေ့မြင်ဖူးပေမယ့် အခုကိစ္စမှာ ကျုပ်လဲ ဝင်ကူညီပါရစေ'

ပိုင်လိုရိသည် အားလုံးကို ကျေးဇူးတင်သည့်အကြည့်မျိုးဖြင့် ကြည့်ယင်း....

'ကျေးဇူးတင်ပါတယ်၊ ဒီ ချယ်ရီနီ သူခိုးကို ဖမ်းမိပြီးယင်တော့ အားလုံးကို ဒီနေရာမှာဖိတ်ပြီး ထမင်းကျွေးပါဦးမယ်'

မုရုံကုဖန်သည် သူမ၏ မျက်လုံးကလေးကို ဝိုင်းစက်စွာ ပြူးလိုက်ပြီး....

'ဒါဆို ကျွန်မကို သူများတွေ ကဲ့ရဲ့တော့မှာပေါ့'

ဆင့်ဆင့်အိသည် ပြုံးလိုက်ယင်း....

'ဟုတ်သားပဲ၊ ညည်းသည်က အိမ်ရှင်ကိုပြန်ပြီး ထမင်းစားဖိတ်တယ်ဆိုယင် မုရုံသခင်မကို လူတွေက ကဲ့ရဲ့မှာပေါ့'

ပိုင်လိုရိသည် ပြုံးယင်း....

'ချယ်ရီနီ သူခိုးကို မိတဲ့အချိန်မှာ ငါက အိမ်ရှင် ဖြစ်နေပြီလေကွာ'

မုရုံကုဖန်သည် သဘောကျစွာ ပြုံးယင်း....

'ပိုင်သခင်ကြီးက ချယ်ရီနီ သူခိုးဟာ ယောက်ျားဖြစ်ရမယ်လို့ အခိုင်အမာ ယုံကြည်ထားပုံရတယ်'

ပိုင်လိုရိသည် တချက်ပြုံးလိုက်ပြီး....

'ကျုပ်ကြားလိုက်တဲ့ အသံကတော့ ယောက်ျားသံပဲ'

ဆင့်ဆင့်အိသည် ပြုံးလျက် မုရုံကုဖန်အား....

'မုရုံသခင်မနဲ့ တွေ့လိုက်တဲ့ ချယ်ရီနီသူခိုးဟာ ယောက်ျားလား မိန်းမလား'





မုရုံကုဖန်သည် ပြုံးလျက်....

'မျက်နှာဖုံး စွပ်ထားတော့ ကျွန်မလဲ အသေအချာမသိဘူး၊ ဒါပေမယ့် ကိုယ်အမူအရာနဲ့ အသံကတော့ ယောက်ျားသံပဲ'

ပိုင်လိုရိက ကျေနပ်ဟန်ဖြင့်....

'ကျုပ်ပြောသားပဲ၊ ချယ်ရီနီ သူခိုးဟာ ယောက်ျားပါလို့'

ဖုံလုစုံသည် ရုတ်တရက် ရယ်မောလိုက်ပြီး....

'ကျုပ်က အဲဒီ အလှောင်း အစားမှာ သက် သေ နေဘ်၊ ဒါကြောင့် ချယ်ရီနီ သူခိုးကို မိမှပဲ ယောက်ျားလား၊ မိန်းမလားဆိုတာ အဆုံးအဖြတ်ပေးမယ်၊ အခုတော့ ကျုပ်တို့အနားယူသင့်ပြီ'

မုရုံကုဖန်သည် ဖုံလုစုံ၏ စကားကို ထောက်ခံဟန်ဖြင့်....

'ဟုတ်တယ် ဒါမှ ကျွန်မတို့ ချယ်ရီနီသူခိုး တွေ့တဲ့အခါ လန်းဆန်းနေလိမ့်မယ်'

ဟု ပြောလိုက်ပြီး တဆက်တည်း ဖန်းကျုံစင်းထံသို့ လှည့်ကာ-

'ဟော့ ရှောင်ဖန်၊ သစ်တောမှာ ရှိနေတဲ့ မမရဲ့ တပည့်တွေကို ဟောဒီက ပိုင်လူကြီးမင်းရဲ့ တည်းခိုခန်းပတ်ဝန်းကျင်မှာ သတိနဲ့ စောင့်ကြည့်ဖို့ မှာလိုက်ပါ၊ ပြီးတော့ မသင်္ကာတဲ့လူ တွေ့ယင် ဖမ်းခိုင်းလိုက် ကြားလား'

ဟု လှမ်း၍ အမိန့် ပေးလိုက်လေသည်။

ဖန်းကျုံစင်းသည် သူ၏ ဦးခေါင်းကို ညိတ်ကာ....

'ဟုတ်ကဲ့'

ဟု ပြောလိုက်ပြီး အခန်းထဲမှ ထွက်ခွာ သွားလေတော့သည်။

ပိုင်လိုရိသည် နှုတ်ခိုက်မှာ ပြုံးယင်း....

'အင်း.... မုဂုံသခင်မရဲ့ လူတွေ ရှိနေမယ့်အတွက် ကျွန်တော်တို့အဖို့ စိတ်အေးလက်အေး နေနိုင်ပါပြီ'

ဖိုလုစုံသည် ရုတ်တရက် တချက် ရယ်မောလိုက်ပြီး....

'ကျုပ်ရဲ့ လက်ရွေးစင်သိုင်းသမားတွေကလဲ မျက်ခြည်မပြတ် စောင့်ကြည့်နေမှာပါ'

ပိုင်လိုရိသည် ဖိုလုစုံအား ကျေးဇူးတင်သော မျက်လုံးများဖြင့် ကြည့်ယင်း....

'ကျေးဇူး ကြီးမားပါပေတယ်၊ ဒါပေမယ့် ကျွန်တော်တို့အတွက် ဆရာကြီးရဲ့ လုပ်ငန်းများ ထိခိုက်နိုင်မလား မသိဘူး'

ဖိုလုစုံသည် သူ၏ ဦးခေါင်းကို ညိတ်ယင်း....

'ဒီ သုံးရက်ကလေးနဲ့ ဘာမှ ပိုထူးတော့မှာမှ မဟုတ်ပဲ'

မုရုံကုဖန်သည် ချစ်စဖွယ် ပြုံးယင်း....

'ကဲပါ.... ညီမလေး ပိုင်ပင်းလဲ ဒီည အတော် ကြောက်လန့်သွားပုံရတယ်၊ အနားယူလိုက်ကြစို့၊ လာ.... ညီမလေး၊ မမ လိုက်ပို့မယ်'

ဟု ပြောလိုက်လေသည်။

× × ×

ရက်ဗွာစွမ်း။

ရက်ဗွာစွမ်း တည်းခိုခန်း။





ယင်းတည်းခိုခန်းသည် ပိုင်လိုရိတို့ တည်းခိုသော တည်းခိုခန်း၏ အမည် ဖြစ်ပါသည်။

ပိုင်လိုရိနှင့် ဆင့်ဆင့်အိသည် တည်းခိုခန်း၏ အောက်ထပ်မှ မော့၍ တည်းခိုခန်း အပေါ်ထပ်မှဆင်း၍လာသော မုရုံကုဖန်ကို ငေးကြည့်နေသည်။

ထိုစဉ် ဖိုလုစုံသည် အရက်ဖန်ခွက် ကိုင်၍ သူတို့ အနားသို့ ရောက်ရှိလာလေသည်။

သူတို့ အနားသို့ ဖိုလုစုံ ရောက်ရှိလာချိန်တွင် မုရုံကုဖန်သည် လှေကား၏ တဝက်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ပိုင်လိုရိသည် လှေကားရင်းသို့ လျှောက်သွားပြီး လှေကားပေါ်မှ ဆင်းလာသော မုရုံကုဖန်အား လှမ်း၍....

'မုရုံသခင်မကို ဒုက္ခပေးသလို ဖြစ်နေပြီ'

ဟု ပြောလိုက်လေသည်။

မုရုံကုဖန်သည် ပြုံးယင်း....

'ကိစ္စ မရှိပါဘူး၊ ညီမလေးတော့ စိတ်ငြိမ်သွားပါပြီ'

ဟု ပြောလိုက်လေသည်။

ပြီးမှ တဆက်တည်း....

'ကဲ.... စိတ်ချ နေပါ၊ ကျွန်မတို့ ပြန်တော့မယ်'

ဟု နှုတ်ဆက်လိုက်လေသည်။

ဖိုလုစုံသည် သူ၏လက်ထဲမှ အရက်ခွက်အား ဆင့်ဆင့်အိထံ လှမ်းပေးယင်း....

'ကျုပ်လဲ မုရှံ့သခင်မကို လိုက်ပို့ယင်း ပြန်တော့မယ်၊ ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး၊ ဟောဒီ ပတ်ဝန်းကျင် တဝိုက်မှာ ကျုပ်လူတွေရော၊ မုရှံ့သခင်မရဲ့ လူတွေပါ ရှိနေပါတယ်'
ဟု ပြောလိုက်လေသည်။

ထို့နောက် ဖုံလုစုံသည် မုရှံ့ကုဖန်နှင့်အတူ ရက်ဝှာစွမ်းမှ ထွက်ခွာသွားလေတော့သည်။

ပိုင်လိုရိသည် ဖုံလုစုံနှင့် မုရှံ့ကုဖန်တို့ သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်တိုင်အောင် ကြည့်နေမိလေသည်။

ပြီးမှ.... သက်ပြင်းတချက် ချလိုက်ပြီး ဆင့်ဆင့်အိဘက်သို့ လှည့်ကာ....

'မင်း မဆိုးဘူး'
ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် ဦးခေါင်းကို ခါယမ်းယင်း....

'ဖုံလုစုံက ကျွန်တော့်ကို မသက်ာဖြစ်နေပုံ ရတယ်'

ပိုင်လိုရိသည် ပြုံးယင်း

'မင်းရဲ့နာမည်ကို မသက်ာတာပဲ ဖြစ်မှာပေါ့'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ကျွန်တော့်ရဲ့ကိုယ်ဖော့ပညာက သိပ်မကောင်းဘူး'

ပိုင်လိုရိသည် အားပေးတန်ဖြင့် ပြုံးယင်း

'ဒါပေမယ့် ရိပ်မိပုံ မတူပါဘူးကွာ'

ဆင့်ဆင့်အိသည် မချိပြုံးကလေး ပြုံးယင်း....

'ဒါပေမယ့် ကြာယင် ရိပ်မိသွားမလား မသိဘူး'

ပိုင်လိုရိသည် ဆင့်ဆင့်အိ၏ ပခုံးကို တချက်ပုတ်လိုက်ပြီး....





'အဲဒီအချိန်ကျတော့ ငါတို့ ချယ်ရိနီသူခိုးကို မိနေပြီပေါ့'
ဟု ပြောယင်း ရယ်မောလိုက်လေသည်။ ပြီးမှ....

'ငါ ပိုင်ပင်းကို သွားကြည့်လိုက်ဦးမယ်'
ဟု ပြောယင်း အပေါ်ထပ်သို့ တက်သွားလေတော့သည်။

x x x

ပိုင်ပင်းသည် အခန်းတံခါးကို မင်းတုပ်ချလိုက်လေသည်။

ထိုစဉ် အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်ထွက်လာလေသည်။ ယင်းအသံကြောင့် ပိုင်ပင်း၏ ခန္ဓာကိုယ် တခုလုံးသည် ရုတ်တရက် တုန်ခါ၍ သွားလေသည်။

ပြီးမှ....သူမ၏ လှုပ်ရှားနေသော စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်ပြီး....

'အဖေလား'
ဟု မေးလိုက်လေသည်။

မည်မျှပင် လှုပ်ရှားနေသော စိတ်ကို တည်ငြိမ်အောင် ကြိုးစားသော်လည်း သူမ၏ အသံသည် အနည်းငယ် တုန်လှုပ်နေလေသည်။

ထိုစဉ် တံခါးအပြင်ဘက်မှ ပိုင်လိုရိ၏ ရယ်မောသံ ကြားရပြီး....

'ဒီကို ပြန်ရောက်နေပြီပဲ ကြောက်တုန်းပဲလား'
ဟူသောအသံကို ကြားရလေသည်။
ပိုင်ပင်းသည် တံခါးအား ဖွင့်မပေးပဲ အထဲမှ ပြန်၍…
'မကြောက်တော့ပါဘူး၊ သမီး အိပ်တော့မလို့'
ဟု ပြန်၍ ပြောလိုက်လေသည်။ တံခါး အပြင်ဘက်မှ…
'အေး…ဒါ အကောင်းဆုံးပဲ၊ အိပ်ပျော်အောင် အိပ်လိုက်၊ တခြား လျှောက်မတွေးနဲ့တော့'
ဟု ပိုင်လိုရိက ပြန်လည် ပြောလိုက်လေသည်။
ပိုင်ပင်းသည် ကျိတ်၍ တချက် ပြုံးလိုက်ပြီး…
'ဟုတ်ကဲ့ အဖေ'
ဟု ပြန်လည် ပြောလိုက်လေသည်။
ပိုင်လိုရိသည် တံခါး အပြင်ဘက်မှ…
'ကဲ…အဖေ သွားတော့မယ်၊ တခုခု အခြေအနေ ထူးယင် လှမ်းသာ အော်လိုက်၊ ဟုတ်ပြီလား'
ဟု လှမ်း၍ မှာလိုက်လေသည်။
ပိုင်ပင်းသည်…
'ဟုတ်ကဲ့'
ဟု ပြန်ဖြေ လိုက်လေသည်။
ထို့နောက် ပိုင်ပင်းသည် တံခါးရွက်ပေါ်သို့ ကပ်၍ နား ထောင်လိုက်လေသည်။ အပြင်ဘက်မှ ပိုင်လိုရိ၏ ခြေသံသည် အတန်ကြာမျှ အခန်း တံခါး ဝ၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်ပြီး နေလေသည်။ ပြီးမှ တဖြည်းဖြည်းဝေး၍ ပျောက် ကွယ် သွားလေတော့သည်။





ပိုင်ပင်းသည် တံခါးရွက်ပေါ်သို့ သူမ၏ခန္ဓာကိုယ်ကို ကျောမှီလိုက်ပြီး ပင့်သက်တချက်ကို ဖြည်းညင်းစွာ ချလိုက်လေသည်။
ထို့နောက် သူမ၏ အင်္ကျီကို စတင် ချွတ်လိုက်လေသည်။ ချွတ်သွားသော အင်္ကျီအောက်မှ အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ပေါ်ထွက် လာလေသည်။
သူမသည် ချွတ်ပြီးသော အင်္ကျီများကို ခုတင်ပေါ်သို့ ပစ်၍ တင်လိုက်ပြီး သူမ၏ ဆံပင် များအား သွဲ့ယူ လိုက်လေသည်။ သူမ၏ ဆံပင်သည် သူမ၏ လက်ထဲ၌ ပါရှိလာပြီး ယင်း ဆံပင် အတုအောက်မှ ပင်ကိုယ်ဆံပင် ပေါ်ထွက်လာလေသည်။
ထို့နောက် သူမသည် သူမ၏ မျက်နှာကို ဆွဲ၍ ခွာလိုက်လေသည်။ သူမ၏ မျက်နှာမှ အရေပြားသည် ပင့်ကူမျှင်သဖွယ် သူမ၏ လက်ထဲ၌ ပါရှိလာလေသည်။ ထို့နောက် သူမ၏ မျက်နှာ နောက်တခု ပေါ်လာလေတော့သည်။
ယခုသူမသည်ပိုင်ပင်း မဟုတ်တော့ပါ။ ဘယ်လိုကြည့်ကြည့် ပိုင်ပင်းနှင့် မတူချေ။ သူမသည် တချက် ပြုံးလိုက်ပြီး အခန်း၏ မျက်နှာကြက်ကို တချက် မော့၍ ကြည့်လိုက်လေသည်။ ပြီးမှ အခန်းထောင့်ရှိ ဗီရိုပေါ်သို့ ခုန်တက်လိုက်လေသည်။
ထို့နောက် မျက်နှာကြက်မှ ကျောက်ပြားကို အသာမလိုက် ပြီး ဖယ်ရှား လိုက်လေသည်။ မျက်နှာကြက်၌ လူ တယောက် ဝင်သာရုံ ဖြစ်ပေါ်သွားလေသည်။
သူမသည် ယင်း အပေါက်မှ တိုး၍ ဝင်လိုက်ပြီး မျက်နှာ ကြက် ကျောက်ပြားအား ပြန်လည်၍ ပိတ်လိုက်လေတော့၏။ မျက်နှာကြက်နှင့် အမိုးကြား၌ မှောင်မည်း၍ နေလေသည်။

သို့သော် သူမသည် ကြောက်ရွံ့ခြင်း မရှိပဲ မျက်နှာကြက် တလျှောက် လေးဘက်ထောက်၍ တိုးဝင်သွားလေသည်။

အတန် ကြာသောအခါ သူမသည် ရပ်တန့်လိုက်ပြီး အမိုးမှ အုတ်ကျွတ်ပြားကို ပင့်၍ ခွာလိုက်လေသည်။ ကွာ၍သွားသော အုတ်ကျွတ်ပြား ပေါက်မှ လရောင်သည် တိုး၍ ဝင်ရောက်လာလေတော့သည်။ လတ်ဆတ်သော လေသည် သူမ၏ မျက်နှာကို လာရောက်၍ ထိတွေ့လေသည်။

သူမ၏ မျက်နှာသည် ပြုံး၍ နေလေသည်။ မုရှိုသခင်မ ပေးအပ်သော တာဝန်ကို သူမသည် ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည် မဟုတ်ပါလော။

ယခု သူမသည် ရက်ဝှာစွမ်း ခေါင်မိုးမှဆင်းသက်ပြီး ရွှေယဥ်စွမ်းသို့ ပြန်ရုံသာ ရှိတော့သည်။

ထို့ပြင် မည်သူမျှလည်း သူမအား ဂရုစိုက်မည် မဟုတ်ချေ။ ဤသည်မှာလည်း မုရှိုကုဖန်၏ အစီအစဥ် တခုပင် ဖြစ်၏။ ဤသို့ဆိုလျှင် ပိုင်ပင်းသည် မည်သည့် နေရာတွင် ရောက်ရှိနေသနည်း။

× × ×

ဖုံလုစုံသည် မုရှိုကုဖန်အား ထိုက်ပိုင်စွမ်း အထိ လိုက်ပို့လေသည်။ ထို့နောက် သူ၏ မြင်ကွင်းမှ မုရှိုကုဖန် ပျောက်ကွယ်သွားသည်အထိ မုရှိုကုဖန်၏ နောက်ကျောအား ငေးစိုက်ကြည့်နေမိလေသည်။





သူ၏ မြင်ကွင်းမှ မုရှိုကုဖန် ပျောက်ကွယ်သွား သည်နှင့် တပြိုင်တည်း သူ၏ မျက်နှာအမူအရာသည် ထူးဆန်းစွာ ပြောင်းလဲသွား လေတော့သည်။

သူသည် မျက်ခုံးမွေးများကို နှုတ်ထက်၌ စု၍ ကျုံ့လိုက်ပြီး လက်နှစ်ဘက်ကို နောက်ပစ်ကာ ညောင်ပင်တောသို့ လျှောက်သွားလေသည်။

သူ၏ကိုယ်ရံတော် နှစ်ယောက်သည် စကားတခွန်းမျှ မပြောပဲ ဖုံလုစုံ၏ နောက်ဘက်မှ တိတ်ဆိတ်စွာ ပါသွားလေတော့သည်။ ဖုံလုစုံသည် ညောင်ပင် တောစပ်၌ ရုတ်တရက် ရပ်တန့်လိုက်ပြီး....

'အင်း....ထူးဆန်းတယ်'

ဟု တကိုယ်တည်း ရေရွတ်လိုက်လေသည်။

ဖုံလုစုံ၏ ကိုယ်ရံတော် တယောက်သည် မရဲတရဲဖြင့်—

'ဘယ်နေရာမှာ ထူးဆန်းနေတာလဲ ဆရာကြီး'

ဟု မေးလိုက်လေသည်။

ဖုံလုစုံသည် ယင်းကိုယ်ရံတော်ကို မျက်မှောင်ကြုတ်၍ ကြည့်ယင်း....

'နေရာတိုင်းမှာပဲ၊ ကဲ မင်းတို့လူတွေ စုပြီး ပိုင်လိုရိရဲ့ တည်းခိုခန်း ပတ်ဝန်းကျင်မှာ စောင့်ကြည့်နေ၊ မသင်္ကာယင် ဖမ်းသာ ထားလိုက်၊ ငါရှင်းမယ်'

ဟု ပြောလိုက်လေသည်။

ထို ကိုယ်ရံတော်က—

'ဆရာကြီးကရော'

'ငါပြောတဲ့အတိုင်းပဲ လုပ်စမ်းပါ'

ဟု လှည့်၍ ဟောက်လိုက်လေသည်။

ကိုယ်ရံတော် နှစ်ယောက်သည် ဘာမှ ပြန်မပြောတော့ပဲ ဖိုးလုံးစုံအား အရိုအသေပြုကာ ထွက်သွားလေတော့သည်။

ဖိုးလုံးစုံသည် သူ၏ မြင်ကွင်းမှ ကိုယ်ရံတော် နှစ်ယောက် ပျောက်ကွယ်သွားသည်အထိ ကြည့်နေလိုက်သည်။

ပြီးမှ ဆောင်ပင်တော်အုပ်ဘက်သို့ လှည့်လိုက်ပြီး တချက်မျှ စူးစိုက်ကြည့်လိုက်လေသည်။

ထို့နောက် သူသည် ဆောင်ပင်တော်အုပ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

x x x

ဖန်းကျုံစင်း၏ မျက်နှာသည် ပြုံး၍သာနေသည်။

မုရိုကုဖန်၏ အစီအစဉ်သည် လွဲချော်မှုမရှိပဲ တိကျစွာ အောင်မြင်ခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့် စိတ်ထဲမှ မုရိုကုဖန်အား ချီးကျူးနေမိလေသည်။

မုရိုကုဖန်သည် သူမ၏ အစီအစဉ် အသေးစိတ်ကို သူ့အား မမေးနိုင် မပန်းနိုင် ရှင်းပြခဲ့လေသည်။





ယင်းအစီအစဉ်သည် မည်သူမျှ တွေးထင်မိမည့် အစီအစဉ် မဟုတ်ချေ။ မုရိုကုဖန်သည် ယင်းအစီအစဉ်ကို အသေးစိတ် ရေးဆွဲပြီး အစစအရာရာကို ကြိုတင်ပြင်ဆင်ခဲ့သည်။

မုရိုကုဖန်၏ လက်အောက်မှ ပန်းချီဆရာ အယ်တစ်ဦးသည် ပိုင်ပင်း၏ ပုံတူပန်းချီကို ပိုင်ပင်း ဤကျေးရွာသို့ ရောက်သည့် နေ့မှစ၍ အနေအထား အမျိုးမျိုးဖြင့် လျှို့ဝှက်စွာ ရေးဆွဲခဲ့ကြလေသည်။

မျက်လှည့်ဆရာကြီးကိုယ်တိုင် ပိုင်ပင်းအား သုံးလေးခါမျှ လျှို့ဝှက်စွာ လေ့လာကြည့်ရှုခဲ့ပေသည်။

ထို့ပြင် မုရိုကုဖန်၏ လက်ရွေးစင် အပ်ချုပ်သမားများ ကလည်း ပိုင်ပင်း၏ အဝတ်အစားများကို တူညီသော အထည်စများဖြင့် တပုံစံတည်းကျအောင် ချုပ်နိုင်ခဲ့လေသည်။

ယင်းသို့ အစစအရာရာ ပြင်ဆင်ပြီးမှ မုရိုကုဖန်သည် သူမ၏ လက်အောက် အလုပ်သမမျာထဲမှ ပိုင်ပင်းနှင့် သက်တူရွယ်တူ မိန်းကလေးကို ရွေးထုတ်လိုက်သည်။

ထို့နောက် မျက်လှည့်ဆရာကြီးက ပိုင်ပင်း၏ ပန်းချီပုံတူများဖြင့် ကြည့်ရှုပြီး မိန်းကလေး၏မျက်နှာကို ပိုင်ပင်းနှင့် ရွေးမရအောင် ပြုပြင်ပေးလိုက်လေသည်။

ဒုတိယအဆင့် ရုပ်ဖျက်နည်းဖြင့် ပြုပြင်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ပြီးမှ ကျူလိအား ငွေပေးကာ ဆင့်ဆင့်အိတ်ကို စိန်ခေါ်ခိုင်းခဲ့လေသည်။

ထို့နောက် တဆက်တည်း ဖန်းကျုံစင်းက ဝင်ရောက်၍ ကျူလီအား သတ်လိုက်ပြီး မုရုံကုဖန်က ဆင့်ဆင့်အိတို့အား ညှို့ခံရန် ရွှေယဉ်စွမ်းသို့ ခေါ်ဆောင်ခဲ့လေသည်။

သို့သော်....သူတို့၏ အစီအစဉ်ထဲသို့ အမှတ်မထင်ပဲ ဖုံလုစုံ ဝင်ရောက်လာခဲ့လေသည်။ ထို့ကြောင့်.... ဖန်းကျုံစင်းသည် အနည်းငယ် စိတ်လှုပ်ရှား သွားခဲ့မိလေသည်။

ရွှေယဉ်စွမ်းသို့ ရောက်သောအခါ ကြိုတင် ဖွက်ထားသော ပိုင်ပင်း အတုသည် ပိုင်ပင်း အစစ်၏ အ ဝတ် အ စား များ ကို ကြည့်ရှုပြီး ရွေးချယ် ဝတ်ဆင်လိုက်လေသည်။

ထိုအချိန်တွင် မျက်လှည့် ဆရာကြီးသည် ချယ်ရီနီ သူခိုး အယောင်ဆောင်ကာ ရွှေယဉ်စွမ်း၏ အပြင်ဘက်မှ ပိုင်လိုရိတို့၏ အာရုံကို ဆွဲယူလိုက်လေသည်။

မျက်လှည့် ဆရာကြီးသည် ရုပ်ဖျက် ပညာသာမက သိုင်း ပညာ၌လည်း အဆင့်မြင့်သူတဦး ဖြစ်ပေသည်။

ထို့ပြင် အမှတ်မထင်ပဲ ဖုံလုစုံ ပါဝင်လာသည့်အတွက် မူလ အစီအစဉ်ကို ဖျက်ပြီး ဖုံလုစုံ၏ လက်ရွေးစင် သိုင်းသမားကို တည်ကြက်ပြုလုပ်ကာ အခန်းထဲမှလူများ၏ အာရုံကို ဆွဲဆောင် နိုင်ခဲ့ပေသည်။

ထို့ကြောင့် မုရုံကုဖန်သည် လွယ်ကူစွာပင် ပိုင်ပင်းအစစ် နှင့် အတု လဲထားနိုင်ခဲ့သည်။ သို့ဖြစ်၍လည်း ဖန်းကျုံစင်း သည် မုရုံကုဖန်ကို မချီးကျူးပဲ မနေနိုင် ဖြစ်ခဲ့ရသည်။





ထို့ကြောင့် ဖန်းကျုံစင်းသည် ပြုံး၍ နေလေသည်။ သူ၏ အပြုံးသည် ကျေနပ်သောအပြုံး၊ ပီတိဖြစ်သော အပြုံးမျိုးပင် ဖြစ်ပါသည်။

သူသည် ယင်းသို့ပြုံးနေယင်း အခန်းထောင့်မှ သေတ္တာကို လှမ်း၍ ကြည့်လိုက်လေသည်။ ယင်းသေတ္တာထဲ၌ ပိုင်ပင်းအစစ် ရှိနေသည် မဟုတ်ပါလော။

× × ×

ယခု ခြေလှမ်းသည် နောက်ဆုံးခြေလှမ်းဖြစ်သည်။ ထို့ပြင် ယခုတာဝန်သည် ဖန်းကျုံစင်း၏ တာဝန် ဖြစ်သည်။

အကြောင်းမှာ မုရုံကုဖန်သည် ပိုင်ပင်းအတုနှင့် ပိုင်လိုရိတို့ကို ရက်ဘာစွမ်းသို့ လိုက်လံပို့ဆောင်ခဲ့သည်။ ထို့နောက် သူမသည် ဤခကျူးရွာမှ ထွက်ခွာ သွားပေလိမ့်မည်။

သူသည် ပိုင်ပင်းအစစ် ထည့်ထားသော သေတ္တာနှင့် အတူ ဤခကျူးရွာမှ ထွက်ခွာခဲ့ရန်ပင် ဖြစ်သည်။

ထို့ကြောင့် သူသည် ထိုင်ရာမှ ထလိုက်ပြီး ရေကန်ဘက်ရှိ မြတင်းပေါက်သို့ လျှောက်သွားလေသည်။ ပြီးမှ မီးအိမ်ကိုယူ၍ သုံးချက် ဝှေ့ယမ်းလိုက်လေသည်။ အတန်ကြာသောအခါ ရေ

ကန့်ထဲမှ လှေလှော်ခတ်သံ ကြားရပြီး လူဝကြီးတယောက်သည် လှေကို ပြတင်းပေါက် အောက်သို့ လှော်ခတ် လာလေသည်။

ပြတင်းပေါက် အောက် တည့်တည့်သို့ ရောက်သောအခါ ဖန်းကျုံစင်းသည် ပိုင်ပင်း အစစ်ပါသော သေတ္တာကို ပြတင်းပေါက်မှ လှေပေါ်သို့ ကြိုးဖြင့် ချပေးလေသည်။

ထို့နောက် သူကိုယ်တိုင် ပြတင်းပေါက်မှ လှေပေါ်သို့ ခုန်ဆင်းလိုက်လေသည်။ သူလှေပေါ်သို့ ရောက်ချိန်တွင် လူဝကြီးသည် သေတ္တာမှ ကြိုးများကိုဖြေ၍ ရေထဲသို့ ပစ်ချလိုက်လေတော့သည်။

ပြီးမှ လူဝကြီးသည် လှေကို ညင်သာစွာ တဘက်ကမ်းသို့ လှော်ခတ် သွားလေတော့သည်။ ဤလူဝကြီးသည် မုရှံကုဖန်၏ ကျွမ်းကျင်သော လှေသမား တယောက်ပင် ဖြစ်လေသည်။

ထို့ကြောင့်လှေလှော်ခတ်သံသည်တိတ်ဆိတ်သောဝန်းကျင်၌ပင် ဆူညံစွာ ပေါ်ထွက်ခြင်း မရှိပေ။ ဖန်းကျုံစင်းသည် သူ၏ လက်ကို ဓားရိုးပေါ်တွင် တင်ပြီး တိတ်ဆိတ်စွာ လိုက်ပါလာလေသည်။ ယခုအချိန်တွင် ဖန်းကျုံစင်းသည်မည်သည့်အနှောက်အယှက်ကိုမှ မလိုလားချေ။ အကယ်၍ တစုံတရာ အမှားအယွင်းရှိလျှင် သူတို့၏ နောက်ဆုံး ခြေလှမ်းသည် ပျက်ပြယ်သွားနိုင်သည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် သတိ ပို၍ထားနေပေသည်။ ထို့ပြင် သူသည် တိတ်ဆိတ်မှုကို ပို၍ လိုလားသည်။

× × ×





ဤနေရာတွင် လှပသော မြင်းလှည်းတစီး ရပ်နေသည်။

ယင်း မြင်းလှည်းသည် အချိန် အတန်ကြာ ကတည်းက ရပ်တန့် ထားခဲ့ခြင်း ဖြစ်သည်။ မြင်းလှည်း မောင်းသမားသည် ဗလ ကောင်းသော လူလတ်ပိုင်း လူရွယ်တယောက် ဖြစ်သည်။ သူသည် မုရှံအမျိုးအနွယ်ထဲမှ သွက်လက် ချက်ချာသော လူရွယ်တယောက်လည်း ဖြစ်လေသည်။

သူသည် မြင်းလှည်းပေါ်မှာ ထိုင်ယင်း ရေပြင်ကို ငေး၍ ကြည့်နေလေသည်။ အတန်ကြာသောအခါ သူ၏မြင်ကွင်းထဲသို့ လှေတစင်း ဝင်ရောက် လာလေသည်။

ထို့ကြောင့် သူသည် မြင်းလှည်းပေါ်မှ ဆင်းသက်လိုက်ပြီး ကမ်းစပ်သို့ ပြေး၍ သွားလေသည်။ မရှေးမနှောင်းပင် လှေငယ်သည်လည်း ကမ်းစပ်သို့ ရောက်ရှိလာလေသည်။ လှေပေါ်မှ ဖန်းကျုံစင်းသည် မြင်းလှည်း မောင်း သမားအား ပြုံး၍ ပြယင်း....

'ကဲ မုရှံကန်း....သေတ္တာကို မြင်းလှည်းပေါ် တင်လိုက်'

ဟု ပြောလိုက်လေသည်။

မုရှံကန်းသည် သူ၏ ဦးခေါင်းကို ညိတ်ယင်း....

'အဆင်ပြေတယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်ယင်း....

'အားလုံး အဆင်ပြေတယ်'

ဟု ပြောလိုက်ပြီး ကမ်းစပ်ပေါ်သို့ တက်လိုက်လေသည်။

ထို့နောက် မုရှိကန်းသည် သေတ္တာကို မ,ပြီး မြင်းလှည်းရှိရာသို့ သယ်ဆောင် သွားလေတော့သည်။

ဖန်းကျုံစင်းသည် မုရှိကန်း၏နောက်မှ လိုက်ပါသွားလေသည်။မြင်းလှည်းအနီးသို့ ရောက်သောအခါ ဖန်းကျုံစင်းသည် မြင်းလှည်းတံခါးကို ဖွင့်၍ ပေးလိုက်လေသည်။ မုရှိကန်းသည် သေတ္တာကို မြင်းလှည်းထဲသို့ သေချာစွာ နေရာ ချထားလိုက်သည်။ ပြီးမှ သူသည် ဖန်းကျုံစင်းကို ပြုံးပြယင်း....

'ကဲ....တက်'

ဟုပြောကာ သူကိုယ်တိုင်လည်း မြင်းလှည်းမောင်းသည့်နေရာသို့ ခုန်တက် လိုက်လေသည်။

ဖန်းကျုံစင်းသည် တကိုယ်တည်း ပြုံးယင်း မြင်းလှည်းထဲသို့ ဝင်ရောက် ထိုင်လိုက်လေသည်။

ထို့နောက် လှပသော မြင်းလှည်းသည် ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ဤကျေးရွာ၌ ချမ်းသာသော လူများ၏ မြင်းလှည်းများသည် အချိန်မရွေး သွားလာတတ်လေသည်။

ထို့ကြောင့် မုရှိကုဖန်၏ မြင်းလှည်းကို မည်သူမျှ သဘော မကောင်းဖြစ်မည် မဟုတ်ပေ။





သို့ဖြစ်၍လည်း ဖန်းကျုံစင်းသည် မုရှိကုဖန်ကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးယင်း မြင်းလှည်းနှင့်အတူ လိုက်ပါသွားလေတော့သည်။

× × ×

လှေသမား၏ တာဝန်သည် သူ၏ လှေပေါ်မှ သေတ္တာ ကမ်းစပ်ပေါ်သို့ ရောက်သွားသည်နှင့် တပြိုင်တည်း သူ၏ လှေကို ပြန်လည် လှော်ခတ်ရန်ပင် ဖြစ်သည်။

ထို့ကြောင့် လူကြီးသည် အလာတုန်းက ကဲ့သို့ပင် လှေ လှော်ခတ်သံ မကြားရအောင် လှော်၍ ဤဘက်ကမ်းသို့ ပြန်လာလေသည်။ သည်ဘက်ကမ်းသို့ ပြန်ရောက်လျှင် သူ၏လုပ်ငန်းသည် ပြီးဆုံးပြီ ဖြစ်သည်။

သို့သော် သူ၏ စိတ်ထဲ၌ တစုံတရာကို စိုးရိမ် ပူပန်နေမိလေသည်။ ကိစ္စတရပ်လုံးသည် သူ့ကြောင့်ပျက်စီးခြင်းသို့ရောက်ရန် သူမလိုလားချေ။

မုရှိကုဖန်သည် သူမ၏ လုပ်ငန်းကို တာဝန်ကျေပွန်အောင် ဆောင်ရွက် သူများကို ဆုလာဘ်များ ချီးမြှင့်သလို သူမ၏

လုပ်ငန်းကို ပျက်စီးစေသူကိုလည်း သေဒဏ်မှ လွဲ၍ မည်သည့် အပြစ်ဒဏ်ကိုမျှ မပေးချေ။

ထို့ကြောင့် လှေသမားသည် မိမိကြောင့် တစုံတရာ အမှား အယွင်း ဖြစ်လာမည်ကို မလိုလားချေ။ ထိုစဉ် လှေသည် ကမ်း စပ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

သို့ဖြစ်၍ လူဝကြီးသည် လှေကို မူလ ဝှက်ထားရာနေရာသို့ ဆက်လက် လှော်ခတ်ခဲ့လေသည်။

ထိုနေရာသည် ရေပြင်ပေါ်သို့ အကိုင်းများ ထိုးထွက်နေ သော ညောင်မုတ်ဆိတ်ပင်၏ ခြေရင်းပင် ဖြစ်သည်။

ထို့ကြောင့် သူသည် လှေကို ညောင်မုတ်ဆိတ်ပင်အောက်၌ ရပ်တန့်လိုက်ပြီး လှော်တက်ကို သိမ်းရန် ပြင်ဆင် လိုက်လေ သည်။

ထိုစဉ် ရုတ်တရက် ယင်းညောင်ပင်ပေါ်မှ လူတယောက် သည် လှေပေါ်သို့ ကျရောက် လာလေတော့သည်။

× × ×

ထိုလူသည် ဖိုးလုစိုးပင် ဖြစ်ပါသည်။

လှေသမား လူဝကြီးသည် မိမိလှေပေါ်သို့ ရောက်လာသော ဖိုးလုစိုးအား ငေး၍ ကြည့်နေရာမှ ရုတ်တရက်....

'ခင်ဗျား ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။



လွင်စာပေ
အမှတ် ၁၃၀၊ ၃၅-လမ်း



ဖိုးလုစိုးသည် လူဝကြီးအားစူးစိုက်စွာ တစ်ချက်ကြည့်လိုက်ပြီး-

'သေတ္တာထဲမှာ ဘာထည့်ထားသလဲ'

ဟု မေးလိုက်လေသည်။

လူဝကြီးသည် ဘာမျှ ပြန်မပြောပဲ လက်ထဲမှလှော်တက်ဖြင့် ဖိုးလုစိုးအား ရိုက်ချလိုက်လေသည်။

ဖိုးလုစိုးသည် သူ၏ခန္ဓာကိုယ်ကို အနည်းငယ် တိမ်းစောင်း လိုက်ပြီး လွဲချော်သွားသော လှော်တက်ကို လက်ဖျံနှစ်ဘက်ဖြင့် ညှပ်၍ ရိုက်ပြီး ချိုးလိုက်လေသည်။

'ဖျောင်း'

ဟူသော အသံနှင့်အတူ လှော်တက်သည် ထက်ပိုင်းကျိုး၍သွား လေတော့သည်။

ဖိုးလုစိုးသည် လူဝကြီးအား အေးစက်စွာကြည့်ယင်း....

'သေတ္တာထဲ ဘာထည့်ထားသလဲ'

ဟု ထပ်မံ မေးလိုက်လေသည်။

လူဝကြီးသည် ဘာမျှပြန်လည်မပြောပဲရုတ်တရက်လှည့်ကာ ကမ်းပေါ်သို့ တက်ပြေးလေသည်။

ဖိုးလုစိုးသည် တချက်ပြုံးလိုက်ပြီး သူ၏ခန္ဓာကိုယ်ကို လေထဲ၌ တပတ်ကျွမ်းထိုးလိုက်လေသည်။ ထို့ကြောင့် သူသည် လူဝကြီး ရှေ့သို့ရောက်ရှိသွားပြီး လူဝကြီး၏ ပြေးလမ်းအား ပိတ်ထား လိုက်လေသည်။

လူဝကြီးသည် ရုတ်တရက် ရပ်တန့်လိုက်ပြီး တချက်ပြုံးလိုက် သည်။

သူ၏ အပြုံးသည် ကြေကွဲသော အပြုံးမျိုးပင်ဖြစ်ပါသည်။ ထို့နောက် ရုတ်တရက် လူဝကြီးသည် သူ၏ လက်ညှိုးကို ပါးစပ်ထဲသို့ ထိုးထည့်လိုက်လေသည်။ တဒင်္ဂအတွင်း၌ပင် လူဝကြီးသည် မျက်ဖြူတချက်လန်ပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။ လူဝကြီး၏ ပါးစပ်မှလည်း သွေးများ ယိုစီး၍ ကျလာလေသည်။

ဖုံလုစုံသည် သက်ပြင်းတချက်ချယင်း....

'ကြောက်စရာကောင်းတဲ့ အဆိပ်ပဲ'

ဟု ရေရွတ်လိုက်လေသည်။

အကယ်၍သာ ဖုံလုစုံသည် လူဝကြီး၏ လက်သည်းကြား၌ ဤကဲ့သို့ အဆိပ်များရှိနေမည်ကိုသိခဲ့လျှင် သူသည် လူဝကြီးထံမှ အဖြေကို ရရှိနိုင်မည်လော။

× × ×

ဖုံလုစုံသည် မျက်မှောင်ကြုတ်၍ နေသည်။

သေတ္တာထဲ၌ မည်သည့်ပစ္စည်း ထည့်ထားသည်ကို ဖုံလုစုံ စဉ်းစား၍ မရပါ။





သို့သော် သေတ္တာထဲမှ ပစ္စည်းသည် အလွန်တရာ အရေးကြီးသောပစ္စည်း ဖြစ်မည်ဆိုသည်ကိုတော့ ဖုံလုစုံ သိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် လူဝကြီး၏ အသက်ထက် သေတ္တာထဲမှ ပစ္စည်းသည် အရေးကြီးသည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ဆုံးဖြတ်ချက် တခုကို ချလိုက်လေ၏။ တဘက်ကမ်းသို့ ကူးသွားပြီး စုံစမ်းရန်ပင် ဖြစ်သည်။ သူသည် လူဝကြီး၏ လှေပေါ်သို့ တက်လိုက်ပြီး လှော်တက် ထက်ပိုင်းကျိုးဖြင့် တဘက်ကမ်းသို့ လှော်ခတ် သွားလေတော့သည်။

☆

## ခဲလေသမျှ သဲရေကျ

ညသည် ပို၍ ညဥ့်နက်လာသည်။

မြင်းလှည်းသည် လမ်းမပေါ်၌ ပြေးလွှားနေသည်။

မုရုံကန်းသည် ဤလမ်းကို ကျွမ်းကျင်စွာ မောင်းနှင် နိုင်သူဖြစ်သည်။ မည်မျှ ညဥ့်နက်စေကာမူ မုရုံကန်းသည် မျက်စိမှိတ်၍ပင် မောင်းနှင် နိုင်ပေသည်။

မြင်းလှည်းကလေးသည် တဆစ်ချိုး အကွေ့တခုကို ကွေ့ပြီးသောအခါ ညောင်မုတ်ဆိတ် တောအုပ်ထဲသို့ ရောက်ရှိလာလေသည်။





မုရုံကန်းသည် ထိုနေရာရောက်သည့် အချိန်မှစ၍ မြင်းနှင်တံကိုစတင် အသုံးပြုပြီး မြင်းများကို လေးမှလွှတ်သည့် မြားပမာ ပြေးခိုင်းလေတော့သည်။

× × ×

လူတယောက်သည် ကျောက်တုံးပေါ်၌ ထိုင်နေသည်။

လရောင်အောက်တွင် သူ၏ ဝတ်စုံအဖြူရောင်သည် တောက်ပ၍ နေလေသည်။

သူသည် ဝါးခမောက် တလုံးကို မျက်နှာ အုပ်လုနီးပါး ဆောင်း၍ထားလေသည်။

သူ၏ရှေ့ မလှမ်းမကမ်းတွင် သစ်တုံးတတုံးသည် လမ်းမပေါ်၌ကန့်လန့်ဖြတ်၍ လဲကျ နေပေသည်။

ထိုစဉ် အဝေးမှ မြင်းခွာသံ သဲ့သဲ့ကို သူကြားလိုက်ရလေသည်။

သို့သော် သူသည် မည်သည့် လှုပ်ရှားမှုမှ မပြုလုပ်ချေ။ မြင်းခွာသံသည် တစထက်တစ နီးကပ်လာပြီ ဖြစ်သည်။

သို့တိုင်အောင် ထိုလူသည် ငြိမ်သက်စွာ ထိုင်နေဆဲပင် ဖြစ်ပါသည်။

× × ×

မုရှံကန်းသည် မြင်းလှည်းကို တရကြမ်းမောင်းနှင်၍လာလေသည်။

ထိုစဉ် ရုတ်တရက် လမ်းမပေါ်တွင် လဲကျနေသော သစ်တုံးကို လရောင် ဝိုးတဝါး အောက်တွင်မြင်တွေ့လိုက်သဖြင့် အချိန်မီ မြင်းကို ဇက်သပ်၍ ရပ်တန့် လိုက်လေသည်။ မြင်းလှည်းသည် သစ်တုံးနှင့် ငါးပေခန့် အကွာတွင် ရပ်တန့် သွားလေသည်။ ထိုအချိန်တွင် မုရှံကန်းသည် လမ်းဘေး ကျောက်တုံးပေါ်၌ ထိုင်နေသော လူတယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် ဝါးခမောက်ကို ရှေ့သို့ငိုက်၍ဆောင်းထားသဖြင့် ထိုလူ၏ မျက်နှာကို မုရှံကန်း မတွေ့ရချေ။ ထိုလူသည် ကျောက်တုံးပေါ်မှ ဆင်းလိုက်ပြီး မြင်းလှည်းရှိရာသို့ လျှောက်လာလေသည်။ မုရှံကန်းသည် မျက်မှောင်ကြုတ်ယင်း....

'မင်း ဘယ်သူလဲ'

ဟု ခက်ထန်စွာ မေးလိုက်လေသည်။





ဝါးခမောက် ဆောင်းထားသော လူထံမှ မည်သည့်အသံမှ ထွက်မလာချေ။

မုရှံကန်းသည် မျက်မှောင်ကြုတ်ယင်း....

'ဘာသဘောနဲ့ မင်းက လမ်းပိတ်ရတာလဲ'

ဝါးခမောက် ဆောင်းထားသော လူထံမှ....

'လှည်းကို ရှာမလို့'

ဟူသော အသံသည် အေးစက်စက်ဖြင့် ပေါ်ထွက်လာလေသည်။ မုရှံကန်း မျက်မှောင် တချက် ကြုတ်လိုက်ပြီး....

'ဒါဘယ်သူ့မြင်းလှည်းဆိုတာ သိရဲ့လား'

'ဘယ်သူ့မြင်းလှည်းဖြစ်ဖြစ် ဒီတစ်ခါတော့ ကျုပ် ရှာရလိမ့်မယ်'

မုရှံကန်းသည် ဘာမျှ ပြန်၍ မပြောတော့ပဲ သူ၏ လက်ထဲမှ ကြာပွတ်ဖြင့် ဝါးခမောက် ဆောင်းထားသော လူကို ရိုက်လိုက်လေတော့သည်။

'ဝှစ်....ဝှစ်....ဝှစ်....'

ဝါးခမောက် ဆောင်းထားသော လူသည် သူ၏ လက်ကို တချက် ဆန့်တန်းလိုက်ပြီး မုရှံကန်း၏ ကြာပွတ်ကို ဖမ်းဆွဲလိုက်လေသည်။

ပြီးမှ ကြာပွတ်ကို ဆောင့်၍ ဆွဲချလိုက်ရာ မုရှံကန်းသည် ကြာပွတ်နှင့်အတူ မြင်းလှည်းပေါ်မှ ကျွမ်းပြန်ကျလာလေသည်။ သို့သော် မုရှံကန်းသည် အဆင့်မြင့် သိုင်းသမားတဦးဖြစ်သဖြင့် မြေပေါ်သို့ ခြေထောက်ဖြင့် ကျလာလေသည်။

သူသည် မြေပေါ်သို့ရောက်သည်နှင့် တပြိုင်တည်း ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး ဝါးခမောက်နှင့် လူအား ခုနစ်ချက် ခုတ်ချလိုက်လေသည်။

သို့သော် သူ၏ဓားသည် ထို ဝါးခမောက်နှင့် လူအား မထိချေ။

ထို့ကြောင့် မုရုံကန်းသည် အင်္ကျီ လက်ကြား၌ ဝှက်ထားသော အဆိပ်အပ်ငယ် သုံးစင်းဖြင့် ထပ်မံ ပစ်လွှတ်လိုက်လေသည်။ ဝါးခမောက်နှင့်လူသည် အေးဆေးစွာပင် သူ၏ ဝါးခမောက်ကို ချွတ်လိုက်ပြီး အဆိပ်အပ်များကို ဆီး၍ ကာထားလိုက်လေသည်။

ထို့ကြောင့်—

'ဒုတ်....ဒုတ်....ဒုတ်'

ဟူသော အသံနှင့်အတူ အဆိပ်အပ်များသည် ဝါးခမောက်၌ စိုက်သွားလေတော့သည်။

မုရုံကန်းသည် ယခုမှ ဝါးခမောက် ဆောင်းထားသူ၏ မျက်နှာကို တွေ့လိုက်ရလေသည်။

သူသည် ထိုလူ၏မျက်နှာကို တွေ့လိုက်သည်နှင့် တပြိုင်တည်း အံ့ဩဟန်ဖြင့် မျက်လုံး ပြူးသွားကာ ပါးစပ်မှလည်း-

'ဆင့် ဆင့် အိ'

ဟု ရုတ်တရက် အော်ဟစ် လိုက်မိလေတော့သည်။

ထိုစဉ် ရုတ်တရက် မုရုံကန်းသည် ဆင့်ဆင့်အိ၏ လက်လှုပ်ရှားမှုကို တွေ့လိုက်ရပြီး တဆက်တည်းမှာပင် သူ၏ ခန္ဓာကိုယ်သည် မြင်းတကောင်၏ ကန်ခြင်းကို ခံလိုက်ရသကဲ့သို့ မြောက်တက်





သွားပြီး မြင်းလှည်း၏ဘေးသို့ လွင့်ကျသွားလေတော့သည်။

ထို့နောက် မုရုံကန်း၏ မြင်ကွင်းသည် မှုန်ဝါး၍ သွားပြီး သူ၏ ခန္ဓာကိုယ် တခုလုံးသည် အဆုံးအစ မရှိသော အမှောင်ထုထဲသို့ ဦးစိုက် ကျသွားသည်ဟု ခံစားလိုက်ရ လေတော့သည်။

× × ×

ဆင့်ဆင့်အိသည် လက်ထဲမှ ဝါးခမောက်ကို လွှင့်ပစ်လိုက်ပြီး မြင်းလှည်းရှိရာသို့ တလှမ်းချင်း လျှောက်သွားလေသည်။

ထိုအချိန်တွင် မြင်းလှည်း တံခါးသည် ဖြည်းဖြည်း ပွင့်လာပြီး မြင်းလှည်းထဲမှ ဖန်းကျုံစင်း ထွက်လာလေသည်။

သူ၏လက်သည် ဓားရိုးပေါ်၌ အဆင်သင့် ရှိနေလေသည်။

ဆင့်ဆင့်အိသည် ဖန်းကျုံစင်းအား လုံးဝ ဂရုမစိုက်ပဲ မြင်းလှည်းပေါ်မှ သေတ္တာကို တချက် လှမ်းကြည့်ယင်း....

'သေတ္တာထဲမှာ ပိုင်ပင်း ထည့်ထားတယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

ဖန်းကျုံစင်းသည် မဲ့ပြုံးတချက် ပြုံးလိုက်ပြီး-

'ဟုတ်တယ်'

ဆင့်ဆင့်အိသည် ရုတ်တရက် ပြုံးလိုက်ပြီး-

'ဒါဆို ချယ်ရီနီ သူခိုးဟာ အလကား နာမည်ကြီးနေတာ မဟုတ်ဘူးပေါ့'

ဖန်းကျုံစင်းသည် ပြုံးလျက်-

'ဒါပေါ့'

ဆင့်ဆင့်အိသည် ပြုံးနေရာမှ ရုတ်တရက် အေးစက်သော လေသံဖြင့်-

'သေတ္တာထားပြီး မင်းသွားနိုင်ပြီ'

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် နှာခေါင်းတချက် ရှုံ့လိုက်ပြီး-

'ခင်ဗျား ပြောတဲ့ စကားကို ကျုပ် နားထောင်ချင်ပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့ ဓားက နားမထောင်ဘူး'

ဟု ပြောယင်း ခါးမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

ထို့နောက် တဆက်တည်း ဆင့်ဆင့်အိအား ဓားချက် ခုနစ်ချက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ဆင့်ဆင့်အိသည် သူ၏ ခန္ဓာကိုယ်ကို ဗယ်ညာ ယိမ်း၍ ဓားချက် ခုနစ်ချက်ကို ရှောင်လိုက်လေသည်။

ဖန်းကျုံစင်းသည် သူ၏ ဓားချက် ခုနစ်ချက်ဖြင့် တိုက်ခိုက်လိုက်သော်လည်း ထိုဓားချက် ခုနစ်ချက်သည် ဆင့်ဆင့်အိ၏ အင်္ကျီစကိုပင် ထိခိုက်ခြင်း မရှိခဲ့ချေ။

ထို့ကြောင့် သူသည် မျက်မှောင်တချက် ကြုတ်လိုက်မိလေသည်။ ပြီးမှ....

'အင်း....ခင်ဗျားလဲ အလကား နာမည်ကြီးတာမဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။





ဆင့်ဆင့်အိသည် ပြုံးယင်း....

'ကဲပါ....သေတ္တာထားခဲ့ပြီး မင်းသွားတော့'

ဟု ထပ်မံပြောလိုက်လေသည်။

သို့သော်.... ဖန်းကျုံစင်းသည် အေးတိအေးစက်ဖြင့် ရယ်မောလိုက်ပြီး ....

'ကျုပ်ဓားက ခေါင်းသိပ်မာတယ်၊ ဘယ်သူ့စကားကိုမှ မလိုက်နာတတ်ဘူး'

ဟု ပြောလိုက်လေသည်။

ထို့နောက် တဆက်တည်း ဆင့်ဆင့်အိအား တိုက်ခိုက်လိုက်လေသည်။ ဖန်းကျုံစင်း၏ တိုက်ကွက်သည် ပိုကြမ်းလာသည်။ ပို၍ ဓားပညာအဆင့် မြင့်လာသည်။ ပို၍ အရှိန်ပြင်းလာလေသည်။

ထို့ကြောင့် ဆင့်ဆင့်အိ၏ ဆံပင်နှင့် အင်္ကျီစများ လှုပ်ခတ်၍ သွားလေသည်။

ဖန်းကျုံစင်း၏ဓားသည် လျှပ်ပြက်သကဲ့သို့ မြန်ဆန်သဖြင့် ဓား၏ အရိပ်ကိုသာ ဆင့်ဆင့်အိ မြင်တွေ့လိုက်ရပြီး ဓား၏ အငွေ့အသက်သည် သူ၏မျက်ခုံးမွေးအား ထိတွေ့လာသည်ဟု ခံစားလိုက်ရလေသည်။

သို့ဖြစ်၍လည်း ဆင့်ဆင့်အိသည် နောက်သို့ သုံးလေးလှမ်းမျှ ဆုတ်လိုက်ရလေသည်။

ဖန်းကျုံစင်းသည် ဆင့်ဆင့်အိ နောက်သို့ ခြေလှမ်း သုံးလေးလှမ်းမျှ ဆုတ်သွားသဖြင့် သူ၏မျက်နှာပေါ်တွင် အပြုံးတချက် ပေါ်ထွက်လာလေသည်။

သူသည် မဲ့ပြုံး ပြုံးယင်း သူ၏ ခန္ဓာကိုယ်ကြီးကို လေထဲ၌ တချက် ဝဲပျံလိုက်ပြီး သူ၏ခြေထောက်နှင့် မြေကြီး မထိတွေ့မီ လက်ထဲမှဓားကို တချက်ဝှေ့ယမ်းလိုက်လေသည်။

ဖန်းကျုံးစင်းသည် ဤနည်းဖြင့် ပြိုင်ဘက်များအား အနိုင်ယူခဲ့သည်ချည်း ဖြစ်သည်။

သို့သော် ယခုတကြိမ်၌ သူ၏ ဓားသည် ဆင့်ဆင့်အိအား ထိမှန်ခဲ့ခြင်း မရှိချေ။

'ထန်း'

သံသံချင်း ထိတွေ့သံ ပေါ်ထွက်လာသည်။

ဖန်းကျုံစင်း၏ ဓားသည် မည်သည့် အချိန်က ထုတ်ယူလိုက်မှန်း မသိသည့် ဆင့်ဆင့်အိ၏ ဓားကို သာလျှင် ခုတ်မိခဲ့လေသည်။

ထို့ကြောင့် ဖန်ကျုံစင်းသည် မျက်နှာတချက် ပျက်သွားပြီး ရုတ်တရက် သူ၏ ခန္ဓာကို တပတ် လှည့်ကာ ဓားဖြင့် ဆင့်ဆင့်အိ ဝမ်းဗိုက်သို့ နောက်ပြန် ထိုးခုတ်လိုက်လေသည်။

ဤနည်းသည် အမှတ်မထင် တိုက်ခိုက်လိုက်သော တိုက်ကွက်ပင် ဖြစ်ပါသည်။

သို့သော် သူ၏ ဓားသည် ဆင့်ဆင့်အိ ဝမ်းဗိုက်အစား လေကိုသာ ထိုးမိခဲ့လေသည်။

ဆင့်ဆင့်အိသည် ဖန်းကျုံစင်း ရုတ်တရက် ဓားဖြင့် ထိုးလိုက်သည်နှင့် သူ၏ ခန္ဓာကိုယ်ကို ဖန်းကျုံစင်း ဦးခေါင်းပေါ်မှ ကျော်ကာ လေထဲ၌ တပတ်ကျွမ်း ပစ်ကာ ရှောင်တိမ်းခဲ့လေသည်။





ဖန်းကျုံစင်းသည် မျက်မှောင် ကြုတ်ယင်း နောက်ထပ် ဓားချက် ခုနစ်ချက်ဖြင့် ဆက်တိုက် တရကြမ်း တိုက်ခိုက် လိုက်လေသည်။

သို့သော်.... သူ၏ ဓားချက် အားလုံးသည် ဆင့်ဆင့်အိ၏ ဓားချက် အောက်၌ ပျောက်ကွယ်သွားခဲ့လေသည်။

ထို့နောက် တဆက်တည်း ဆင့်ဆင့်အိ၏ ဓားရောင်များသည် သူ၏ ခန္ဓာကိုယ်ကို ဝန်းရံနေကြောင်း ဖန်းကျုံစင်း သိလိုက်ရလေသည်။

ထို့ကြောင့် ဖန်းကျုံစင်းသည် စိတ်ထဲ၌ တုန်လှုပ်၍ သွားလေသည်။ သူသည် ရုတ်တရက် ဆုံးဖြတ်ချက်တခုကို ချလိုက်ပြီး ဆင့်ဆင့်အိ၏ ဓားစက်ဝိုင်း ကြားမှ ထိုးထွက် လိုက်လေသည်။

ထို့နောက် တဆက်တည်းမှာပင် သူ၏ လက်ထဲမှ ဓားကို မြင်းလှည်းပေါ်ရှိ သေတ္တာထံသို့ ပစ်လွှတ်လိုက်လေသည်။

ဆင့်ဆင့်အိသည် ရုတ်တရက်ကြောင်သွားပြီးမှ ချက်ချင်းပင် သူ၏ ခန္ဓာကိုယ်ကို နောက်သို့ လှည့်လိုက်ပြီး ရွှေငါး လှိုင်းဖြတ်ကူး သိုင်းကွက် ဖြင့် လက်ထဲမှ ဓားကို ပစ်လွှတ် လိုက်လေသည်။

'တိန်း' ဟူသော အသံအယင်ပေါ်ထွက်လာပြီးဆင့်ဆင့်အိ၏ ဓားသည် ဖန်းကျုံစင်း၏ ဓားကို ထိမိလေသည်။ ထို့နောက်....

'ဒုတ်....ဒုတ်....'

ဟူသော အသံနှင့် အတူ ဓားနှစ်ချောင်း သည် မြင်းလှည်း၏ နံရံကို ထုတ်ချင်းပေါက် စိုက်ဝင် သွားလေတော့သည်။

ထိုဓားနှစ်လက်စလုံးသည် ပိုင်ပင်းထည့်ထားသော သေတ္တာနှင့် လက်မ အနည်းငယ်သာ ကွာဝေးသော နေရာ၌ စိုက်မိခြင်း ဖြစ်သည်။

ဖန်းကျုံစင်းသည် ညောင်ပင်တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီ ဖြစ်လေတော့သည်။

အကယ်၍သာ ဆင့်ဆင့်အိသည် သူ၏ ရွှေငါးလှိုင်းဖြတ်ကူးဓားသိုင်းကွက်ကို မသုံးခဲ့လျှင် ဖန်းကျုံစင်း ယခုကဲ့သို့ ထွက်ပြေးနိုင်မည် မဟုတ်ပါ။ ပိုင်ပင်းလည်း အသက်ရှည်နိုင်မည် မဟုတ်ပါ။

ပိုင်ပင်း၏ အသက်သည် ဖန်းကျုံစင်း လွတ်မြောက်သွားခြင်းထက် အရေးကြီးသည် မဟုတ်ပါလော။

× × ×

ဆင့်ဆင့်အိသည် ဓားနှစ်လက်ကိုဆွဲ၍ နှုတ်ယူလိုက်သည်။ ပြီးမှ ဖန်းကျုံစင်း၏ ဓားကို လွှင့်ပစ်လိုက်သည်။ ထို့နောက် သူ၏ ဓားကို ဓားအိမ်ထဲသို့ ပြန်၍သိမ်းယင်း ဖန်းကျုံစင်း ပျောက်ကွယ်သွားရာ ညောင်ပင် တောအုပ်ဘက်သို့ တချက် လှမ်း၍ ကြည့်လိုက်သည်။





သူ၏ မျက်နှာပေါ်တွင် မဲ့ပြုံးကလေးတချက် ပေါ်လာလေသည်။ ပြီးမှသူသည် သေတ္တာမှသော့ကိုရိုက်ချိုးလိုက်ပြီး သေတ္တာအဖုံးကို ဖွင့်လိုက်လေသည်။

သေတ္တာထဲ၌ ပိုင်ပင်းသည် ခွေလျက်သား ရှိနေလေသည်။ သူမသည် လုံးဝ လှုပ်ရှားမှု မရှိချေ။ ဆင့်ဆင့်အိသည် ရုတ်တရက် စိတ်ပူသွားပြီ ...

သူမအား သေတ္တာထဲမှ ပွေ့ချီ၍ ထုတ်ယူကာ မြင်းလှည်းဘေး၌ ချထားလိုက်လေသည်။

ပြီးမှ ဆင့်ဆင့်အိသည် ပိုင်ပင်းတယောက် သွေးကြောပိတ်ခံထားရမှန်း သိရသဖြင့် စိတ်သက်သာရာရကာ သက်ပြင်းတချက်ကို မှုတ်ထုတ်လိုက်လေသည်။ ထို့နောက် သူ၏ ဗယ်လက်ဖြင့် ပိုင်ပင်း၏ ပိတ်ခံရသော သွေးကြောကို ဖွင့်ပေးလိုက်လေတော့သည်။

× × ×

ပိုင်ပင်းသည် မျက်ခွံများ လှုပ်ရှားလာသည်။ သူမ၏ မျက်ခွံများသည် တဖြည်းဖြည်း ပွင့်လာသည်။ ဆင့်ဆင့်အိသည် နှစ်ခြိုက်စွာပြုံးယင်း....

'ပိုင်ပင်း....ပိုင်ပင်း'

ဟု ခေါ်လိုက်သည်။

ပိုင်ပင်းသည် အတန်ကြာမျှ ငေးကြောင်၍နေပြီး ရုတ်တရက်

'အစ်ကို'

ဟု ခေါ်လိုက်လေသည်။

ဆင့်ဆင့်အိသည် သူမအား ထူမ ပေးယင်း....

'ညီမ သတိရပြီလား'

ဟု မေးလိုက်သည်။

ပိုင်ပင်းသည် သူမ၏ ဦးခေါင်းကို လေးတွဲ့စွာ ညိတ်ယင်း-

'အင်း....'

ဟု ဖြေလိုက်လေသည်။

ဆင့်ဆင့်အိသည် ပြုံးလျက်....

'ဘယ်လိုဖြစ်တာလဲ'

ဟု မေးလိုက်သည်။

'မုရုံကုဖန်က ကျွန်မကို နောက်ဘက်အခန်းလေးထဲ ခေါ်သွားတယ်၊ နောက်တော့ ကျွန်မလဲ သတိမရတော့ဘူး'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ဩော်....လက်စသတ်တော့ မုရုံကုဖန်ကိုး'

ဟု ရေရွတ်လိုက်လေသည်။

ပိုင်ပင်းသည် ဆင့်ဆင့်အိ၏စကားကို နားမလည်ဟန်ဖြင့်....

'မုရုံကုဖန် ဘာဖြစ်လို့လဲ'





ဆင့်ဆင့်အိသည် တချက်ပြုံးယင်း—

'ချယ်ရီနီသူခိုးဟာ မုရုံကုဖန်ပေါ့'

ဟု ပြောတာ ပိုင်ပင်းကို ထူမပေးလိုက်သည်။

ပိုင်ပင်းသည် ပတ်ဝန်းကျင်ကို တချက်ကြည့်ယင်း....

'ကျွန်မ ဘယ်နေရာ ရောက်နေတာလဲ'

'ပျော်စရာ သစ်တောကျေးရွာရဲ့ အရှေ့ဘက် ညောပင်တောပေါ့'

ပိုင်ပင်းသည် မျက်မှောင်ကြုတ်ယင်း....

'ဘာဖြစ်လို့ ကျွန်မ ရောက်နေတာလဲ'

'ချယ်ရီနီသူခိုးက ခိုးလာလို့ပေါ့'

ယင်းစကားကြောင့် ပိုင်ပင်း၏ ခန္ဓာကိုယ်သည် တချက်တုန်လှုပ်သွားပြီး....

'ဒါ....ဒါဖြင့် မုရုံကုဖန်ဟာ ချယ်ရီနီသူခိုးပေါ့'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်ယင်း....

'ဒါကြောင့် ချယ်ရီနီသူခိုးဟာ မုရုံကုဖန်လို့ ပြောတာပေါ့'

ပိုင်ပင်းသည် သက်ပြင်းကလေးတချက် ချလိုက်ပြီး....

'အဖေရော'

'ရက်ဝှာစွမ်း တည်းခိုခန်းမှာပေါ့'

ပိုင်ပင်းသည် နှုတ်ခမ်းတချက် စူလိုက်ပြီး....

'သူက သမီးတယောက်လုံး ပါသွားတာတောင် ဘာလို့ လိုက်မလာတာလဲ'

ဆင့်ဆင့်အိသည် ပြုံးလိုက်ပြီး....

'အစ်ကိုက ဒီမှာ လာပြီး ကြိုစောင့်နေတာ'

ဟု ပြောလိုက်လေသည်။ ပြီးမှ....

'ကဲပါ....တို့ပြန်ကြရအောင်'

ဟု ပြောယင်း ပိုင်ပင်းကို မြင်းလှည်းပေါ် တင်လိုက်လေသည်။ ထို့နောက် မြင်းလှည်း တံခါးကို ပိတ်လိုက်ပြီး မြင်းလှည်း မောင်းသည့် နေရာသို့ တက်လိုက်လေသည်။

ပြီးမှ မြင်းဇက်ကြိုးကို ဆွဲပြီး မြင်းလှည်းကို စတင်မောင်းနှင်လိုက်လေသည်။

ပျော်စရာ သစ်တောကျေးရွာမှ ထွက်လာသော မြင်းလှည်းသည် ယခု ပျော်စရာသစ်တောကျေးရွာသို့ ဦးတည်၍ ထွက်ခွာသွားပြီ ဖြစ်လေသည်။

မြင်းလှည်း ထွက်ခွာသွား၍ အဝေးသို့ ရောက်ရှိချိန်၌ ညောင်ပင် တောအုပ်ထဲမှ လူတယောက် ထွက်လာလေသည်။

ထိုလူသည် ဖုံလုစုံပင် ဖြစ်ပါသည်။ သူသည် မြင်းလှည်းကို ကြည့်ယင်း....

'အင်း....ထူးတော့ တူးဆန်းနေတာပဲ'

ဟု ရေရွတ်လိုက်လေတော့သည်။

× × ×





အေးစက်သော လေသည် တဟူးဟူး တိုက်ခတ်၍ နေသည်။

ဖုံလုစုံ၏ အင်္ကျီစသည် လေထဲ၌ လွင့်၍ နေသည်။

လေသည် ဖုံလုစုံ၏ အင်္ကျီစကို တိုက်ခတ် နိုင်သော်လည်း သူ၏ မျက်မှောင်ကြုတ်ခြင်းကို တိုက်ခတ်နိုင်ခြင်း မရှိချေ။

သူသည် အဝေးသို့ ရောက်ရှိသွားပြီဖြစ်သော မြင်းလှည်းကို မျက်စိတဆုံး ကြည့်နေလေသည်။ သူသည် ယင်းသို့ကြည့်ယင်း သူ၏ ဦးခေါင်းကို ခါယမ်းကာ....

'ထူးဆန်းတယ်....သိပ်ကို ထူးဆန်းတယ်'

ဟု တကိုယ်တည်း ရေရွတ်နေလေသည်။

ယင်းသို့ သူ၏ထူးဆန်းနေသည်ဟု ခံစားရသည်မှာ ဖန်းကျုံစင်း၊ ပိုင်လိုရိ၊ ပိုင်ပင်းနှင့် ဆင့်ဆင့်အိတို့ကို စတင်တွေ့ကတည်းက ဖြစ်ပါသည်။

အဘယ်ကြောင့် ယင်းသို့ ခံစားခဲ့ရသည် ဆိုသည်ကိုတော့ သူ ရှင်းမပြတတ်ချေ။

ဖန်းကျုံစင်း၏ လှုပ်ရှားမှုများသည် သူ့ကို စတင်၍ စိတ်ဝင်စားစေခဲ့သည်။

ထို့ပြင် ဤမျှ ဓားရေး ကျွမ်းကျင်သော ဖန်းကျုံစင်းသည် မုရုံကုဖန်၏ လက်အောက်ငယ်သားအဖြစ် ရှိနေခြင်းက မုရုံကုဖန် အပေါ် သင်္ကာမကင်း ဖြစ်လာစေခဲ့သည်။

ထို့ပြင် သိုင်းလောကသို့နာမည်ကျော်သည်ဆိုသော ဆင့်ဆင့်အိ၏လှုပ်ရှားမှုသည် သူ့အတွက် သံသယ ဖြစ်လာစေသည်။

နောက်ဆုံး ရွှေယဉ်စွမ်းမှထွက်ခွာလာသောအခါ ပိုင်ပင်း၏ လှုပ်ရှားမှုများသည် သူ၏ စိတ်၌ မယုံသင်္ကာ ဖြစ်လာစေသည်။

သို့သော် ခိုင်လုံသော အကြောင်းပြချက်မျိုး သူ့တွင် မရှိပဲ စိတ်ထဲမှသာ ထူးဆန်းနေသည်ဟု ခံစားခဲ့မိခြင်းပင် ဖြစ်ပါသည်။

ထို့ပြင် သူ၏ စိတ်၌ ပို၍စိတ်ဝင်စားစေသည်မှာ သူ၏လက်ရွေးစင် သိုင်းသမားတဦးက လာရောက်ပေးပို့သော သတင်းပင် ဖြစ်ပါသည်။

ထိုသတင်းမှာ ဖန်းကျုံစင်းသည် သေတ္တာတလုံးကို လှေဖြင့် သယ်ဆောင်သွားသည်ဟူသော သတင်းပင် ဖြစ်ပါသည်။

ဖုံလုစုံသည် သူ၏ လူများကို ခွဲလျက် သူ မသင်္ကာသော လူများ၏ လှုပ်ရှားမှုတိုင်းကို စောင့်ကြည့် ခိုင်းခဲ့သည်။

ထို့ကြောင့် ဖန်းကျုံစင်း၏ လှုပ်ရှားမှု သတင်းကို သူ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သူသည် ဖန်းကျုံစင်း ထွက်ခွာနိုင်မည့် လမ်းကို စဉ်းစားခဲ့သည်။

သို့ဖြစ်၍လည်း သူသည် ဖန်းကျုံစင်း ထွက်ခွာ နိုင်မည့် လမ်းကို ချက်ချင်း စဉ်းစားမိခဲ့သည်၊ ထိုအချိန်တွင် ရေကန်၏ တဘက်၌ မသင်္ကာစရာမြင်းလှည်းတစီးသည် အတန်ကြာအောင် ရပ်တန့်နေကြောင်း သူ၏ သိုင်းသမားတယောက်ထံမှ သတင်း ရရှိခဲ့လေသည်။

သို့သော် သူသည် ဘာမျှမတတ်နိုင်ချေ။ ဤနေရာ၌ သူသည် စုံစမ်းရုံသာ စုံစမ်းရမည် မဟုတ်ပါလော။ ထို့ကြောင့် ဖန်းကျုံ





စင်းအား လိုက်၍ပို့ခဲ့သော လှေသမားကိုစုံစမ်းခဲ့သည်။ သို့သော် လှေသမားသည် မိမိကိုယ်မိမိ နှုတ်ပိတ်ခဲ့လေသည်။

သို့ဖြစ်၍ သူသည် တဘက်ကမ်းသို့လိုက်သွားပြီး မြင်းလှည်း နောက်မှ နောက်ယောင်ခံ လိုက်ခဲ့သည်။ မြင်းလှည်းသည် ပထမတွင် ခပ်မှန်မှန် ပြေးလွှား၍ ညောင်ပင် တောစပ်တွင် မြင်းလှည်းကို သူ မီခဲ့သည်။

သို့သော် ယင်းညောင်ပင် တောစပ်မှ စ၍ မြင်းလှည်းသည် တရကြမ်း မောင်းနှင်သဖြင့်....

ဖုံလုစုံသည် မြင်းလှည်းကို မမီတော့ချေ။ ထို့ကြောင့် အနီးဆုံး မြင်းဇောင်းမှ မြင်းတကောင်အား ဆွဲယူပြီး မြင်းလှည်း နောက်လို့ လိုက်ပါခဲ့လေသည်။

သို့သော် သူ ရောက်ရှိသောအခါ ဖန်းကျုံစင်းနှင့် ဆင့်ဆင့်အိတို့ တိုက်ခိုက်နေသည်ကို တွေ့ရလေသည်။

ထို့ကြောင့် သူသည် အသာအယာပင် ညောင်မုတ်ဆိတ် တောထဲ၌ ပုန်း၍ စောင့်ကြည့်နေခဲ့လေသည်။

ထို့ပြင် ယခု မြင်တွေ့ရသော ဆင့်ဆင့်အိသည် သူမြင်တွေ့ ခဲ့ရသောဆင့်ဆင့်အိနှင့်မတူပဲ ထူးခြားနေသည်ဟု ထင်မိသည်။ သို့တိုင်အောင် သူသည် ဘာကိုမျှ တိတိကျကျ အဖြေရှာ၍ မရချေ။ ထို့ကြောင့် သက်ပြင်းတချက်ချယင်း....

'ထူးဆန်းတယ်....သိပ်ကိုထူးဆန်းတယ်'

ဟု ရေရွတ်နေမိခြင်းပင် ဖြစ်သည်။

ထိုစဉ် သူသည် တစုံတရာအား သတိရရှိလိုက်လေသည်။

ထို့ကြောင့် သူသည် မုရုံကန်းအား သည်အတိုင်း ထားပစ်ခဲ့သည် မဟုတ်ပါလော။ မုရုံကန်းသည် ယခုတိုင် လဲနေဆဲဖြစ်သည်။ ထို့ကြောင့် မုရုံကန်း၏ လက်သည်းကြားမှ အဆိပ်ကို အယင်ထုတ်ယူပြီး မုရုံကန်းအား မေးမြန်းရန် စိတ်ကူးမိသည်။

သို့ဖြစ်၍... ဖုံလုံစုံသည် မုရုံကန်း ရှိရာသို့ တဖြည်းဖြည်း လျှောက်လာလေသည်။ သို့သော် မုရုံကန်း၏ မျက်နှာအား တွေ့မြင်လိုက်သည်နှင့် တပြိုင်တည်း ဖုံလုံစုံသည် မိမိ နောက်ကျခဲ့ပြီဟု သိလိုက်လေတော့သည်။

အကြောင်းမှာ မုရုံကန်း၏ မျက်နှာသည် ညိုမည်းနေပြီး သူ၏နှုတ်ခမ်းထောင့်စွန်း၌ သွေးစများ စွန်းနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

× × ×

ဖန်းကျုံစင်းသည် ပြေးနေ၏။

သူသည် ညောင်ပင် တောအုပ်အတွင်း၌ မရပ်မနား ပြေးနေသည်။





အတန်ကြာမှ သူသည် ညောင်မုတ်ဆိတ်ပင် တပင်၏ ခြေရင်း၌ နားလိုက်သည်။

ထိုစဉ် သူ၏စိတ်သည် မုရုံကုဖန်ထံသို့ ရောက်ရှိသွားလေသည်။

ထို့ပြင် တဆက်တည်း ပျော်စရာသစ်တော၌ ဘာတွေဖြစ်ကုန်သနည်း။

မုရုံကုဖန်ရော မည်သို့ ဖြစ်သွားပြီနည်း။ ဆင့်ဆင့်အိသည် အဘယ်ကြောင့် သူ့အား ကြို၍စောင့်နေသနည်း။

ပိုင်ပင်း အတုမှန်း မည်သည့် အချိန်၌ သူတို့ သိရှိသွားသနည်း။

မုရုံကုဖန်၏ အစီအစဉ်သည် မည်သည့်နေရာ၌ ချွတ်ယွင်းသွားသနည်း။

ဟူသော အတွေးများသည် သူ၏ဦးနှောက်ထဲသို့ အစီအရီ ဝင်ရောက်လာလေသည်။ သို့သော် သူသည် မည်သို့မျှ စဉ်းစား၍ မရချေ။

သူသည် မွေးကတည်းက တခါမှ ယခုလောက် စိတ်ရှုပ်ထွေးခြင်း မဖြစ်ခဲ့ဖူးချေ။

တွမ်ထန်ပေါင်ကို သတ်ခဲ့စဉ်ကလည်း ယခုလောက် စိတ်မရှုပ်ထွေးခဲ့ပါ။ ယခုမူ သူ၏စိတ်သည် ရှုပ်ထွေးနေပြီး မည်သို့မျှ စဉ်းစား၍ မရနိုင်ချေ။

ထို့ကြောင့် သူသည် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းရှည်တချက်ကိုသာ မှုတ်ထုတ်လိုက်လေတော့သည်။

× × ×

ငေ

ဝေ့

ကျ ညဥ့်သည် ပို၍ နက်လာ၏။

နှင်းလေသည် တဟူးဟူး တိုက်ခတ်နေ၏။

သူ ဖုံလုံးသည် မုရိုကန်း၏ အလောင်းကို အတန်ကြာအောင် လိုက်ကြည့်နေသည်။ တကယ်တော့ သူသည်မုရိုကန်း၏အလောင်းကို စိုက်ကြည့်နေခြင်း မဟုတ်ပါ။ တစုံတခုအား အလေးအနက်ထား၍ စဉ်းစားနေခြင်းသာ ဖြစ်ပေသည်။

သူသည် အတန်ကြာအောင်ပင် မျက်မှောင်ကြုတ်၍စဉ်းစားနေသည်။ ပြီးမှ မဲ့ပြုံးကလေး တကိုယ်တည်း ပြုံးလိုက်လေသည်။ သူ၏ ကြုတ်ထားသော မျက်မှောင်သည်လည်း ပြေသွားပြီဖြစ်သည်။ အဖြစ်အပျက် အားလုံးသည် သူ မထင်မှတ်သော အကြောင်းအရာများပင် ဖြစ်နေသည်။

မုရိုကုဖန်သည် ချယ်ရီနီသူခိုး ဖြစ်လိမ့်မည်ဟု မည်သူမျှထင်မှတ်မည် မဟုတ်ချေ။ ထို့ကြောင့်လည်း သူသည် ချယ်ရီနီသူခိုးမှာ မုရိုကုဖန် ဖြစ်သည်ဟူ မစဉ်းစားမိခဲ့ချေ။





သို့သော် ယခု ဤအချက်ကို သူသည် သဘောပေါက် နားလည်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် မုရိုကုဖန်သည် ချယ်ရီနီသူခိုး ဖြစ်မည် ဟူသော အချက်ကို သဘောပေါက်သည်နှင့် တခြားကိစ္စရပ်များကို နားလည်ရန် မခက်တော့ချေ။

သို့သော် ယခု ဘာလုပ်ရမည်ကို မသိသေးချေ။

## ထွက်ပြေးခြင်း

မြင်းလှည်းတစီးသည် အပြင်း မောင်းနှင်လာသည်။

ထို့နောက် ယင်းမြင်းလှည်းသည် ရက်ဝ္ဘာစွမ်း တည်းခိုခန်း ရှေ့၌ ရပ်တန့်လိုက်လေသည်။ မြင်းလှည်း ရပ်တန့် သွားသည်နှင့်တပြိုင်တည်း ဆင့်ဆင့်အိသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး မြင်းလှည်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

မြင်းလှည်းတံခါး ပွင့်သွားသည်နှင့် မြင်းလှည်းထဲမှပိုင်ပင်း ထွက်လာလေသည်။ ရက်ဝ္ဘာစွမ်း တည်းခိုခန်း တံခါးဝ၌ ရပ်နေသော ပိုင်လိုရိ၏ ကိုယ်ရံတော် နှစ်ယောက်သည် ဆင့်ဆင့်အိနှင့် ပိုင်ပင်းအား အံ့သြစွာ ငေး၍ ကြည့်နေမိသည်။





ဆင့်ဆင့်အိသည် ထို ကိုယ်ရံတော် နှစ် ယောက်အား—

'ဒီမှာ ဘာဖြစ်သေးသလဲ'

ဟု မေးလိုက်လေသည်။

ကိုယ်ရံတော်နှစ်ယောက်သည် သူတို့နှစ်ဦးအား အံ့သြစွာ ငေးမော ကြည့်နေရာမှ ရုတ်တရက် အမေး ခံလိုက်ရသဖြင့် ရုတ်တရက် မည်သို့ ဖြေရမှန်း မသိပဲ ထစ်ထစ်ငေါ့ငေါ့ဖြင့်....

'ဘာ- ဘာ- မှ- မ- မ ဖြစ်ပါဘူး'

ဟု ဖြေလိုက်လေသည်။

ဆင့်ဆင့်အိသည် ကိုယ်ရံတော် နှစ်ယောက် ငေးကြောင်နေသည်ကို ရိပ်မိသဖြင့် တချက်ပြုံးလိုက်ပြီး....

'တံခါး ပိတ်ထားလိုက်၊ ပြီးတော့ ဘယ်သူမှ ဝင်ခွင့်မပြုနဲ့'

ဟုမှာကြားလိုက်ပြီး ရက်ဝ္ဘာစွမ်း တည်းခိုခန်းထဲသို့ ဝင်ရောက်သွားလေတော့သည်။

ပိုင်လိုရိ၏ ကိုယ်ရံတော် နှစ်ယောက်သည် ဆင့်ဆင့်အိနှင့် ပိုင်ပင်းတို့ နှစ်ယောက် မည်သည့် အချိန်က တည်းခိုခန်းမှ ထွက်ခွာသွားသနည်း ဟူသော အဖြေကို ရှာယင်း ကျန်ရစ်ခဲ့လေတော့သည်။

× × ×

ပိုင်လိုရိသည် ငေး၍ ကြည့်နေသည်။

သူသည် တည်းခိုခန်းထဲသို့ ဝင်ရောက် လာကြသော ပိုင်ပင်းနှင့် ဆင့်ဆင့်အိတို့အား အံ့သြစွာ ငေးမော၍ ကြည့်နေခြင်းပင် ဖြစ်ပါသည်။ အတန်ကြာမှ သူသည် ပိုင်ပင်းအား....

'မင်း မင်း ပိုင်ပင်း အစစ်နော်'

ဟု မေးလိုက်လေသည်။

ပိုင်ပင်းသည် ရုတ်တရက် ငေးကြောင် သွားပြီး သူမ၏ ဖခင်အား စိုက်၍ ကြည့်ကာ....

'အဖေ အဖေ ဘာဖြစ်နေတာလဲ'

ဟု မေးလိုက်လေသည်။

ပိုင်လိုရိသည် ရုတ်တရက် အားပါးတရ ရယ်မောလိုက်ပြီး-

'ကောင်းတယ် ကောင်းတယ် သိပ်ကောင်းတယ်'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် သူမ ဖခင်၏ စကားကို နားမလည်ဟန်ဖြင့်-

'အဖေ ဘာကောင်းတာ....'

သူမ၏ စကား မဆုံးပါ။ သူမသည် စကားကို ဆုံးအောင် မပြောနိုင်ပဲ အံ့ဩဟန်ဖြင့် ပိုင်လိုရိ၏ နောက်သို့ မျက်လုံးမှုး၍ ကြည့်နေလေတော့သည်။

အဘယ့်ကြောင့်ဆိုသော် သူမသည် အတွင်းခန်းထဲမှ ထွက်လာသော ဆင့်ဆင့်အိကိုမြင်တွေ့လိုက်ရသောကြောင့်ပင်တည်း။

သူမသည် သူမ၏နောက်ဘက်၌ရပ်နေသော ဆင့်ဆင့်အိအား တလှည့်၊ အခန်းထဲမှ ထွက်လာသော ဆင့်ဆင့်အိအား တလှည့် ကြည့်ယင်း မယုံနိုင်အောင်ပင် ဖြစ်နေလေတော့သည်။

ဆင့်ဆင့်အိသည် နှစ်ကိုယ်ခွဲနိုင်သည်ဆိုလျှင် ပုံပြင် ဖြစ်ပေလိမ့်မည်။





သို့သော်....ယခု ပုံပြင်မဟုတ်ပါ။ ဆင့်ဆင့်အိ နှစ်ယောက် ဖြစ်နေပေသည်။ ဆင့်ဆင့်အိ၌ အမြွှာညီအစ်ကို ရှိသည်ဟုလည်း သူ တခါမျှ မကြားဖူးခဲ့ချေ။

ယခု ဆင့်ဆင့်အိ နှစ်ယောက်သည် ခွဲမရအောင် တူညီနေသည်။

သို့သော် ဆင့်ဆင့်အိ နှစ်ယောက်သည် မတူညီသော နေရာရှိနေပေသည်။ ပိုင်ပင်း၏ နောက်၌ ရပ်နေသော ဆင့်ဆင့်အိ၏ မျက်လုံးများသည် ပို၍ တောက်ပသည်။

× × ×

ပိုင်လိုရိသည် အားရပါးရ ရယ်မောယင်း ပိုင်ပင်း၏လက်ကို ဆွဲကိုင်လိုက်ပြီး....

'အင်မတန်ကောင်းတဲ့ လှည့်ကွက်ပဲ'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် ဘာမျှ နားမလည်ဟန်ဖြင့် မျက်လုံးကလေး မှုးကာ သူမ၏ ဖခင်အား ကြည့်နေလေသည်။ ပိုင်လိုရိသည် ပိုင်ပင်း နားမလည်ကြောင်း သိသဖြင့် သူမ၏ပခုံးကို ပုတ်လျက်-

'တော်ကြာ မင်း နားလည်လာလိမ့်မယ်၊ အခုတော့ အဖေတို့ သမီးအခန်းကိုသွားပြီး ပိုင်ပင်းအတုကို ဖမ်းရအောင်' ဟု ပြောလိုက်လေသည်။

ပိုင်ပင်း၏ မျက်လုံးသည် ပို၍ ပြူးကျယ်သွားပြီး၊ အလွန် အမင်း အံ့ဩဟန်ဖြင့်....

'ရှင်....ပိုင်ပင်းအတု....ဟုတ်လား'

ပိုင်လိုရိသည် သူ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်လေသည်။

ပိုင်ပင်းသည် အရာရာကို ဘာမျှ နားမလည်နိုင်ဟန်ဖြင့် သက်ပြင်းရှည်တချက် မှုတ်ထုတ်လိုက်လေတော့သည်။

× × ×

တံခါးကို အထဲမှတင်းကျပ်စွာ မင်းတုပ်ချထားသော်လည်း ပိုင်လိုရိကိုမူ မတားဆီးနိုင်ပေ။

လက်သီး တချက် တည်းဖြင့်ပင် တံခါး ပွင့်သွားစေ၏။ သို့သော် ပိုင်ပင်း အတု အခန်းထဲတွင် ရှိမနေတော့ပေ။ ဝတ်စုံကိုသာ မြင်ရ၏။ ပိုင်လိုရိက မအံ့ဩသော်လည်း တံခါးလုံသော အခန်းမှ ပိုင်ပင်း အတု မည်သို့ ထွက်ပြေးသွားနိုင်သတည်း။ စဉ်းစား၍ မရချေ။

အခန်းထဲ၌ လျှို့ဝှက်သော နေရာများ ရှိနေမလား။





အခန်းထဲသို့ သေသေ ချာချာ တခေါက် ပြန်ကြည့်သော်လည်း ထူးခြားမှုမရှိ။ သူသည် နှစ်ခြိုက်စွာ ရယ်မောယင်း....

'မုချကုဖန်ဟာ တကယ်တော်တာပဲ'

- ဟု ပြောလိုက်လေသည်။

ပိုင်ပင်းက ကြားဖြတ်ကာ

'အဖေ သူက....'

ပိုင်လိုရိက....

'သူက ချယ်ရီနီ သူခိုးပဲ'

ပြောယင်း နှစ်ခြိုက်စွာ ရယ်လျက်....

'အခုထိသာ နားမလည်ယင် ငါတော့ အရူးဖြစ်မှာပဲ'

ပိုင်လိုရိအနား၌ တချိန်လုံးရှိနေသော ဆင့်ဆင့်အိက မဲ့ပြုံး ပြုံးကာ....

'ပိုင်သခင်ကြီးက အရူးမဟုတ်ဘူး၊တကယ်ရူးတာကကျုပ်ပဲ၊ ကျုပ် အခုထိ နားမလည်သေးဘူး'

ပိုင်လိုရိက တဟားဟား ရယ်ယင်း ဆင့်ဆင့်အိ၏ ပုခုံးကို ပုတ်ကာ....

'ရွှေယဉ်စွမ်း အပြင်မှာ ပေါ်လာတဲ့ သူခိုးက ချယ်ရီနီသူခိုး အစစ် မဟုတ်ဘူး၊ လှည့်ကွက်တခုပဲ'

'လှည့်ကွက်'

ဆင့်ဆင့်အိက နားမလည်သေးဟန်ဖြင့် သံယောင်လိုက်၏။

'ရွှေအသံပေးပြီး နောက်က တိုက်တာမဟုတ်ဘူး၊ ကျားသုံးကောင်ကို တောင်ကခွာအောင် မျှားခေါ်လိုက်တာ'

'ပိုင်သခင်ကြီးနဲ့၊ ကျုပ်နဲ့၊ ဖိုလုစုံကိုလား'

'ဟုတ်တယ်၊ တို့ထွက်သွားတာနဲ့ မုရုံကုဖန်က သမီးကို ဖမ်းချုပ်ပြီး လူချင်း လဲလိုက်တာပဲ'

ပိုင်ပင်းက ကြားဖြတ်ကာ....

'သူက ရုတ်တရက် ကျွန်မရဲ့ သွေးကြောကို ပိတ်လိုက်တာ၊ 'သူ ဒီလိုလုပ်မယ်လို့ လုံးဝ မစဉ်းစားမိဘူး'

ပိုင်လိုရိက....

'ဘယ်သူက စဉ်းစားမိမှာလဲ'

ထို ဆင့်ဆင့်အိက....

'နောက်ပိုင်း သူက အခန်းထဲကို သူခိုးဝင်လာတယ်လို့ တို့ကို ဟန်ဆောင်ပြသေးတယ်'

ပိုင်လိုရိက....

'သူက မီးရောင် မှိန်လိုက်တော့ လူချင်း လဲထားတာ သိပ်မသဲကွဲတော့ဘူးပေါ့၊ လူချင်းလဲဖို့လဲ အားလုံး စီစဉ်ပြီးသားပဲ၊ ပိုင်ပင်းအတု စီစဉ်ထားပြီးသားဆိုတာ ထင်ရှားတယ်'

'အစီအစဉ်က စေ့စပ် သေချာသလောက် သူခိုး ပီသတယ်'

ပိုင်လိုရိ မဲ့လိုက်ကာ ဆင့်ဆင့်အိဘက်သို့ လှည့်ပြီး....

'မင်းသာ မြင်းလှည်းကို အချိန်မီ မတားယင် ငါမနက်တံခါးခေါက်ပြီး ပိုင်ပင်းကို မတွေ့တော့မှ အခန်းထဲက ခိုးသွားတယ်ထင်ပြီး ဒီမှာပဲ ရှာနေမှာပဲ'

ဆင့်ဆင့်အိက အံ့သြဟန်ဖြင့်....

'အစ်ကို မနေ့က ပိုင်ပင်းအစစ် မဟုတ်မှန်း မသိဘူးလား'

'မသိဘူး'

ပိုင်လိုရိက တအောင့်ကြာမှ—





'မုရုံကုဖန် ဘေးမှာ ပြိုင်ဘက်ကင်းတဲ့ ထိပ်တန်း ရုပ်ဖျက်သမားတယောက် ရှိမှာပဲ'

ဆင့်ဆင့်အိက....

'အစ်ကိုနဲ့ ယှဉ်လိုက်ယင် ဘယ်လိုနေလဲ'

ပိုင်လိုရိ မဲ့ပြုံး ပြုံးကာ....

'ငါ မင်းကို ပြောခဲ့တဲ့ ဟိုတမျိုးလေ၊ တကယ်တမ်း ပြောရယင် ရုပ်ဖျက်ပညာလို့ မခေါ်နိုင်ဘူး'

ဆင့်ဆင့်အိက....

'ဘာပဲဖြစ်ဖြစ်လေ....၊ ကျုပ်လို လူမျိုး နောက်တယောက်ဖန်တီးထားတာ မုရုံကုဖန်နဲ့ ဖုံလုစုံလို ထိပ်တန်း သိုင်းသမားတောင် မရိပ်မိဘူး'

ပိုင်လိုရိက ရယ်မောလိုက်ကာ....

'မုရုံကုဖန်က မရိပ်မိပေမယ့် သူ့ဘေးက ထိပ်တန်းရုပ်ဖျက်ဆရာက ရိပ်မိလိမ့်မယ်၊ ဒါကို ရုပ်ဖျက်ပညာ မခေါ်ယင် ဘာခေါ်ရမှန်း မသိတော့ဘူး'

ဆင့်ဆင့်အိက....

'ရုပ်ဖျက်ပညာပဲ ခေါ်တာ ကောင်းပါတယ်'

သူက ဒုတိယ ဆင့်ဆင့်အိဘက် လှည့်ကာ'

'အိုက်ဖွေးရီ၊ ရုပ်ဖျက်တဲ့ အရသာ ဘယ်လိုလဲ'

ထို ဆင့်ဆင့်အိ မဲ့ပြုံးပြုံးကာ....

ပိုင်လိုရိက....

'ခုချိန်က စပြီး မင်း နဂို မျက်နှာပြန်ပြောင်းလို့ ရပြီ'

ဆင့် ဆင့်အိက....

'မုရုံကုဖန်က တကယ်ဉာဏ်ထက်တဲ့ မိန်းမပဲ၊ သူ့ကို တခါပဲ လိမ်လို့ရမယ်၊ နောက်တခါဆို သူရိပ်မိမှာပဲ'

ပိုင်လိုရီ ခေါင်းညိတ်ကာ....

'ဟုတ်တယ်'

ဒုတိယ ဆင့်ဆင့်အိက စကားပြောယင်း မျက်နှာဖုံးအတုကို ခွာချလိုက်သည်။ မျက်နှာဖုံးသည် ဘာနှင့်လုပ်ထားမှန်း မသိ၊ သို့သော် ပါးလွှာပြီး လူ၏အရေပြားနှင့် လုံးဝတူ၏။

မျက်နှာဖုံးအတု ချွတ်လိုက်သော ဆင့်ဆင့်အိသည် မည်သူနည်း။ ထိုသူသည် ဆင့်ဆင့်အိ ညတွင်းချင်း သွားတွေ့သော သူငယ်ချင်း အိုက်ဖွေးရီပင် မဟုတ်ပါလော။

× × ×

ဆင့်ဆင့်အိအတု ဖန်တီးခဲ့ခြင်းမှာ ပိုင်လိုရီ၏ အမှတ်မထင် အစီအစဉ်ဖြစ်သည်။

ချယ်ရီနီသူခိုးသည် ရုပ်ပြောင်း ရုပ်လွှဲဖြင့် ပစ္စည်းများကို အစောင့်များကြားမှ ခိုးယူခဲ့သည်။ ထို့ကြောင့် ချယ်ရီနီသူခိုးကိုဖမ်းရန် ယခုကဲ့သို့ ရုပ်ပြောင်း ရုပ်လွှဲနည်းကို ပိုင်လိုရီ အမှတ်မထင် စဉ်းစားမိခဲ့သည်။





သို့ဖြစ်၍ အိုက်ဖွေးရီကို ဆင့်ဆင့်အိအဖြစ် ရုပ်ဖျက်စေပြီး ဆင့်ဆင့်အိအစစ်က ညောင်ပင်တောအုပ်၌ ကြို၍ စောင့်ဆိုင်းနေခဲ့ခြင်းပင် ဖြစ်ပါသည်။

ဤအချက်ကို မုရုံကုဖန် အနေဖြင့် စဉ်းစားမိမည် မဟုတ်ချေ။ အကယ်၍သာ မုရုံကုဖန်အနေဖြင့် ပိုင်လိုရီသည် ရုပ်ဖျက်ပညာကို နာမည်ကျော်ဆရာတဦးထံမှ သင်ယူခဲ့ကြောင်း သိလျှင် မည်သို့ရှိမည်နည်း။

သူမ၏ အစီအစဉ်ကို တနည်းတဖုံ ပြောင်းလဲလိုက်မည်မှာ မလွဲပေ။

× × ×

အိုက်ဖွေးရီ။

သူသည် လက်ထဲမှ မျက်နှာအတုကို ပိုင်လိုရီအား လှမ်း၍ ပေးယင်း....

'ဟူး....အခုမှပဲ နေသာထိုင်သာ ရှိတော့တယ်'

ဟု ပြောလိုက်လေသည်။

ပြီးမှ သူ၏ ဆံပင်များကို နဖူးပေါ်သို့ သပ်တင်လိုက်ပြီး အစိမ်းရောင်ပဝါဖြင့် စည်းနှောင်လိုက်လေသည်။

ပိုင်ပင်းသည် ရယ်မောယင်း ဆင့်ဆင့်အိတက်သို့ လှည့်ကာ–

'မုရုံကုဖန်က သူ့ကို အစ်ကိုမှတ်နေတာ၊ ကျွန်မတောင်မှ မသိတာပဲလေ'

အိုက်ဖွေးရီက ပိုင်ပင်း၏ စကားအား ထောက်ခံဟန်ဖြင့် ဆင့်ဆင့်အိအား လှမ်း၍....

'ဟုတ်တယ် အစ်ကို၊ မုရုံကုဖန်က ကျွန်တော့်ကို အစ်ကိုလို့ မှတ်နေတယ်'

ပိုင်လိုရီသည် သဘောကျစွာပြုံးယင်း....

'ဟဲ...ဟဲ... ကျုပ်ကလဲ ပြိုင်ဘက်ကင်းတဲ့ ရုပ်ပြောင်းရုပ်လွဲ ဆရာပဲ၊ ဒါပေမယ့်'

သူသည် စကားကို ဆုံးအောင် မပြောပဲ ရပ်တန့်ထားလိုက်လေသည်။

ဆင့်ဆင့်အိသည် ချက်မှောင်ကြုတ်ယင်း....

'ဒါပေမယ့် ဘာဖြစ်လဲ'

ပိုင်လိုရီသည် မချိပြုံးပြုံးယင်း....

'မုရုံကုဖန်ကို ကျုပ် ရှုံးခဲ့တယ်'

ဆင့်ဆင့်အိသည် နားမလည်ဟန်ဖြင့်....

'အစ်ကိုကြီးပြောတာ ကျွန်တော် နားမလည်ဘူး'

ပိုင်ပင်းသည် ခစ်ကနဲ တချက် ရယ်လိုက်ပြီး....

'ဒီလို အစ်ကိုရ၊ အဖေက မုရုံသခင်မနဲ့ အလောင်းအစား တခုလုပ်ခဲ့တယ်'





ဆင့်ဆင့်အိသည် သူ၏ မျက်ခုံးမွေးကို ပင့်တင်ယင်း....

'ဟုတ်လား'

အိုက်ဖွေးရီသည် ပြုံးယင်း....

'ဟုတ်တယ်၊ ပိုင်သခင်ကြီးက ချယ်ရီနီသူခိုးဟာ ယောကျ်ားဖြစ်ရမယ်ဆိုပြီး မုရုံကုဖန်နဲ့ လောင်းခဲ့တယ်'

ဆင့်ဆင့်အိသည် ရယ်မောလိုက်ပြီး....

'ဒါဆို အစ်ကိုကြီး ရှုံးခဲ့တာပေါ့'

ပိုင်လိုရီက ဦးခေါင်း ညိတ်ယင်း....

'ဒါပေါ့'

ပိုင်ပင်းသည် ရယ်မောယင်း....

'ဒါကြောင့် ကျွန်မတို့ နေပြည်တော်အိမ်က ဖယ်ပေးရတော့မယ်လေ'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ကောင်းတာပေါ့၊ ကျုပ်နဲ့ ကျွန်နန်းမှာ လိုက်နေပေါ့'

ပိုင်လိုရီသည် သူ၏ ဦးခေါင်းကို ခါယမ်းယင်း....

'ဒါပေမယ့် မုရုံကုဖန်ဟာ ကျုပ်ရဲ့အိမ်ကို လာပြီး သိမ်းရုံမှာ မဟုတ်ပါဘူး'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် စပ်ဖြဲဖြဲပြုံးယင်း....

'ဘာပဲဖြစ်ဖြစ်၊ ကျွန်မတို့ နောက်ထပ် အလောင်းအစား တခုမှာတော့ နိုင်လိမ့်မယ်'

ဆင့်ဆင့်အိသည် မျက်မှောင်ကြုတ်ယင်း....

'နောက်ထပ် ဘာလျှောင်းထားလို့လဲ'

အိုက်ဖွေးရီက ပြုံးယင်း....

'ဒီလို အစ်ကိုရ၊ မုရှိုကုဖန်က ကျွန်တော့်ကို အစ်ကိုလို့ထင်ပြီး အလောင်းအစား တခု လုပ်ခဲ့သေးတယ်'

ဆင့်ဆင့်အိသည် မျက်လုံးပြူးပြီး ပျာပျာသလဲဖြင့်....

'ဘာအလောင်းအစား လုပ်လိုက်သလဲ၊ ကျုပ်က အသက် ငယ်ငယ်နဲ့ မသေချင်သေးဘူး'

အိုက်ဖွေးရီသည် ရယ်မောယင်း....

'စိတ်ချပါ၊ ကျွန်တော်ကလဲ အသက်ကြေးမလောင်းပါဘူး'

ပိုင်ပင်းသည် ပြုံးယင်း....

'အစ်ကိုနဲ့ ချယ်ရီနီသူခိုးနဲ့ ယှဉ်ယင် ချယ်ရီနီသူခိုးက နိုင်ရမယ် ဆိုပြီး မုရှိုသခင်မက လောင်းတယ်'

ဆင့်ဆင့်အိသည် မျက်မှောင်ကြုတ်ယင်း....

'ဘာကြေးလောင်းတာလဲ'

ပိုင်ပင်းသည် ရှတ်တရက် ရယ်မောလိုက်ပြီး....

'သူနိုင်ယင် အစ်ကိုက သူ့ကိုယူရမယ်၊ အစ်ကိုနိုင်ယင် သူက အစ်ကို့ကို ယူရမယ်တဲ့'

ဆင့်ဆင့်အိသည် မျက်လုံးပြူးသွားပြီး....

'ဟိုက်...'

ဟု ရေရွတ်လိုက်မိလေသည်။





အိုက်ဖွေးရီသည် ပြုံးယင်း....

'မုရှိုကုဖန်ဟာ ရုပ်လဲချောတယ်၊ အသက်ကြီးမှန်းလဲ မသိရဘူး'

ပိုင်လိုရီသည် တဟားဟား ရယ်မောယင်း....

'တော်ပါတော့ကွာ၊ တော်ကြာ ဆင့်ဆင့်အိ ထွက်ပြေးနေပါဦးမယ်'

ဟု ဝင်ပြောလိုက်လေသည်။

ထိုအခါကျမှ ဆင့်ဆင့်အိသည် ပိုင်ပင်းနှင့် အိုက်ဖွေးရီ သူ့အား နောက်ပြောင်နေသည်ကို ရိပ်မိပြီး တဟားဟား ရယ်မောလိုက်လေသည်။ ပိုင်လိုရီသည် ပြုံးယင်း....

'ဒါပေမယ့် မုရှိုကုဖန်နဲ့ အလောင်းအစားတခုတော့ လုပ်ခဲ့တယ်'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ဘာကို လောင်းကြေးထားခဲ့သလဲ'

ပိုင်လိုရီသည် ပြုံးယင်း....

'မင်း ရှုံးယင် သိုင်းလောကထဲက ထွက်သွားရမယ်၊ သူရှုံးယင် သူ့မှာ ရှိတဲ့ အတွဲမဲ့ ရတနာ ဆယ့်ကိုးမျိုးကို ပေးမယ်တဲ့'

ဆင့်ဆင့်အိသည် မဲ့ပြုံးပြုံးယင်း....

'အင်း.... အဲဒီ အထဲမှာ ကျောက်စိမ်း ဖရဲသီးလဲ ပါမှာပေါ့'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရီသည် ပြုံးယင်း....

'ဒီလောင်းကြေးဟာ သူ့အတွက် သေရေးရှင်ရေး ဖြစ်လိမ့်မယ်ထင်တယ်'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်၊ သူ ရှုံးမှတော့ ဒီပစ္စည်းတွေကို သူ သိမ်းထားဖို့ အယ်လိုတော့မလဲ'

ဖိုလုစုံသည် ဦးခေါင်းကို ညိတ်ယင်း....

'ဒါကြောင့် သူဟာ ဒီပစ္စည်းတွေကို ဆက်ပြီး သိမ်းထားနိုင်အောင် မင်းနဲ့ ကြောက်စရာ ကောင်းအောင် ယှဉ်လိမ့်မယ်ထင်တယ်'

ဆင့်ဆင့်အိ သည် ပိုင်လိုရီ၏ စကားကို လက်ခံဟန်ဖြင့် ဦးခေါင်းကို ညိတ်ကာ—

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူဟာ ကျွန်တော့်ကို သိုင်းပညာနဲ့ မယှဉ်ပဲ ဉာဏ်နဲ့ ယှဉ်မယ် ထင်တယ်'

ပိုင်လိုရီက ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်၊ ဒါကြောင့် ပိုပြီး ကြောက်စရာကောင်းလိမ့်မယ်လို့ ကျုပ် ပြောတာပေါ့'

ပိုင်ပင်းသည် ပြုံးယင်း....

'ဒါပေမယ့် ဒီပွဲမှာ အစ်ကိုနိုင်မယ်လို့ ကျွန်မ ပြောရဲတယ်'

ဆင့်ဆင့်အိသည် ပြုံးယင်း ပိုင်ပင်းအား....

'ညီမက မုရုံကုဖန်ကို အထင်သေးတာကိုး၊ လောလောဆယ်မှာပဲ မင်းအဖေ ရှုံးခဲ့ပြီ မဟုတ်လား'





ပိုင်ပင်းသည် ဘာမျှ ပြန်မပြောတော့ချေ။

ပိုင်လိုရီသည် ကစုံတရာအား စဉ်းစားမိဟန်ဖြင့် ဆင့်ဆင့်အိအား လှမ်း၍....

'နေပါဦး၊ မင်းက ဘာဖြစ်လို့ မြင်းလှည်းမှာ ပိုင်ပင်း ပါလာမယ်လို့ သိရတာလဲ'

ဆင့်ဆင့်အိသည် သူ၏ ဦးခေါင်းကို လက်ညှိုးထိုးပြယင်း-

'ကျွန်တော် ဒီကို ရောက်ကတည်းက ဒီ ကျေးရွာက ထွက်ခွာနိုင်တဲ့ လမ်းတွေကို လေ့လာခဲ့တယ်၊ ဒါပေမယ့် ဒီကျေးရွာ အဝင်လမ်းရော အထွက်လမ်းပါ နောက်ဆုံး ညောင်ပင် လမ်းမှာ လာဆုံနေတယ်၊ ဒါကြောင့် ကျေးရွာကို လာ၍ဖြင့်.... လှည်းရော ထွက်တဲ့ မြင်းလှည်းပါ အဲဒီ နေရာက စေ-ကင်း မလွဲဘူးလို့ ကျွန်တော် တွက်ထားခဲ့တယ်'

ပိုင်လိုရီသည် ပြုံးယင်း....

'ဒါကြောင့် မင်းက အဲဒီကနေ စောင့်နေခဲ့တာပေါ့'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်ယင်း....

'ဒါပေါ့၊ ဒါ့အပြင် မြင်းလှည်းဟာ မုရုံကုဖန်ရဲ့ မြင်းလှည်းမှန်း ကျွန်တော်သိထားတယ်၊ ပြီးတော့လဲ မြင်းလှည်းဟာ အလာတုန်းက အခြေ အရှိန်နဲ့ လာပြီး ပြန်တော့ အခြေ အရှိန် မပါဘူး၊ နောက်ပြီး အပြင်းလဲ မောင်းနှင်လာတယ်'

ပိုင်လိုရီသည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်ယင်း....

'ဒါကြောင့် မင်းက သက်ောမကောင်း ဖြစ်ခဲ့တာပေါ့၊ ဟုတ်လား'

'ဟုတ်တယ်၊ ဒါနဲ့ အဖိုးတန်တဲ့ ပုလဲဓားကို ပိုင်တဲ့ လူကို အစ်ကို သိသလား'

ပိုင်လိုရီသည် ပြုံးယင်း....

'ဖန်းကျုံစင်းလား၊ မုရုံကုဖန်ရဲ့လက်အောက်က ဓားသမား တယောက်ပဲ'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ဒီလူ သိုင်းပညာ မဆိုးဘူး'

'ဒီ ပိုင်လိုရီက ခေါင်းညိတ်ကာ....

အောင် ါရင့် သိုင်းသမား တယောက်လိုပဲ၊ အတော် ရက်စက် ထင်တယ်ဂုတ်မယ့်ပုံ ပေါ်တယ်'

ဆင့်ဆင့်အိသည် တစုံတခုအား သတိရဟန်ဖြင့်....

ဦးခေါ် 'ဒါပေမယ့် သူ့နာမည်ကို သိုင်းလောကမှာ ကျွန်တော် ကြားဖူးဘူး'

ပိုင်လိုရီသည် ပြုံးယင်း....

'မင်း သူနဲ့ လက်ရည်စမ်းခဲ့သေးလား'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်ယင်း....

'သူ ကျွန်တော့်ကို မြင်တော့ လန့်သွားတယ်၊ ပြီးတော့ မုရုံကုဖန်ရဲ့ အကြောင်းကို ကျွန်တော်တို့ ရိပ်မိသွားပြီထင်ပြီး စိတ်ပူသွားပုံရတယ်၊ နောက် မုရုံကုဖန်ကို စိတ်မချပုံလဲရတယ်၊ ဒါနဲ့ သူက ကျွန်တော့်ကို ဓားနဲ့ သုံး လေးချက် လက်ရည် စမ်းပြီး ထွက်ပြေးသွားတယ်'

ပိုင်လိုရီက မျက်မှောင်ကြုတ်ယင်း....

'သူ့ သိုင်းကွက်ကို မင်း တွေ့လိုက်တာပေါ့'





ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်ယင်း....

'သိပ်ကြမ်းတယ်၊ တရကြမ်း သူသေ ကိုယ်သေ တိုက်ခိုက်တတ်တယ်၊ ဒါပေမယ့် သူ သုံးတဲ့ ဓားဟာ သူ့ရဲ့ ကိုင်နေကျ လက်နက် ဖြစ်ဟန်မတူဘူး'

ပိုင်လိုရီသည် မျက်မှောင်ကြုတ်ယင်း....

'ဘာဖြစ်လို့'

ဆင့်ဆင့်အိသည် ပခုံးကို တွန့်ပြယင်း....

'ဘာကြောင့်လဲ ဆိုတာတော့ ကျွန်တော် မပြောတတ်ဘူး၊ ဒါပေမယ့် စိတ်ထဲမှာတော့ တမျိုးပဲ၊ တခုခု လိုနေသလိုပဲ'

အိုက်ဖွေးရီသည် ဆင့်ဆင့်အိ စကားကို ထောက်ခံဟန်ဖြင့်....

'ဖြစ်နိုင်တယ်၊ ဒါကြောင့်လဲ ဖုံလုစုံက သူ့ကို သင်္ကာမကင်း ဖြစ်နေတာ'

ဆင့်ဆင့်အိသည် မျက်မှောင်ကြုတ်ယင်း....

'ဖုံလုစုံ....ဘယ်သူလဲ'

ပိုင်လိုရီသည် ပြုံးယင်း....

'တာလီမြို့စားရဲ့ ကာကွယ်ရေးအဖွဲ့ သိုင်းဆရာကြီးပဲ၊ ဒါပေမယ့် သူဟာ သိုင်းလောကနဲ့ အဆက်အသွယ်မရှိတော့ ကျုပ်တို့ မသိဘူးပေါ့'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ထားပါတော့၊ ဒါနဲ့.... သူက ဘာဖြစ်လို့ သင်္ကာမကင်း ဖြစ်ရတာလဲ'

ပိုင်လိုရီသည် ပြုံးယင်း....

'သူ့ရဲ့ ခေါးကိုင်ဟန် လှုပ်ရှားဟန်တွေဟာ တုကုရင်းနဲ့ တပုံစံတည်း ဖြစ်နေလို့ပဲ'

ဆင့်ဆင့်အိ ၏ မျက်လုံး များသည် တချက် ဝင်း လက်သွားပြီး—

'ကြေးစား သိုင်းသမား တုကုရင်းလား'

ပိုင်လိုရိက ဦးခေါင်းကို ညိတ်ကာ....

'ဟုတ်တယ်'

ဆင့်ဆင့်အိသည် တစုံတရာကို စဉ်းစားမိဟန်ဖြင့်—

'နောက်တော့ ဖုံလုစုံက သံသယ ကင်းသွားသလား'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်ကာ—

'သံသယ ကင်းသွားအောင် မုရုံကုဖန်က ဖန်းကျုံစင်းကို သေသေချာချာ ကြည့်ပါလို့ ဖုံလုစုံကို ပြောလိုက်တယ်'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ထိပ်တန်းသိုင်းသမားတယောက်အဖို့ ဖန်းကျုံစင်းရုပ်ဖျက်ထားသလား ဆိုတာကို ကြည့်ဖို့ လွယ်ပါတယ်၊ ဒါနဲ့.... အိုက်ဖွေးရိကိုရော ဖုံလုစုံက သံသယ မဖြစ်ဘူးလား'

အိုက်ဖွေးရိသည် ပြုံးယင်း....

'ဖုံလုစုံက ဖန်းကျုံစင်းကိုပဲ စိတ်ဝင်စားနေတာ၊ ဒါကြောင့် ကျွန်တော့်ကို သေသေချာချာ မကြည့်ဘူး'

ဆင့်ဆင့်အိသည် ပြုံးယင်း....





'အင်း.... တကယ်လို့များသာ ဖန်းကျုံစင်းဟာ ရုပ်ဖျက်ထားတယ်ဆိုယင်တော့ မုရုံကုဖန်ရဲ့ ရုပ်ဖျက်ပညာကို အထင်သေးလို့ မရဘူး'

အိုက်ဖွေးရိက ပြုံးယင်း....

'ဒါပေမယ့် ပိုင်သခင်ကြီးကိုတော့ မီမယ်မထင်ဘူး'

ပိုင်လိုရိသည် မဲ့ပြုံး ပြုံးလိုက်ပြီး....

'အမှန်ပြောရယင် ကျုပ်ဟာလဲ ပြိုင်ဘက်ကင်းတဲ့ ရုပ်ဖျက်ပညာရှင်တယောက်ပဲ၊ တကယ်လို့သာ ဖန်းကျုံစင်းဟာ ရုပ်ဖျက်ထားတယ်ဆိုယင် အဲဒီလူကို ကျုပ် ချီးကျူးရမှာပဲ'

ပြီးမှ ပိုင်လိုရိသည် သက်ပြင်းတချက်ချယင်း....

'ဘာပဲဖြစ်ဖြစ် မုရုံကုဖန်ကို ကျုပ်တို့ အထင်သေးလို့မရဘူး'

ပိုင်ပင်းသည် ရုတ်တရက် ပြုံးယင်း....

'ဒါဆို ကျွန်မတို့ ရွှေယဉ်စွမ်းကို လိုက်သွားပြီး မုရုံကုဖန်နဲ့ တွေ့ယင် မကောင်းဘူးလား'

ဆင့်ဆင့်အိသည် သဘောကျစွာ ရယ်မောယင်း—

'တကယ်လို့သာ မုရုံကုဖန်ဟာ ဉာဏ်ထက်တဲ့ မိန်းကလေးဆိုယင် ရွှေယဉ်စွမ်းမှာ ဆက်နေပါတော့မလား'

ပိုင်လိုရိသည် ပြုံးယင်း....

'ဟုတ်တယ်၊ မုရုံကုဖန်ဟာ ဒီကျေးရွာကနေ ထွက်သွားရောပေါ့'

ဟု ပြောလိုက်လေသည်။

အိုက်ဖွေးရီသည် ဦးခေါင်းကို တချက်ကုတ်လိုက်ပြီး....

'အင်း....အတော်ဦးနှောက်ခြောက်ရပါလား'

ဟု ညည်းညူ လိုက်လေတော့သည်။

ပိုင်လိုရီသည် သက်ပြင်းတချက်ချယင်း

'အခုဆို မုရှံကုဖန်က ကျုပ်တို့ထက်ပိုပြီး ဦးနှောက်ခြောက်နေရောပေါ့'

ဟု ပြောလိုက်လေ့တော့သည်။

× × ×

ဦးနှောက်ခြောက်နေသည်။

မုရှံကုဖန်သည် စဉ်းစား၍ မရအောင်ပင် ဦးနှောက်ခြောက်နေသည်။

ယခင်အကြိမ်များက သူမ၏ အစီအစဉ်သည် လွဲချော်မှု မရှိခဲ့ချေ။ အံ့ဝင်ခွင်ကျ ဖြစ်ခဲ့ရသည်ချည်းပင် ဖြစ်သည်။





သို့သော် ယခုအကြိမ်၌ သူမ၏ အစီအစဉ်များ ချောမွေ့မှု မရှိချေ။ ထို့ကြောင့် သူမ ဦးနှောက် ခြောက် နေခြင်းပင် ဖြစ်ပါသည်။ ယခုကဲ့သို့ မုရှံကုဖန် ဦးနှောက်ခြောက်လေလေ၊ ဖန်းကျုံစင်းသည် နေမထိ ထိုင်မထိ ဖြစ်လေလေပင် မဟုတ်ပါလော။

☆

## မုန့်တိုင်း မကျမီ

မြင်းလှည်းသည် ညောင်ပင် တောအုပ်ကို ဖြတ်သန်းလျက် ရှိသည်။

ထိုမြင်းလှည်းထဲ၌ မုရုံကုဖန် ရှိနေသော်လည်း ထိုမြင်းလှည်းသည် မုရုံကုဖန် ပိုင်သော မြင်းလှည်း မဟုတ်ပါ။

ထို့ကြောင့် ထိုမြင်းလှည်းထဲ၌ မုရုံကုဖန် ရှိမည်ဟု မည်သူမျှ တွေးမိမည် မဟုတ်ချေ။ထို့ပြင် ဖန်းကျုံစင်းသည် လမ်းတဝက် တပျက်မှ နေ၍ ထိုမြင်းလှည်းဖြင့် ပါလာလိမ့်မည်ဟု မည်သူမျှ သိမည် မဟုတ်ချေ။

× × ×





ဖန်းကျုံစင်းသည် မြင်းလှည်းထဲ၌ ထိုင်နေသည်။

သူနှင့် မျက်နှာချင်းဆိုင်လျက် မုရုံကုဖန် ထိုင်နေသည်။

မုရုံကုဖန်၏ မျက်နှာသည် တစုံတရာအား လေးနက်စွာ စဉ်းစားနေဟန် ပေါ်လွင် နေပေသည်။ မျက်မှောင် ကုပ်ထား၏။

အတန်ကြာမှ မုရုံကုဖန်သည် သက်ပြင်း တချက်ချလိုက်ပြီး သူမ၏ ဦးခေါင်းကို ခါယမ်း လိုက်လေသည်။

ပြီးမှ ဖန်းကျုံစင်းအား တချက် လှမ်းကြည့်ယင်း—

'ကျွန်မ တခါမှ အခုလို မရှုံးခဲ့ဖူးဘူး၊ ဒါဟာ ပထမအကြိမ်ပဲ'

ဖန်းကျုံစင်းသည် အားပေးဟန်ဖြင့် ပြုံးလျက်....

'ကျွန်တော်တို့ အားလုံး အဆင်ပြေနေသားပဲ၊ ဒါပေမယ့် သူတို့ ဘယ်လို ရိပ်မိသွားသလဲ မသိဘူး'

မုရုံကုဖန်သည် မချိပြုံး ပြုံးယင်း-

'အဲဒါကို အခုအထိ ကျွန်မ စဉ်းစားလို့ မရဘူး'

ဖန်းကျုံစင်းသည် မျက်မှောင်ကြုတ်၍ စဉ်းစားယင်း-

'သူတို့ ကြိုပြီး သိနေလို့လား'

မုရုံကုဖန်က မဲ့ပြုံး ပြုံးယင်း-

'ကြိုပြီး သိနေယင် အခုလို အခြေအနေမျိုးတောင် ရောက်လာမှာ မဟုတ်ဘူး'

ဖန်ကျုံစင်းသည် မဝံ့ မရဲ လေသံဖြင့်-

'ကျွန်တော်တို့ တနေရာရာမှာ အမှား ရှိနေလို့လား'

မုရုံကုဖန်သည် ပြုံးယင်း....

'အဲဒါကို စဉ်းစားလို့ မရသေးဘူး၊ ဒါကြောင့် ကျွန်မ တခါမှ အခုလို မရှုံးဖူးဘူးလို့ ပြောတာပေါ့'

ပြီးမှ....

'အင်း....ကျွန်မ ပင်ပန်းလွန်းလို့ စဉ်းစား မရတော့ဘူးနဲ့ တူပါတယ်'

ဟု ညည်းညည်းညူညူကလေး ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် ပြုံးယင်း—

'ဒါဖြင့် ခဏ အနားယူလိုက်ပါလား'

ဟု ပြောလိုက်လေသည်။

မုရုံကုဖန်သည် ဖန်းကျုံစင်းအား ချစ်စဖွယ် ပြုံးပြယင်း...

'ဒီအကြံ မဆိုးဘူး'

ဟု ပြောကာ ဖန်းကျုံစင်းဘက်သို့ ရွှေ့ပြောင်း ထိုင်လိုက်ပြီး ဖန်းကျုံစင်း၏ ရင်ခွင်ထဲသို့ သူမ၏ ဦးခေါင်းကို မှီချလိုက်လေတော့သည်။

× × ×

ဤနေရာသည် ဘုံကျောင်းပျက်ကြီးတခု ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း များစွာကပင် ပျက်စီး ယိုယွင်း နေသော ဘုံကျောင်းပျက်ဖြစ်သည်။





ချုံနွယ်များဖြင့် ဖုံးလွှမ်းလျက်ရှိသော ဘုံကျောင်း၏အဝင်ဝ၌ လူတယောက် ရပ်၍ နေလေသည်။ ထိုလူသည် မျက်လှည့်ဆရာကြီးပင် ဖြစ်ပါသည်။

ဤနေရာသည် သူတို့၏ ဆုံမှတ်ပင် ဖြစ်သည်။ ထို့ကြောင့် မျက်လှည့်ဆရာကြီးသည် ဤနေရာမှ မုရုံကုဖန်တို့ကို စောင့်နေခြင်းပင် ဖြစ်ပါသည်။

× ×

အဝေးမှ မြင်းခွာသံ သဲ့သဲ့ကို မျက်လှည့်ဆရာကြီး ကြားလိုက်ရသည်။

မြင်းခွာသံသည် တဖြည်းဖြည်း နီးကပ်လာပြီး နောက်ဆုံး မြင်းလှည်းတစီးသည် မျက်လှည့် ဆရာကြီးရှေ့၌ ရပ်တန့်လိုက်လေသည်။ ထို့နောက် မြင်းလှည်းထဲမှ မုရုံကုဖန်နှင့် ဖန်းကျုံစင်း ထွက်လာလေသည်။ မျက်လှည့်ဆရာကြီး၏ မျက်နှာသည် တချက် ကွက်ကနဲ ပျက်သွားပြီး—

'ထူးခြားမှု ရှိပြီထင်တယ်'

ဟု မြောလိုက်လေသည်။

မုရုံကုဖန်သည် မဲ့ပြုံးပြုံးပြီး—

'ကျွန်မတို့ရှုံးခဲ့တယ်'
ဟု ပြောလိုက်လေသည်။

ပြီးမှ ဖန်းကျုံစင်းဘက်သို့ လှည့်ကာ....

'ရှင်ပဲ ဆရာကြီးကို ရှင်းပြလိုက်တော့'
ဟု ပြောလိုက်လေတော့သည်။

× × ×

မျက်လှည့်ဆရာကြီးသည် ဖန်းကျုံစင်း ပြောသမျှကို တလုံးတပါဒမျှ ဝင်ရောက်ပြောဆိုခြင်း မပြုပဲ ဂရုတစိုက် နားထောင်နေလေသည်။

ဖန်းကျုံစင်း၏ စကား ဆုံးသွားမှ မျက်လှည့်ဆရာကြီးသည် သက်ပြင်းတချက် ရှည်လျားစွာချလိုက်ပြီး—

'အံ့သြဖို့ ကောင်းတယ်'
ဟု ရေရွတ်လိုက်လေသည်။

မုရုံကုဖန်သည် မျက်လှည့်ဆရာကြီးအား လှမ်း၍....

'ကျွန်မတို့ ဘယ်နေရာမှာ မှားသွားသလဲ'

မျက်လှည့်ဆရာကြီးသည် ဦးခေါင်းကို ခါယမ်းယင်း....



အနီရောင်ဝတ်စုံနှင့် အဘိုးအို

မြင်းတစီးသည် လမ်းမပေါ်၌ ခရီးပြင်းနှင်လျက် ရှိသည်။ လမ်းမ တဘက်တချက်၌ ညောင်မုတ်ဆိတ်ပင်များ စီတန်း၍ပေါက်နေသည်။ ဤလမ်းသည် ညောင်မုတ်ဆိတ်တော၏ အလယ်မှဖြတ်၍ ဖောက်ထားသော လမ်းဖြစ်သည်။

× × ×

မြင်းကို စီးနှင်းလာသူမှာ လှပသော မိန်းကလေးတဦး ဖြစ်ပါသည်။

သူမသည် အစိမ်းရောင်ဝတ်စုံကို ဆင်မြန်းထားသည်။

ရှည်လျားရှည် နက်မှောင်သော ဆံပင်များကို ဖဲကြိုးအစိမ်းရောင်ဖြင့် ချည်နှောင်ထားလေသည်။

သူမ၏ ပုံသဏ္ဌာန်မှာ ခရီးဝေး နှင်ခဲ့ရဟန် ရှိသော်လည်း သူမသည် နွမ်းနယ်ပုံ မရှိချေ။

သူမမျက်နှာသည် ပျော်ရွှင်၍ နေပေသည်။

ဤ ညောင်မုတ်ဆိတ်တောအုပ် လွန်မြောက်သော် သူမသည် ပျော်စရာသစ်တောသို့ ရောက်ရှိတော့မည်။ ပျော်စရာသစ်တောသို့ရောက်လျှင် သူမသည် ဆင့်ဆင့်အိုနှင့် တွေ့ရတော့မည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် သူမသည် မည်သူနည်း။

× × ×

ထို အစိမ်းရောင် ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးသည် 'ပုရမ်းဖွေး' ဖြစ်ပါသည်။ သူမ၏ဖခင်မှာ 'လေပြင်းလိုက် ဓားသမား' ဟု နာမည်ကျော်သော ပုချန်းလီ ဖြစ်ပါသည်။

သူမသည် ငယ်စဉ်ကတည်းမှ စ၍ ဖခင်၏ သိုင်းပညာအမွေအနှစ်ကို ဆက်ခံခဲ့သူ ဖြစ်ပေသည်။





သူမ ဖခင်သည် တချိန်က သိုင်းလောကတွင် 'လေပြင်းလိုက် ဓားသမား' ဟု နာမည်ကျော်ခဲ့ခြင်းမှာ ကောင်းသောနည်းဖြင့် နာမည်ကျော်ကြားခဲ့ခြင်း မဟုတ်ချေ။

ကြေးစားဓားသမားတဦးအဖြစ် နာမည်ကျော်ကြားခဲ့ခြင်းသာ ဖြစ်ပေသည်။

ထို့ကြောင့် သူမ အရွယ်ရောက်လာသောအခါ သူမ ဖခင်နှင့် ရန်ငြိုး ရန်စ ရှိသူများသည် သူမကို ထိပါးလာကြလေသည်။

သို့သော် သူမ၏ သိုင်းပညာနှင့် ကိုယ်ဖော့ပညာ အဆင့်အတန်းကြောင့် လည်းကောင်း၊ သူမ ဖခင်၏ အရှိန်ကြောင့်လည်းကောင်း ထိထိ ရောက်ရောက် ထိပါးခြင်း မပြုလုပ်ကြချေ။

သို့ရာတွင် သူမ ဖခင် ကွယ်လွန်သောအခါ သူမကို စိန်ခေါ်သည်အထိ ထိပါးခြင်း ပြုလုပ်လာကြပေသည်။

ထိုအထဲတွင် ငွေရောင်ဝံပုလွေ ညီအစ်ကို လေးယောက်သည် အဆိုးဆုံး ဖြစ်၏။ ထိုညီအစ်ကို လေးယောက်သည် သူမအား နေမဝင်တောင်ထိပ်၌ ချိန်း၍ သိုင်းပညာ ပြိုင်ခဲ့လေသည်။

သူမ သည် ချိန်းဆို ထားသော နေရာသို့ သွား ရောက်၍ ထိုညီအစ်ကိုလေးယောက်နှင့် ယှဉ်ပြိုင်ခဲ့လေသည်။

သို့သော် ထိုကောက်ကျစ် စဉ်းလဲသော ညီအစ်ကို လေးယောက်၏ ကြိုတင် စီစဉ်၍ ဝှက်ထားသော ထောင်ချောက်များကြောင့် သူမသည် အသက် ဆုံးရှုံးရမည့် အခြေအနေသို့ ရောက်ရှိခဲ့ပေသည်။

သို့သော် သူမအား လူတယောက်က ဝင်ရောက် ကယ်ဆယ်ခဲ့ပေသည်။

ထိုလူသည် တခြားလူ မဟုတ်ပါ။ ဆင့်ဆင့်အိပင် ဖြစ်ပါသည်။

ထိုအချိန်မှ စ၍ သူမနှင့် ဆင့်ဆင့်အိသည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်လာခဲ့ပေသည်။

ထို့နောက် သူမသည် ဖခင်၏ မကောင်းမှုအကြွေးများကို ပေးဆပ်လိုသဖြင့် ဆင့်ဆင့်အိနှင့် ပူးပေါင်းကာ အမှုအတော်များများကို လက်တွဲ ဖော်ထုတ်ပေးခဲ့လေသည်။

ယခုလည်း ဆင့်ဆင့်အိထံမှ ပျော်စရာသစ်တောကျေးရွာသို့ လိုက်လာရန် ခေါ်သည့်စာကို ရရှိခဲ့သဖြင့် ယခုကဲ့သို့ ခရီးမြင်းနှင့်လာခဲ့ခြင်းပင် ဖြစ်သည်။

× × ×

မြင်းသည် မရပ်မနား ပြေးနေသည်။

ပုရမ်းဖွေးသည် မြင်းကို မရပ်မနား မောင်းနှင်နေသည်။ ထိုစဉ် ရုတ်တရက် မရပ်မနား ပြေးနေသော မြင်းသည် နွယ်ကြိုးတန်းတခုကို ဝင်ရောက် တိုက်မိပြီး လဲကျသွားလေတော့သည်။





ထို့ကြောင့် ပုရမ်းဖွေးသည်လည်း မြင်းပေါ်မှ ကျွမ်းပြန်ကျသွားလေတော့သည်။

သို့သော် သူမသည် အစဉ်သတိရှိနေသဖြင့် မြင်းလဲသည်နှင့် တပြိုင်တည်း သူမ၏ခန္ဓာကိုယ်ကို လေထဲ၌ တပတ်ကျွမ်းထိုးလိုက်လေသည်။ ထို့ကြောင့် သူမသည် မြေပြင်ပေါ်သို့ ခြေဖြင့်ပြန်လည် ကျရောက် လာလေတော့သည်။

ယင်းသို့ သူမ၏ ခြေထောက်နှင့် မြေကြီး ထိတွေ့သည်နှင့် တပြိုင်တည်း တောနှစ်ဘက်ရှိ တောအုပ်ထဲမှ အလင်းရောင်တန်းတခုသည် သူမထံသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာသည်။ ငွေရောင်ဓားတလက်ပင် ဖြစ်၏။

သူမသည် ရုတ်တရက် ငေးကြောင်နေပြီးမှ သတိ ပြန်ဝင်လာကာ နောက်ကျော၌ လွယ်ထားသော ဓားကို လျှပ်တပြက် ဆွဲထုတ်လိုက်ပြီး ဝင်ရောက်လာသည့်ဓားကို ရိုက်ထုတ်လိုက်လေတော့သည်။

'ထန်....'

ဟူသော အသံနှင့်အတူ ငွေရောင်ဓားကလေးသည် မြေပေါ်သို့ ကျရောက် သွားလေတော့သည်။

သူမသည် ယင်း ငွေ ဓားမြှောင်ကို မြင်လိုက် သည်နှင့် ရုတ်တရက် မျက်နှာတချက် ပျက်သွားလေသည်။ ပြီးမှ မဲ့ပြုံးပြုံးကာ သူမ၏ ပတ်ဝန်းကျင်ကို တချက်ဝေ့ကြည့်လိုက်ယင်း—

'ဆားထန်၊ ရှင်တို့ညီအစ်ကို ဘယ်တုန်းက လွတ်လာတာလဲ' ဟု အော်ဟစ်မေးလိုက်လေသည်။

သူမ၏အသံ ဆုံးသွားသည်နှင့် တပြိုင်တည်း သူမ၏ ဝဲယာ တောအုပ်ထဲမှ လူသုံးယောက် ထွက်လာလေသည်။ ထိုလူ သုံးယောက်မှာ ဆားတောင်ညီအစ်ကို သုံးဖော်ဖြစ်သည်။

ဆားထန်မှာ ထိုညီအစ်ကိုသုံးယောက်အနက် အစ်ကိုအကြီးဆုံး ဖြစ်ပါသည်။ သူသည် လက်ထဲမှ အရှည် သုံးပေ၊ ခြောက်လက်မရှိသော တဘက်သွားဓားကို လေထဲ၌ ဝှေ့ယမ်းယင်း....

'ကျုပ်တို့က မင်းကို ကျေးဇူးဆပ်ဖို့ လိုက်ရှာနေတာ'

ဟု အေးစက်သော လေသံဖြင့် ပြောလိုက်လေသည်။ ဆားထန်၏ စကားကို ကြားသည်နှင့် ပုရမ်းဖွေး၏ခန္ဓာကိုယ်တခုလုံးသည် မသိမသာ တုန်လှုပ်သွားလေသည်။

ထို့ပြင် သူမ၏စိတ်ထဲမှလည်း အခုအချိန်၌ သူမ၏အနီးတွင် ဆင့်ဆင့်အိ ရှိလျှင် ဘယ်လောက်ကောင်းမလဲဟု တမ်းတလိုက်မိလေသည်။ ဆားထန်သည် သူ၏လက်ထဲမှဓားကို ဝှေ့ယမ်းယင်း တဟားဟား ရယ်မောရင်း နေလေသည်။

ဆားထန်သည် ရယ်မောရာမှ ရုတ်တရက် ရပ်တန့်လိုက်ပြီး အေးစက်သော လေသံဖြင့်....

'ကျုပ် ကတိ တည်ပါတယ်နော်'

ဟု ပြောလိုက်လေသည်။

ပုရမ်းဖွေး ဘာမှ ပြန်မပြောပါ။ တကယ်တော့ ဤ ဆားတောင် ညီအစ်ကို သုံးယောက်ကိုမူ သူမနှင့် ဆင့်ဆင့်အိတို့ နှစ်ယောက် ပူးပေါင်းနှိမ်နင်းခဲ့ပြီး အချုပ်ထောင်ထဲသို့ ပို့ခဲ့သည် မဟုတ်ပါလော။ ထောင်ထဲသို့ မဝင်မီ ဆားထန်သည် ပုရမ်း





ဖွေးအား ထောင်မှ လွတ်လျှင် ငါ့အကြောင်း သိမယ်ဟု ကြိမ်းဝါးခဲ့သည်။

ထိုစဉ်က ပုရမ်းဖွေးသည် ပြုံးလျက် ဘာမျှ ပြန်မပြောပဲ နေခဲ့သည်။ ယခု ဆားထန်သည် သူမရှေ့၌ ရပ်နေပြီး သူမအား ရန်ပြုရန် ဓားကိုဝင့်၍ နေမလေသည်။

ယခင်က ဆားထန်နှင့် ညီအစ်ကိုတသိုက်ကို သူမနှင့် အတူ ဆင့်ဆင့်အိ တို့ ပူးပေါင်း၍ တိုက်ခိုက်ခဲ့သည်။ ယခု သူမ တယောက်တည်း ရင်ဆိုင်နေရသည်။ ထို့ကြောင့် သူမသည် ဆားတောင် ညီအစ်ကို သုံးယောက်နှင့် ယှဉ်နိုင်ပါမည်လော။

× × ×

ဆားထန်၏ မျက်လုံးများသည် မီးကဲ့သို့ တဝင်းဝင်း တောက်နေသည်။

သူသည် သူ၏ ညီငယ်နှစ်ယောက်ကို တချက်ဝေ့ကြည့်ယင်း-

'အင်း.... ဒီလောက်လှတဲ့ မိန်းကလေးကို ဆုံးမရမှာ စိတ်မကောင်းစရာပဲ'

ညီငယ်နှစ်ယောက်သည် အစ်ကိုကြီး စကားကို သဘောကျဟန်ဖြင့် တဟားဟား ရယ်မောကြလေသည်။ ဆားထန်သည် တဟားဟား ရယ်မောယင်း....

'ကျုပ်လေ ခင်ဗျားကို သုံးလတိတိ လိုက်ရှာနေတာဗျ'

ပုရမ်းဖွေးသည် အခြေအနေကို အကဲခတ်ယင်း...

'ရှင်တို့ ထောင် အနှစ် နှစ်ဆယ် ကျခဲ့တယ် မဟုတ်လား'

ဆားထန်သည် ပုရမ်းဖွေး၏ စကားကြောင့် ခွက်ထိုး ခွက်လန် ရယ်မောယင်း...

'ဟား ဟား ဟား.... ကျုပ်ဆရာ 'ဝမ်းပါသဲ'သာ ထောင် အနှစ် နှစ်ဆယ်ကျတာ၊ ကျုပ်တို့ညီအစ်ကိုက ငါးနှစ်ပဲ ကျခဲ့တာ၊ အခု ကျုပ်တို့ ထောင်က လွတ်လာတာ သုံးလရှိပြီ'

ထိုစဉ် ဆားတောင် ညီအစ်ကို သုံးယောက်၏ ညီအငယ်ဆုံးက....

'အစ်ကိုကြီး စကားပြောနေတာ ကြာပါတယ်ဗျာ'

ဟု စိတ်မရှည်စွာဖြင့် ဝင်ရောက် ပြောလိုက်လေသည်။

ဆားထန်သည် မျက်မှောင် ကြုတ်ယင်း-

'တိတ်စမ်း၊ သူ့ကို မဆုံးမခင် ပညာပေးရဦးမှာကွ'

ဟု ပြောပြောဆိုဆို သူ၏ ဗယ်လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်လေသည်။

'ဝှစ်....'

ဟူသော အသံနှင့်အတူ အင်္ကျီ လက်ကြားမှ တပေခန့် ရှည်သော တုတ်တချောင်း ထွက်လာလေသည်။ ထို့နောက်....

'ထောက်....'

ဟူသော ခလုတ် နှိပ်သံနှင့် အတူ ယင်း တုတ်၏ ထိပ်ဖျားမှ တပေခန့် အသွားရှိသော ဓားတချောင်း ထွက်ပေါ်လာလေသည်။





ပုရမ်းဖွေးသည် သူမ၏ လက်ထဲမှ ဓားကို သူမရှေ့၌ ကန့်လန့် အနေအထားဖြင့် ကာထားယင်း ဆားထန်၏ တိုက်ခိုက်မှုကို စောင့်၍ နေလေသည်။

ဆားထန်သည် သူ၏ ညီငယ် နှစ်ယောက်ကို မျက်ရိပ်ပြလိုက်ပြီး ဗယ်လက်မှ တုတ်ဓားကို ပုရမ်းဖွေးထံ ထိုးစိုက်ဟန် ပြကာ ညာဘက် လက်ထဲမှ အရှည် သုံးပေ၊ ဖြက် ခြောက်လက်မ ရှိသော တဘက်သွား ဓားဖြင့် ပုရမ်းဖွေးကို ဝိုက်၍ ခုတ်ချလိုက်လေသည်။

'ဝှစ်....ဝှစ်'

ဟူသော အသံနှင့်အတူ ဓားရောင် လက်၍ သွားလေသည်။

ပုရမ်းဖွေးသည် ကပျာကယာ နောက်သို့ ဆုတ်၍ ရှောင်နိုင်ခဲ့သော်လည်း ဓား၏ အငွေ့အသက်ကို ထိတွေ့ ခံစားခဲ့ရလေသည်။

တိတ်ဆိတ်သော ပတ်ဝန်းကျင်သည် ရုတ်တရက် ဓား ဓားချင်း ထိသံ ဆူညံစွာ ပေါ်ထွက်လာလေတော့သည်။

× × ×

ပုရမ်းဖွေးသည် သူမ၏ ခန္ဓာကိုယ်ကို ဗယ်ညာ ယိမ်း၍ ဆားထန်၏ ဓားချက်များကို ရှောင်တိမ်းနေလေသည်။

တဆက်တည်းမှာပင် သူမ၏ လက်ထဲမှ ဓားဖြင့် ပြန်လည်တိုက်ခိုက် နေသည်။

ထိုစဉ် မိမိ၏ ခြေထောက် တစုံကို ကြာပွတ် တချောင်းက ရုတ်တရက် ရစ်ပတ်ဆွဲယူခြင်းကို ပုရမ်းဖွေး ခံလိုက်ရလေသည်။

ထို့ကြောင့် သူမသည် မြေပေါ်သို့ လဲကျသွားပြီး တဆက်တည်းမှာပင် ဆားထန်၏ ကြီးမားသော ဓားက သူမကို ခုတ်ပိုင်းလိုက်လေသည်။ ဤကဲ့သို့ဖြစ်စေရန် ဆားထန်နှင့် ညီအစ်ကိုများသည် ကြိုတင် စီစဉ်ထားခဲ့သည်။

သို့ဖြစ်၍ ဆားထန်သည် ပထမပိုင်း၌ ကြာပွတ်သမားကိုဂရုမစိုက်မိစေရန် ဟန်ပြ တိုက်ခိုက်နေခဲ့ခြင်း ဖြစ်ပေသည်။

ယခုမှသူသည် ကောက်ကျစ်စွာ တချက်ပြုံးယင်းပုရမ်းဖွေးကို တချက်တည်း ခုတ်ပိုင်းလိုက်ခြင်းပင် ဖြစ်ပါသည်။

ဆားထန်၏ ဓားချက်သည် ပြင်းလည်းပြင်း ထိလည်း ထိရောက်လှပေသည်။ ပုရမ်းဖွေးသည် ရုတ်တရက် မည်သို့မျှရှောင်တိမ်းရန် အချိန်မရတော့ချေ။ မျက်စိကိုမှိတ်ကာ—

'အား'

ဟု ကြုံး၍ အော်ဟစ် လိုက်လေတော့သည်။ ထို့နောက် သူမသည် အမှောင်ထုထဲသို့ ဦးစိုက် ထိုးဆင်း သွားသည်ဟု ခံစားလိုက်ရလေတော့သည်။

× × ×





အမှောင်ထုထဲ၌ အလင်းရောင်တချက်မြင်တွေ့လိုက်ရသည်။

ဝေးလွန်းနေသော အရပ်မှ သူမ၏ နာမည်ကို ခေါ်နေသံသဲ့သဲ့ ကြားရသည်။ အေးမြသော အတွေ့အထိကို သူမ ခံစားလိုက်ရသည်။

ထို့နောက် သူမသည် လေးလံလှသော မျက်ခွံကို တဖြည်းဖြည်း ပင့်တင်လိုက်လေသည်။

× × ×

တီးတိုး ညည်းညူသံတသံသည် သူမ၏ မပွင့်တပွင့် နှုတ်ခမ်းကြားမှ စိမ့်ထွက်လာသည်။

'အစ်ကို....ဆင့်....ဆင့်....အိ'

ဟူသော အသံပင် ဖြစ်ပါသည်။

ထို့နောက် သူမ၏ ခန္ဓာကိုယ်သည် အနည်းငယ် လှုပ်ရှားရှိလာသည်။ အတန်ကြာသောအခါ သူမ၏ မျက်ခွံသည် ပွင့်၍လာလေတော့သည်။ သူသည် သတိ မေ့မြောနေရာမှ ပြန်လည်သတိရရှိလာခြင်းပင် ဖြစ်ပါသည်။

× × ×

သူမ မျက်လုံး စတင် ပွင့်လာပြီ ဖြစ်သည်။

ပထမတွင် သူသည် ပုံရိပ် နှစ်ခုကို ဝိုးတဝါးမြင်နေရသည်။ ထို့နောက် တစထက်တစ ထိုပုံရိပ်များသည် ပီပြင်၍ လာလေသည်။ အဘိုးအို နှစ်ယောက်။

အဘိုးအိုနှစ်ယောက်သည် သူမအား ဝိုင်း၍ကြည့်နေသည်။ အနီရောင်ဝတ်စုံ ဝတ်ထားသော အဘိုးအိုက သူမကို ပွေ့ထားပြီး သူမ၏ နာမည်ကို ခေါ်နေခြင်းဖြစ်သည်။ သူမသည် သတိရလာသည်နှင့်တပြိုင်တည်း အနီရောင်ဝတ်အဘိုးအို၏ လက်ထဲမှ ရုန်းထွက်လိုက်သည်။ ပြီးမှ....

'ရှင်....ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

အနီရောင်ဝတ်စုံဝတ်ထားသည့် အဘိုးအိုသည် နှစ်လိုဖွယ်ရာ ပြုံးပြလိုက်ပြီး....

'ကျုပ်ကို အနီရောင် အဘိုးအိုလို့ ခေါ်တယ်'

ဟု ပြောလိုက်ပြီး သူ့ ဘေးရှိ အဘိုးအို တယောက်ကို ညွှန်ပြကာ....

'သူကတော့.... ဖုံလုံစုံတဲ့၊ တာလီမြို့စား၊ရဲ့ သိုင်းဆရာကြီး တဦးပဲ'

ပုရမ်းဖွေးသည် မျက်မှောင်ကလေး ကြုတ်ယင်း သူမ၏ ဝန်းကျင်ကို တချက် အကဲခတ် ကြည့်လိုက်သည်။

ဆားထန်သည် သူ၏လက်ထဲမှ ဓားကို သေသည့်တိုင်အောင် ဆုပ်ကိုင်ထားဆဲ ဖြစ်သည်။





ကျန် ဆားထန်တောင် ညီအစ်ကို နှစ်ယောက်သည်လည်း လဲကျသေဆုံးနေသည်ကို တွေ့ရလေသည်။ အနီရောင်ဝတ်အဘိုးအိုသည် ပြုံးယင်း....

'ကျုပ်က ပိုင်လိုရိနဲ့ ဆင့်ဆင့်အိ ဖိတ်ကြားချက်အရ ပျော်စရာ သစ်တောကျေးရွာကို သွားဖို့ လာယင်း မိန်းကလေးကို ဝိုင်းပြီး တိုက်ခိုက်နေတာ တွေ့လို့ ဝင်ကူညီခဲ့တာပါ'

ပုရမ်းဖွေးသည် မျက်မှောင် တချက် ကြုတ်သွားပြီး....

'အဘိုးက ကျွန်မကို သိလို့လား'

အနီရောင်ဝတ် အဘိုးအိုသည် တချက် ပြုံးလိုက်ပြီး....

'ကျုပ် တွေးတာ မမှားဘူး ဆိုယင် တော့ ကလေးမဟာ ပုရမ်းဖွေး ဖြစ်ရမယ်'

ပုရမ်းဖွေးသည် မျက်မှောင်ကြုတ်လျက်....

'ကျွန်မ ပုရမ်းဖွေး ဟုတ်ချင်မှ ဟုတ်မယ်'

အနီရောင်ဝတ်အဘိုးအိုသည် တချက် ရယ်မောလိုက်ပြီး....

'ဆင့်ဆင့်အိဟာ စကားပြောယင် ပုရမ်းဖွေးဆိုတဲ့ မိန်းကလေး အကြောင်းမပါယင် စကား မပြောတတ်ဘူးကွယ့်'

ယင်း စကားကြောင့် ပုရမ်းဖွေး၏ မျက်နှာသည် ပန်းနုရောင် သမ်းသွားလေသည်။ ပြီးမှ—

'ကျွန်မ ပုရမ်းဖွေးပါ၊ အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ရယ်မောယင်း....

'ကျုပ်ကို ကျေးဇူးတင်ဖို့ မလိုဘူး၊ ဒီကို လာဖို့ ဖိတ်ခေါ်တဲ့ ဆင့်ဆင့်အိကိုသာ ကျေးဇူးတင်ပါ'

ပုရမ်းဖွေးသည် မျက်မှောင် ကြုတ်ယင်း....

'ဘာဖြစ်လို့လဲ'

'သူကသာ ဖိတ်ခေါ်ခြင်း မရှိယင် ကျုပ် ဒီကိုရောက်လာမှာ မဟုတ်ဘူး၊ အဲဒီတော့ ကလေးမကိုလဲ ကယ်နိုင်မှာ မဟုတ်ဘူးပေါ့'

ပုရမ်းဖွေးသည် ပြုံးယင်း ဖုံလုစုံဘက်သို့ လှည့်ကာ....

'ဆရာကြီးကိုရော ဆင့်ဆင့်အိကပဲဖိတ်ခေါ်ထားတာပဲလား'

ဖုံလုစုံသည် ပြုံးလျက် သူ၏ဦးခေါင်းကို ခါယမ်းကာ....

'မဟုတ်ပါဘူး၊ ကျုပ်ကလဲ ကျုပ်ကိစ္စနဲ့ ကျုပ် ဖြတ်သွားယင်း မိန်းကလေးကို ကူညီခဲ့တာပါ'

ပုရမ်းဖွေးသည် ပြုံးယင်း....

'ဒါဆို ဆရာကြီးကို ကျေးဇူးတင်ကြောင်း ပြောရမှာပေါ့'

ဖုံလုစုံသည် ပြုံးယင်း....

'ကိစ္စမရှိပါဘူး၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး'

ဟု ပြောလိုက်ပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်လေသည်။ ပြီးမှ ရုတ်တရက် ရပ်တန့်လိုက်ပြီး အနီရောင်ဝတ် အဘိုးအိုအား လှမ်း၍ ကြည့်ကာ....

'ဩော်....ကျုပ်တို့ နောက်ထပ်တခါ ဆုံခွင့် ရှိဦးမလား'

အနီရောင်ဝတ်စုံ အဘိုးအိုသည် ပြုံးယင်း....

'ကျုပ်ဟာ ဆင့်ဆင့်အိရဲ့ မိတ်ဆွေဆိုတာ သတိရယင် ကျုပ်နဲ့ ဆုံဖို့ လွယ်ပါတယ်'





ဖုံလုစုံသည် ပြုံးယင်း....

'ဆင့်ဆင့်အိကနေ စုံစမ်းယင် ခင်ဗျားနဲ့ နောက်ထပ်တခါ ဆုံနိုင်မယ်ပေါ့'

အနီရောင်ဝတ်စုံ အဘိုးအိုသည် သူ၏ ဖြူဖွေးသော မျက်ခုံးမွေးကို ပင့်တင်ယင်း....

'ကျုပ်က တကယ်ပဲ စိတ်ဝင်စားဖို့ ကောင်းလို့လား'

ဖုံလုစုံသည် ပြုံးယင်း....

'ပထမ ခင်ဗျားရဲ့ သိုင်းပညာ၊ ဒုတိယ ခင်ဗျားရဲ့နာမည်၊ တတိယ ခင်ဗျားဟာ ဆင့်ဆင့်အိနဲ့ ပိုင်လိုရိက ဘာကြောင့် ဖိတ်ခေါ်တယ်ဆိုတဲ့ အချက်ပဲ'

အနီရောင်ဝတ် အဘိုးအိုသည် ရယ်မောယင်း....

'ဒါကတော့ အကြောင်းကိစ္စ ရှိလို့ပါ'

ဖုံလုစုံသည် တချက်ပြုံးယင်း....

'ကျုပ်တွေးတာ မမှားဘူးဆိုယင် အဲဒီကိစ္စဟာ ချယ်ရီနီ သူခိုးကိစ္စပဲ ဖြစ်ရမယ်'

ဟု ပြောလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ဖြူဖွေးသော မျက်ခုံးမွေးများကို ကြုတ်လိုက်ယင်း....

'ဆရာကြီးကလဲ ဒီကိစ္စကို သိနေပါလား'

ဖုံလုစုံသည် ပြုံးယင်း....

'ကျုပ်က တချိန်လုံး ဘေးကကြည့်နေတာကိုး၊ အင်း.... ဆင့်ဆင့်အိနဲ့ ပိုင်လိုရိအပြင် မင်းပါ ထပ်ပြီး ဒီကိစ္စထဲ ပါလာ

ယင် မုရုံကုဖန်ဆိုတဲ့ ချယ်ရီနီသူခိုးတော့ ပြေးပေါက်မရှိ ဖြစ်မှာပဲ'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း

'တကယ်လို့ ဆရာကြီးကပါ အဲဒီသူခိုးကို ဖမ်းမယ်ဆိုယင် ဒီသူခိုးဟာ မိုးပေါ်ပျံပြေးတောင် လွတ်မှာမဟုတ်တော့ဘူး'

ဟု ပြောလိုက်လေသည်။

ဖုံလုစုံသည် ရယ်မောယင်း

'ကျုပ်ကိစ္စကလဲ ရှိသေးတယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း

'နေပါဦး၊ ခင်ဗျားက မုရုံကုဖန်ဟာ ချယ်ရီနီသူခိုးလို့ ဘာလို့ ပြောနိုင်တာလဲ'

ဖုံလုစုံသည် ပြုံးလျက်

'မင်းရဲ့သူငယ်ချင်း ဆင့်ဆင့်အိနဲ့ ဖန်းကျုံစင်းတို့ ညောင်ပင်တောအုပ်ထဲမှာ တိုက်ခိုက်နေတုန်းက အဲဒီအနီးမှာ ကျုပ်ရှိနေတယ်၊ နောက်ဆုံး ဖန်းကျုံစင်း ထွက်ပြေးသွားပြီး သေတ္တာထဲက ပိုင်ပင်း ထွက်လာတော့မှ ကျုပ်လဲ မုရုံကုဖန်ဟာ ချယ်ရီနီသူခိုးဖြစ်ကြောင်း ရိပ်မိခဲ့တာ'

အနီရောင်ဝတ် အဘိုးအိုသည် မျက်မှောင်ကြုတ်ယင်း…

'သြော်….'

ဟု တချက် ရေရွတ်လိုက်သည်။

ဖုံလုစုံသည် ပြုံးလျက် သူ၏စကားကို ဆက်၍ ပြောပြန်သည်။





'အဲဒီတုန်းက ကျုပ် ရိပ်မိရုံသာ ရိပ်မိတာ၊ နောက်တော့မှ သေချာကြောင်း သိခဲ့တယ်'

အနီရောင်ဝတ်စုံနှင့် အဘိုးအိုသည် မျက်မှောင်ကြုတ်ယင်း

'ဘယ်လို သိခဲ့တာလဲ'

'ကျုပ်လှည့်ပြန်မယ်လုပ်တုန်း နောက်ထပ် မြင်းလှည်းတစီး တရကြမ်း မောင်းလာတာ တွေ့လိုက်တယ်၊ ပြီးတော့ မြင်းလှည်းမောင်းတဲ့ လူဟာ မုရုံကုဖန်ရဲ့လူ ဖြစ်ကြောင်း ကျုပ် သိထားတယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း-

'ဒါနဲ့ ခင်ဗျားက အဲဒီ မြင်းလှည်းနောက် လိုက်သွားတယ် ဆိုပါတော့'

ဖုံလုစုံသည် ဦးခေါင်းညိတ်ယင်း….

'ဒါပေါ့၊ ကျုပ်က စိတ်ဝင်စားစရာ တွေ့ယင် အငြိမ်မနေတတ်ပဲ'

အနီရောင်ဝတ် အဘိုးအိုသည် မျက်မှောင် ကြုတ်ယင်း….

'နောက်တော့ ဘာဖြစ်သေးလဲ'

'အဲဒီ မြင်းလှည်းဟာ ဒီကနေ (၇) မိုင်လောက် ဝေးတဲ့ နေရာက ဘုံကျောင်းပျက်ထဲကို ဝင်သွားတယ်၊ ပြီးတော့ မြင်းလှည်းပေါ်က မုရုံကုဖန်နဲ့ ဖန်းကျုံစင်းတို့ ဆင်းလာပြီး ဘုံကျောင်းထဲက လူတယောက်နဲ့ စကားပြောတာ ကျုပ် တွေ့ခဲ့တာပေါ့'

အနီရောင်ဝတ် အဘိုးအိုသည် ရုတ်တရက် ပြုံးလိုက်ပြီး….

'ကျုပ်ထင်တာ မလွဲဘူးဆိုယင်တော့ ဆရာကြီး စိတ်ဝင်စားတာ မုရိုကုဖန် မဟုတ်ပဲ ဖန်းကျုံစင်း ဖြစ်မယ်ထင်တယ်'

ဖုံလုစုံသည် ရုတ်တရက် မျက်မှောင်ကြုတ်၍ သွားလေသည်။ ပြီးမှ ပြုံးလိုက်ပြီး....

'အင်း....ခင်ဗျားလဲ မဆိုးဘူး၊ ခင်ဗျားကိုယ်တိုင် ဖန်းကျုံစင်းကို မသက်သာဘူးနဲ့ တူတယ်'

အနီရောင်ဝတ် အဘိုးအိုက ခေါင်းညိတ်လိုက်ယင်း....

'ဟုတ်တယ်၊ ကျုပ် သူ့ရဲ့ သိုင်းကွက်ကို မြင်ဖူးတယ်၊ အင်မတန် ကြောက်စရာ ကောင်းတဲ့ သိုင်းကွက်ပဲ'

အနီရောင်ဝတ်စုံနှင့် အဘိုးအိုသည် စကားဖြတ်ကာ ဖုံလုစုံအား ပြုံးပြလိုက်၏။

'ဘာလဲ တုကုရင်းရဲ့ သိုင်းကွက်နဲ့ ဆင်လို့လား'

ဖုံလုစုံသည် အနီရောင်ဝတ် အဘိုးအိုကို တချက် စိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားက ဗဟုသုတလဲ စုံပါလား၊ဟုတ်တယ်၊ တုကုရင်းရဲ့ သံကြိုးကွင်း မပါတာ တခုပဲ ကွာတယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဘာလို့ သူ့နာမည်ဟာ သိုင်းလောကမှာ မထင်ရှားခဲ့တာလဲ'

ဖုံလုစုံသည် ပြုံးယင်း....

'ဟုတ်တယ်၊ ဖန်းကျုံစင်းဟာ သူ့အရွယ်နဲ့ ကျော်ကြားမှုကို မက်မောမှာပဲ'





'နာမည်အတု မျက်နှာအတုများ ဖြစ်နေမလား'

'အစက ကျုပ်လဲ ဒီအတိုင်း တွေးခဲ့တယ်၊ ဒါပေမယ့် သူ့မျက်နှာက အတုဖြစ်ဟန် မတူဘူး'

'ဒီတော့....'

ဖုံလုစုံသည် သက်ပြင်းချလိုက်ပြီး....

'ဒါကြောင့် ကျုပ် တခုတွေးမိတယ်၊ ဖန်းကျုံစင်းနဲ့ တုကုရင်းဟာ ဆက်စပ်မှု ရှိသလားလို့'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးကာ....

'ဒီတော့ ခင်ဗျားက ဖန်းကျုံစင်းဆီက တုကုရင်းရဲ့သတင်း ရမယ်လို့ ထင်တယ်ပေါ့'

ဖုံလုစုံသည် ဦးခေါင်းကိုညိတ်ယင်း....

'ဒါဟာ ကျုပ်အတွက် သဲလွန်စတခုပဲ၊ အင်း ပြောရယင် အတော့်ကို ထူးဆန်းတာပဲ၊ ကျုပ်တို့ ဝိုင်းထားတဲ့ ကြားထဲက တုကုရင်းဟာ လောကပေါ်မှာ မရှိအောင်ကို ပျောက်သွားခဲ့တယ်'

အနီရောင်ဝတ် အဘိုးအိုသည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်ယင်း....

'အင်း....အတော်ထူးဆန်းတာပဲ'

ဖုံလုစုံသည် ပြုံးယင်း....

'ဒါကြောင့် ကျုပ် ဖန်းကျုံစင်းကို သက်သမကင်းဖြစ်တာ အပြစ်လား'

ဟု မေးလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'အပြစ်မပြောပါဘူးဗျာ၊ ဩော် ဒါနဲ့ ကျုပ်တို့ လမ်းကြုံ တုန်း မုရုံကုဖန်တို့ ရှိတဲ့ ဘုံကျောင်းပျက်ကို သွားယင်မကောင်း ဘူးလား'

ဖိုးလုစုံသည် ဦးခေါင်းကို ညိတ်ယင်း—

'ကောင်းတာပေါ့၊ ကျုပ်တို့ နောက်ထပ် ထူးဆန်းတာတွေ စိတ်ဝင်စားစရာတွေ တွေ့နိုင်တာပေါ့'

ပုရမ်းဖွေးသည် တချိန်လုံး ဘာမှ ဝင်မပြောပဲ ငြိမ်၍ နား ထောင်နေရာမှ....

'ကျွန်မလဲ လိုက်လို့ မရဘူးလား'

ဖိုးလုစုံသည် တချက် ရယ်မောလိုက်ယင်း—

'မလိုက်ယင် ပိုကောင်းမယ် ထင်တယ်'

ဟု ပြောလိုက်လေသည်။

ပုရမ်းဖွေးသည် မျက်မှောင်ကြုတ်လိုက်ပြီး....

'ကောင်းပြီလေ'

ဟု ပြောလိုက်လေသည်။

ထို့နောက် ဖိုးလုစုံနှင့် အနီဝတ် အဘိုးအိုသည် ဘုံကျောင်း ပျက် ရှိရာသို့ ထွက်သွားလေတော့သည်။

× × ×

ဖိုးလုစုံသည် ရုတ်တရက် မျက်မှောင်ကြုတ်၍ သွားသည်။ သူ၏နောက်မှ လူရိပ်တရိပ်ကို တွေ့လိုက်ရသည် မဟုတ်ပါလော။





ထို့ကြောင့် သူ့ဘေးသို့ လှမ်း၍ ကြည့်လိုက်သည်။ သူ့ဘေး တွင် အနီရောင်ဝတ် အဘိုးအိုသည် သူနှင့်ယှဉ်၍ သွားနေသည်။

ထို့ကြောင့် မိမိ၏နောက်မှ တွေ့ရသော လူရိပ်သည် မည်သူ ဖြစ်မည်နည်းဟု ဖိုးလုစုံ စဉ်းစားမိလေသည်။

သူသည် သူ၏ ခန္ဓာကိုယ်ကို ရုတ်တရက် ရပ်တန့်လိုက်ပြီး နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ယင်းသို့ လှည့်ကြည့်လိုက်သည်နှင့် တပြိုင်တည်းမှာပင် သူ၏ မျက်လုံးသည် ပြူးကျယ် သွားလေတော့သည်။

အကြောင်းမှာ သူ၏နောက် ဝါးတရိုက်ခန့် အကွာတွင် ပုရမ်းဖွေး ရပ်တန့်နေသည်ကို တွေ့ရသောကြောင့်ဖြစ်လေသည်။

လွင်စာပေ
အမှတ် ၁၃၀၊ ၆-ထမ်း
ဧတော်ရှ

## လျှင်မြန်သော တိုက်စစ်

ညဉ့်နက်လာပြီ ဖြစ်သည်။

ထို့ကြောင့် ပို၍အေးမြသော လေသည် တိုက်ခတ်လျက်ရှိသည်။

ဖိုလုစုံသည် မျက်မှောင်ကြုတ်၍ ကြည့်နေသည်။

ပြီးမှ တဖြည်းဖြည်း ပြုံးလာယင်း ပုရမ်းဖွေးအား လှမ်း၍

'မဆိုးဘူး....၊ မင်းရဲ့ ခြေလှမ်းက တို့ကို မီအောင်လိုက်နိုင်သားပဲ၊ ဒီလိုလိုက်နိုင်အောင် ဘယ်သူ သင်ပေးထားတာလဲ'

ပုရမ်းဖွေးသည် ပြုံးယင်း....





'အဖေ သင်ပေးခဲ့တာ'

ဖိုလုစုံသည် အတန်ကြာ စဉ်းစားပြီးမှ....

'မင်းအဖေ ဘယ်သူလဲ'

ပုရမ်းဖွေးသည် ပြုံးယင်း....

'ပုချွန်းလီဟာ ကျွန်မရဲ့ အဖေပဲ'

ဖိုလုစုံသည် အံ့သြဟန်ဖြင့်....

'သြော်....ဒါကြောင့်ကိုး'

ပုရမ်းဖွေးသည် ပြုံးယင်း....

'ကျွန်မ လိုက်လာနိုင်ပြီလား'

ဟု မေးလိုက်လေသည်။

ဖိုလုစုံသည် ပြုံးယင်း....

'ကျုပ်တို့ကို မီအောင် လိုက်နိုင်မှတော့ ဘာလို့ ထားခဲ့ရမှာလဲ'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဒါပေမယ့် ကျုပ်နဲ့ သိပ်ဝေးဝေးတော့ မနေနဲ့'

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့သုံးယောက်သည် ညောင်ပင် တောအုပ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

× × ×

လရောင်သည် အေးမြလှသည်။

ညဥ့်၏ နှင်းမှုန်တို့သည် အရာရာကို ဝိုးတဝါး မြင်တွေ့ရသည်။

ညောင်ပင်တောအုပ်ထဲမှ ဖြတ်သန်း၍ ပြေးလွှားနေသော ဖုံလုံစုံ၊ အနီရောင်ဝတ်အဘိုးအိုနှင့် ပုရမ်းပွေးတို့ကို မြင်ရသည်မှာ ပြေးလွှားနေသည်ဟု မထင်ရချေ။

သူတို့သည် လေထဲ၌ ဝဲပျံနေသကဲ့သို့ ထင်ရပေသည်။

ဖုံလုံစုံသည် ထိုသို့ပြေးလွှားယင်း အနီရောင်ဝတ် အဘိုးအိုအား လှမ်း၍....

'ကျုပ်တို့ စောစောတုန်းက ခေါးကွက် ဆယ့်သုံးကွက် စမ်းခဲ့တယ်နော်'

ဟု ပြောလိုက်လေသည်။

အနီရောင်ဝတ်စုံနှင့် အဘိုးအိုက....

'ဟုတ်တယ်'

ဖုံလုံစုံသည် ပြုံးယင်း....

'ကျုပ်ရဲ့ ခေါးချက်ကို ဆက်ပြီးခုတ်မယ်ဆိုယင် ဘယ်လို ဖြစ်လာမလဲ'

အနီရောင်ဝတ် အဘိုးအိုက....

'ခင်ဗျားရဲ့ နဂါးသိုင်းကွက် ဆယ့်သုံးကွက်ရဲ့ နောက်မှာ ခင်ဗျားရဲ့ ခေါးက ကျုပ်ရဲ့ ညာဘက်ပခုံးကို ဖောက်ဝင်သွားလိမ့်မယ်'

ဖုံလုံစုံသည် ပြုံးယင်း....





'ဟုတ်တယ်...တချိန်တည်းမှာပဲ ခင်ဗျားရဲ့ ခေါးက ကျုပ်ရဲ့ လက်မောင်းကို ခုတ်ချမှာပဲ မဟုတ်လား'

အနီရောင်ဝတ် အဘိုးအိုက....

'မှန်တယ်'

ဖုံလုံစုံသည် ပြုံးယင်း....

'ကျုပ်တို့ ဘာဖြစ်လို့ မခုတ်ဖြစ်တာလဲ'

အနီရောင်ဝတ် အဘိုးအိုက....

'ကျုပ်တို့ဟာ အဖြူရောင် သိုင်းသမားတွေဖြစ်လို့၊ ပြီးတော့ ကျုပ်တို့ကြားမှာ ဘာရန်ငြိုးမှ မရှိပဲ'

ဖုံလုံစုံသည် ရယ်မောယင်း....

'မှန်တဲ့စကားပဲ၊ လေးလဲ လေးနက်တယ်၊ ခင်ဗျားလိုပုဂ္ဂိုလ်မျိုးနဲ့ မိတ်ဆွေဖြစ်တဲ့ လူဟာ ကံကောင်းတာပဲ'

အနီရောင် အဘိုးအိုသည် ပြုံးယင်း....

'ဆရာကြီးနဲ့ မိတ်ဆွေဖြစ်ရတဲ့ လူဟာလဲ ကံကောင်းတာပဲ'

ဖုံလုံစုံသည် တဟားဟား ရယ်မောယင်း....

'ဒါဆို ကျုပ်တို့ ကံကောင်းတာပေါ့'

ဟု ပြောလိုက်လေသည်။

ထိုစဥ် သူတို့၏ရှေ့၌ ဘုံကျောင်းပျက်ကို လှမ်းတွေ့ရပြီ ဖြစ်လေသည်။

× × ×

မှုန်ဝါးသော အလင်းရောင်အောက်၌ ဘုံကျောင်းပျက်သည် အသည်းငယ်သူများအတွက် ထိတ်လန့်သွားစေလေသည်။

ထိုစဉ် ရုတ်တရက် 'အား' ဟူသော အော်သံနှင့် အတူ ဘုံကျောင်းပျက်၏ ဘေးရှိ သစ်ပင်ပေါ်မှ အနက်ရောင် ဝတ်ထားသော လူတယောက်သည် မြေပေါ်သို့ ကျလာလေသည်။

ထို့နောက်....ထိုလူသည် လုံးဝ မလှုပ်ရှားတော့ချေ။

ထိုလူ ကျလာသော သစ်ပင်ပေါ်မှ လူတယောက် ခုန်ဆင်း၍ လာလေသည်။ ထိုလူမှာ အနီရောင်ဝတ် အဘိုးအိုပင် ဖြစ်ပါသည်။

ထိုစဉ် ရုတ်တရက် သစ်ပင်များကြားမှ အနက်ရောင်ဝတ်လူတဦး လွင့်ပျံလာပြီး အနီရောင်ဝတ် အဘိုးအို၏ ခြေရင်း၌ လဲကျသွားလေသည်။

ထိုလူသည် ထ,ရန် တချက်မျှအားယူလိုက်ပြီး မြေပေါ်သို့ ပြန်လည်လဲကျကာ ထမလာတော့ချေ။

ထိုလူ ပစ်လွှင့်လာရာ သစ်ပင်ကြားမှ လူတယောက် ထွက်လာလေသည်။

ထိုလူမှာ ဖုံလုစုံပင် ဖြစ်ပါသည်။

ထိုစဉ် လူရိပ်တခုသည်ဘုံကျောင်းပျက် ဝင်းထရံကို ကျော်၍ ခုန်ဝင်သွားသည်ကို တွေ့လိုက်ရလေသည်။

တဆက်တည်းမှာပင် ထိုလူရိပ်၏ နောက်မှ လူရိပ်တခု ထပ်မံ ခုန်ကျော်သွားသည်ကို တွေ့လိုက်ရလေသည်။





ထို့ကြောင့် ဖုံလုစုံနှင့်အနီရောင်ဝတ် အဘိုးသည် တယောက်ကိုတယောက် အချက်ပေးလိုက်ပြီး ဘုံကျောင်းပျက်၏ဝင်းထရံကို ခုန်ကျော်၍ ဝင်ရောက် လိုက်သွားလေတော့သည်။

× × ×

ဝင်းထရံကိုကျော်၍ ဝင်သွားသော ပထမလူရိပ်သည် ဘုံကျောင်းပျက်၏ အုတ်လှေကားရင်းသို့ ရောက်ချိန်၌ ဒုတိယလူရိပ်သည် သူ၏ ရှေ့သို့ ကျရောက်လာလေသည်။

ပထမလူရိပ်သည် ဗလကောင်းသော မုရုံကုဖန်၏ အစောင့်ဖြစ်ပြီး၊ ဒုတိယ လူရိပ်သည် လှပသော ပုရမ်းဖွေးပင် ဖြစ်ပါသည်။

မုရုံကုဖန်၏ အစောင့်သည် ရုတ်တရက် သူ၏ခါးမှ ဓားကို ဆွဲ၍ထုတ်လိုက်လေသည်။ သို့သော်....

သူ၏ ဓားသည် ဓားအိမ်မှ တဝက်ခန့်သာ ထွက်လာချိန်အတွင်း ပုရမ်းဖွေးသည် ထိုလူ၏ သွေးကြော လေးနေရာကို ပိတ်ပြီး ဖြစ်နေလေတော့သည်။

ထိုအချိန်၌ ဖုံလုစုံနှင့် အနီရောင်ဝတ် အဘိုးအိုသည် ရှေ့ဆင့်နောက်ဆင့် ရောက်ရှိ လာလေတော့သည်။

ဖိုလုစုံသည် ပုရမ်းဖွေးအား ပြုံး၍ကြည့်ယင်း....

'တော်တယ်'

ဟု ချီးကျူးလိုက်လေသည်။

ပုရမ်းဖွေးသည် ရှက်ပြုံးပြုံးယင်း....

'ကဲ....ဘာဆက်လုပ်မလဲ'

ဟု မေးလိုက်လေသည်။

ဖိုလုစုံသည် ပြုံးလျက်....

'တို့ အထဲဝင်ရုံပေါ့'

ဟု ပြောလိုက်ကာ ပိတ်ထားသော တံခါးကို လက်သီးဖြင့် ထိုးခွဲလိုက်လေသည်။

'ဝုန်း....'

ဟူသော အသံနှင့်အတူ တံခါးရွက်ပျဉ်ချပ်သည် ကျိုးပဲ့ လွင့်စင်သွားလေတော့သည်။

× × ×

လှုင်ါးယောက်။

အနက်ရောင် ဆင်တူ ဝတ်ဆင်ထားသည်။





ဓားရှည် ကိုယ်စီကိုင်လျက် နေရာအနှံ့မှ အလျှိုအလျှို ပေါ်ထွက်လာလေသည်။ ဖိုလုစုံတို့ သုံးယောက်သည် တယောက်နှင့် တယောက် လှမ်း၍ ပြုံးပြလိုက်သည်။

ထို့နောက် သူတို့ ငါးယောက်သည် ဖိုလုစုံတို့ သုံးဦးကို နေရာခွဲ၍ ဝိုင်းလိုက်လေသည်။

ထို့နောက် တဆက်တည်း သူတို့၏ ဓားများကို ဝင့်ကာ တိုက်ခိုက်လေတော့သည်။

× × ×

ဖိုလုစုံသည် သူ၏ ညာဘက်မှ ဝင်လာသော ဓားသမားကို ရှောင်တိမ်းလိုက်ပြီး ထိုလူ၏ ဓားကိုင်ထားသောလက်ကို ဖမ်းဆုပ်လိုက်လေသည်။

တဆက်တည်းမှာပင် နောက်မှ ဝင်လာသော ဓားသမား၏ ဓားချက်ကို ခံပေးလိုက်လေသည်။

ထို့နောက် တဆက်တည်း နောက်မှ ဝင်လာသူ၏ ရင်ဘတ်ကို လက်ဖြန့် ရိုက်လိုက်လေသည်။

'အွန့်....'

ဟူသော အသံနှင့်အတူ နောက်မှ ဝင်လာသော ဓားသမားသည် မြေပေါ်သို့ လဲကျသွားလေတော့သည်။

ထိုစဉ် ဖုံလုံစုံ၏ရှေ့မှ ဓားသမား တယောက်သည် ဖုံလုံစုံအား ဓားဖြင့် စလွယ်သိုင်း ခုတ်ချလိုက်လေသည်။

ဖုံလုံစုံသည် သူဖမ်းချုပ်ထားသော ဓားသမားကို သူ၏ရှေ့မှ ကာပေးလိုက်ရာ....

'အား'

ဟူသော အသံနှင့်အတူ ထို ဓားသမား၏ ရင်ဘတ်၌ အနီစင်းပေါ်ထွက်လာပြီး အရုပ် ကြိုးပြတ် လဲကျသွားလေတော့သည်။

တချိန်တည်းမှာပင် ဖုံလုံစုံသည် ထို ဓားသမားကို လွှတ်ချလိုက်ပြီး မိမိ၏ရှေ့မှ ဓားသမားအား ဝိုက်၍ ကန်လိုက်လေ၏။

ထိုဓားသမားသည် ရှောင်တိမ်းရန် ကြိုးစား သော်လည်း ဖုံလုံစုံ၏ ကန်ချက်သည် လျင်မြန် တိကျသဖြင့်....

'အား....'

ဟု အော်မြည်ကာ နောက်သို့ လွင့်စဉ် ကျသွားလေတော့သည်။ ဖုံလုံစုံသည် တချက် ရယ်မောလိုက်ပြီး....

'အင်း... ဝင်လာတဲ့ လူတွေဟာ ဘယ်သူ ဘယ်ဝါ ဆိုတာမေးဖို့ကောင်းတယ်'

ဟု ရေရွတ်လိုက်ပြီး....

ပုရမ်းဖွေးနှင့် အနီရောင်ဝတ်စုံ အဘိုးအိုထံ လှမ်းကြည့်လိုက်လေသည်။

× × ×





လူ ငါးယောက် မဟုတ်တော့ပါ။

အလောင်း ငါးလောင်း ဖြစ်သွားပြီ ဖြစ်ပါသည်။

သူတို့သည် ခဏမျှရပ်၍ ဝန်းကျင်ကို တချက် အကဲခတ်ကြည့်လိုက်သည်။ မည်သည့် လှုပ်ရှားမှုကိုမျှ မတွေ့ရပါ။

ဖုံလုံစုံသည် တချက် ပြုံးလိုက်ပြီး ရှေ့သို့ လျှောက်သွားကာ ခန်းမ တံခါးကို ဖွင့်လိုက်လေသည်။

ခန်းမ တံခါးသည် မင်းတုပ် ထိုးထားခြင်းမရှိပါ။

ထို့ကြောင့် တံခါးသည် လွယ်ကူစွာပင် ပွင့်၍ သွားလေတော့သည်။

တံခါး ပွင့်သွားသည်နှင့် တပြိုင်တည်း ခန်းမထဲမှ အသံတသံကို ကြားလိုက်ရလေသည်။

× × ×

ခန်းမ တခုလုံးသည် ရှုပ်ပွ၍ နေလေသည်။

အရာရာတိုင်းသည် ပျက်စီး ယိုယွင်း၍ နေလေသည်။

ယင်းသို့ ပျက်စီးယိုယွင်းနေသော ခန်းမထဲ၌ လူတယောက်သည် ဖုန်များ သဲများထဲ၌ တင်ပျဉ်ခွေ၍ ထိုင်နေလေသည်။

သူ၏ရှေ့၌ ဖယောင်းတိုင် သုံးတိုင် ထွန်းညှိထား သည်။ သူသည် မျက်လုံးများကို စုံမှိတ်ထားပြီး မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေလေသည်။

သိုင်းပညာ ကျင့်စဉ် တခုခုကို လေ့ကျင့်နေဟန်တူ၏။ ထိုသူသည်ကား မုရုံကုဖန်၏ ရုပ်ဖျက်ဝိဇ္ဇာ မျက်လှည့် ဆရာကြီးပင် ဖြစ်ပေတော့သည်။

× × ×

ဖယောင်းတိုင်မှ မီးများသည် ယိမ်းထိုး လှုပ်ရှားနေ၏။

ထို့ကြောင့် ရှည်လျားသော ပုံရိပ်များသည် ဇယ်ညာ ယိမ်းထိုး လှုပ်ရှားနေလေသည်။

ဖုံလုစုံသည် မျက်လှည့်ဆရာကြီးအား စိုက်၍ကြည့်နေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ဖုံလုစုံကို တချက်လှမ်း၍ကြည့်လိုက်ယင်း ပတ်ဝန်းကျင်ကိုပါ တချက် အကဲခတ် ကြည့်လိုက်လေသည်။

ပုရမ်းဖွေးသည် ခန်းမထဲသို့ နောက်ဆုံးမှ ဝင်ရောက်လာပြီး မျက်လှည့်ဆရာကြီးအား ထူးဆန်းစွာ စိုက်၍ ကြည့်လိုက်လေသည်။





ဖုံလုစုံသည် မျက်လှည့် ဆရာကြီးအား မျက်မှောင်ကြုတ်၍ ကြည့်ယင်း....

'ဖန်းကျုံစင်းနဲ့ မုရုံကုဖန်တို့ ဘယ်မှာလဲ'

ဟု အေးစက်စွာ မေးလိုက်လေသည်။

မျက်လှည့်ဆရာကြီးထံမှ မည်သည့်အသံမှ မကြားရပါ။

မျက်လှည့် ဆရာကြီးသည် ဘာမှမသိ၊ ဘာမှမကြား၊ ဘာမှမမြင်သကဲ့သို့ သူ၏ မျက်လုံးများကို မှိတ်၍ ထားလေသည်။

ဖုံလုစုံသည် မျက်မှောင်ကြုတ်လျက်....

'ဟေ့ မေးနေတာ မကြားဘူးလား၊ ဖန်းကျုံစင်းနဲ့ မုရုံကုဖန် ဘယ်မှာလဲ'

ဟု ထပ်မံမေးလိုက်လေသည်။

မျက်လှည့်ဆရာကြီးသည် သူ၏ ဦးခေါင်းကို တဖြည်းဖြည်း မော့လိုက်သည်။ ပြီးမှ ဖုံလုစုံကို စိုက်၍ ကြည့်လိုက်သည်။

ထို့နောက် မျက်လွှာကို ပြန်ချကာ သိုင်းပညာကျင့်စဉ်ကို ဆက်၍ ကျင့်နေပြန်သည်။ ဖုံလုစုံသည် စိတ်မရှည်ဟန်ဖြင့်....

'ဒီတခါ နောက်ဆုံးပဲ၊ မပြောယင် ကျုပ်ကို အဆိုးမဆိုနဲ့'

ဟု ပြောလိုက်လေသည်။

မျက်လှည့်ဆရာကြီး၏ နှုတ်ခမ်း ထောင့်၌ ပြုံးရိပ်ကလေး တရိပ် ပေါ်လာပြီး....

'အင်း-မုရုံကုဖန် ဘယ်မှာရှိတယ်ဆိုတာကို မင်းတသက်လုံး မသိပဲ ဖြစ်သွားမှာပေါ့'

ဟု ပြန်၍ ပြောလိုက်လေသည်။

ပြီးမှ....

'ဘယ်သူက တွေ့ချင်တယ်ဆိုတာ ကျုပ် မသိရဘူးလား' ဟု မေးလိုက်လေသည်။

ဖုံလုစုံသည် နှုတ်ခမ်းတချက် မဲ့လိုက်ပြီး....

'ဖုံလုစုံ....တာလီမြို့စားရဲ့ သိုင်းဆရာကြီး' ဟု ဖြေလိုက်လေသည်။

မျက်လှည့်ဆရာကြီးသည် သူ၏ ဦးခေါင်းကို တဆတ်ဆတ် ညိတ်ယင်း....

'ဪ....နာမည်ကြီး သိုင်းဆရာကြီးကိုး'

ဖုံလုစုံသည် နှုတ်ခမ်း တချက် ကိုက်လိုက်ပြီး စိတ်မရှည် ဟန်ဖြင့်....

'မုရှံကုဖန်နဲ့ ဖန်းကျုံစင်း ဘယ်မှာလဲ'

မျက်လှည့်ဆရာကြီးသည် ပြုံးလိုက်ပြီး....

'ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ ကျုပ်ကို မေးနေရသေးလား' ဟု ပြန်လည် ပြောလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် သက်ပြင်းတချက်ချလိုက်ပြီး-

'အင်း....ကျုပ်တို့ကို အချိန်ဆွဲနေပြီနဲ့ တူတယ်'

ဖုံလုစုံသည် ဦးခေါင်းကို ညိတ်လိုက်ယင်း....

'ဟုတ်တယ်' ဟု ပြောလိုက်သည်။ ထို့နောက် သူ၏ခါးမှ ဓားကို ဆွဲ၍ထုတ် လိုက်ပြီး....

'ဒီမှာ....ကျုပ်ဟာ ကျုပ် လိုချင်တဲ့ အဖြေကို ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ရအောင်ယူတတ်တယ်'





မျက်လှည့်ဆရာကြီးသည် ပြုံးလိုက်ပြီး....

'ကျုပ်ကလဲ မေးသမျှကို ဖြေချင်မှ ဖြေတဲ့ လူပဲဗျ'

ထိုစဉ် သူတို့သည် မြင်းလှည်းတစင်း ထွက်ခွာ သွားသံကို ကြားလိုက်ရလေသည်။

ထို့ကြောင့် ဖုံလုစုံနှင့် အနီရောင်ဝတ်အဘိုးအိုသည် သူတို့၏ ခန္ဓာကိုယ်ကို တချက်လှုပ်လိုက်ပြီး ခန်းမထဲမှ ပြေးထွက်သွား လေတော့သည်။

တချိန်တည်းမှာပင်....

ဖုံလုစုံသည် သူ၏ လက်ထဲမှ ဓားကို တချက် ဝင့်လိုက်ပြီး မျက်လှည့်ဆရာကြီးထံ ခုန်ဝင်သွားလေတော့သည်။

× × ×

မျက်လှည့်ဆရာကြီးသည် ပြုံးယင်း ကြည့်နေသည်။

သူသည် သူ့ထံသို့ ပြေးဝင်လာသော ဖုံလုစုံကို ပြုံး၍ကြည့် နေရာမှ သူ၏ လက်ကို တချက် ဝှေ့ယမ်းလိုက်လေသည်။

'ဝုန်း' ဟူသော အသံနှင့်အတူ မီးခိုးလုံးများ ပေါ်ထွက်လာလေတော့ သည်။

ဖုံလုစုံသည် သူ၏ ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်လိုက်လေသည်။

အကြောင်းမှာ မီးခိုးလုံးများသည်မျက်လှည့်ဆရာကြီးအား လွှမ်းခြုံသွားသောကြောင့် ဖြစ်၏။

'ဟား ဟား ဟား'

ဟူသော မျက်လှည့်ဆရာကြီး၏ ရယ်မောသံသည် မီးခိုးလုံးများကြားမှ ပေါ်ထွက်လာလေသည်။

ထို့နောက် တဖြည်းဖြည်းနှင့်မျက်လှည့်ဆရာကြီး၏ရယ်မောသံလည်း ဝေး၍ သွားလေတော့သည်။

မီးခိုးငွေ့များ ပျောက်ကွယ်သွားသောအခါ ဖယောင်းတိုင်သုံးတိုင်သာ ကျန်ရစ်နေခဲ့ပြီး မျက်လှည့်ဆရာကြီးကို လုံးဝမတွေ့ရတော့ချေ။

ဖုံလုစုံသည် မျက်ခုံးမွေးများ နိမ့်ကျသည့်တိုင်အောင် မျက်မှောင် ကြုတ်လိုက်မိလေသည်။

မျက်လှည့်ဆရာကြီး မြေလျှိုး၍ မိုးပျံသွားပြီလော၊ ဖုံလုစုံ မသိပါ။ ထိုခဏ ရုတ်တရက်။

ခန်းမကြီးတခုလုံးသည် တုန်ခါ၍သွားပြီး....

'ဝုန်း....ဝုန်း....ဝုန်း'

ဟူသော အသံများနှင့်အတူ ပြိုကျလာလေတော့သည်။

× × ×





မြင်းလှည်းသည် အပြင်းနှင်၍ နေသည်။

ပုရမ်းဖွေးနှင့် အနီရောင်ဝတ် အဘိုးအိုသည် သစ်တောအုပ်အတွင်းမှ ဖြတ်၍ မြင်းလှည်းကို အမီလိုက်နေသည်။

မကြာမီမှာပင် သူတို့သည် မြင်းလှည်း၏ ရှေ့မှ ကြို၍ရောက်ရှိလာလေတော့သည်။

မြင်းလှည်းသည် လမ်းကြောင်းအတိုင်း ကွေ့ပတ် မောင်းနှင်ရ သဖြင့် ဖြတ်လမ်းမှ လျင်မြန်စွာ ပြေးလိုက်လာသော ပုရမ်းဖွေးနှင့် အနီရောင်ဝတ် အဘိုးအိုကို မျက်ခြည် မပြတ်နိုင်ခဲ့ပါ။ လှည်းလမ်းတနေရာသို့ ပုရမ်းဖွေးတို့ပင် အယင် ရောက်ရှိနေခဲ့ကြသည်။

မြင်းလှည်းမောင်းသမားသည် သူ့ရှေ့ရှိ လမ်းပေါ်၌ပုရမ်းဖွေးနှင့် အနီရောင်ဝတ် အဘိုးအို ရပ်တန့်နေသည်ကို တွေ့သောအခါ မြင်းလှည်းကို ရုတ်တရက် ရပ်တန့်လိုက်လေသည်။

ပြီးမှ တချက်ပြုံးလိုက်ပြီး သူ၏ လက်တဘက်ဖြင့် ဘေး၌ရှိသော ကြိုးစကို ဆွဲလိုက်လေသည်။

ယင်းသို့ ဆွဲလိုက်သည်နှင့် တပြိုင်တည်း....

'ဝုန်း'

ဟူသော အသံနှင့် အတူ မြင်းလှည်းသည် အစိပ်စိပ် အမွှာမွှာ ကွဲသွားလေတော့သည်။

အနီရောင်ဝတ် အဘိုးအိုသည် 'ဝုန်း'ဟူသော အသံ ကြားသည်နှင့် တပြိုင်တည်း ပုရမ်းဖွေးကိုဖက်၍ မြေပေါ်သို့ လှဲချလိုက်လေတော့သည်။

F21

မီးခိုးများစဲ၍သွားမှ အနီရောင်ဝတ် အဘိုးအိုသည် လဲကျနေရာမှ ထလိုက်သည်။

ထို့နောက် သူ၏ခန္ဓာကိုယ်ပေါ်မှ မြင်းလှည်း အပိုင်းအစများ၊ ဖုန်မှုန့်များကို ခါချလိုက်ယင်း....

'အင်း....ပြင်းလိုက်တဲ့ယမ်းပဲ'

ဟု ရေရွတ်လိုက်လေသည်။

ပုရမ်းဖွေးသည် လဲကျနေရာမှ ထကာ သူမ၏ ကိုယ်ပေါ်မှ ဖုန်မှုန့်များကို ခါယမ်းနေလေသည်။

အနီရောင်ဝတ် အဘိုးအိုသည် အတန်ကြာသည့် တိုင်အောင် မျက်မှောင်ကြုတ်နေပြီးမှ....

'ကျုပ်တို့ ဘုံကျောင်းပျက်ကို မြန်လိုက်ရအောင်'

ဟု ပြောလိုက်ပြီး သူ၏ ခန္ဓာကိုယ်ကို တချက်မျှလှုပ်ကာ ပြေးထွက်သွားလေတော့သည်။

ပုရမ်းဖွေးသည် သူမ၏ ပခုံးနှစ်ဘက်ကို တွန့်ယင်း အနီရောင်ဝတ် အဘိုးအိုနောက်သို့ ပြေးလိုက်သွားလေတော့သည်။

× × ×

အနီရောင်ဝတ် အဘိုးအိုသည် သူနှင့် ဘေးချင်းယှဉ်၍ လိုက်ပါလာသော ပုရမ်းဖွေးအား လှမ်း၍....

'ကျုပ်တို့ အလိမ်ခံရပြီ'

ဟု ပြောလိုက်လေသည်။





ပုရမ်းဖွေးသည် ပြုံးယင်း....

'ကျွန်မတို့ မြင်းလှည်း နောက်ကို လိုက်မယ်လို့ ကြိုတွက်ထားပုံရတယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'မုရိုကုဖန်ဟာ တကယ် ဉာဏ်များတာပဲ'

ပုရမ်းဖွေးသည် သက်ပြင်းတချက် မသိမသာ ချယင်း....

'သူ့အတွက် အသက် စွန့်ရဲတဲ့ လူတွေကို ကျွန်မ အံ့သြနေမိတယ်'

အနီရောင်ဝတ် အဘိုးအိုက ပြုံးယင်း....

'ဒါဟာလဲ မုရိုကုဖန်ရဲ့ ထက်မြက်မှု တရပ်ပဲပေါ့'

ထို့နောက် အနီရောင်ဝတ် အဘိုးအိုသည် သက်ပြင်းတချက်ချကာ....

'အင်း၊ မုရိုကုဖန်ဟာ မြင်းလှည်းမှာမပါခဲ့ယင် ဘုံကျောင်းပျက်မှာ ရှိနေလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့ ဖုံလုစုံ ကံကောင်းပါစေလို့ ဆုတောင်းရမှာပဲ'

ပုရမ်းဖွေးသည် သက်ပြင်းချယင်း....

'မုရိုကုဖန်မှာ ကိုယ့်အသက် ကိုယ် မနှမြောတဲ့ လက်အောက်ငယ်သားတွေ ရှိနေယင် ဖုံလုစုံအတွက် စိတ်ပူစရာပဲ'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ကျုပ်တို့ နောက်မကျဘူးလို့ မျှော်လင့်ရမှာပေါ့'

ဟု ပြောလိုက်လေသည်။

× × ×

ပုရမ်းဖွေး၏ မျက်လုံးများသည် ဝိုင်းစက် ပြူးကျယ်သွား၏၊ တိုတောင်းလှသော အချိန် ကလေး အတွင်း ဤမျှ ပြောင်းလဲ လိမ့်မည်ဟု မထင်ခဲ့ချေ။

ယခု အုံကျောင်းပျက်သည် ပြိုကျ ပျက်စီးနေပြီဖြစ်သည်၊

မြင်းလှည်း နောက်သို့ လိုက်စဉ်က ယခုကဲ့သို့ အုတ်ပုံတပိုင်း မဟုတ်ချေ။

ယခု အုတ်ပုံတပိုင်း ဖြစ်နေလေပြီ။

ဤသို့ဆိုလျှင် ဖုံလုံ မည်သို့ ဖြစ်သွားသနည်း။

ပုရမ်းဖွေးသည် မယုံကြည်နိုင်သော အကြည့်ဖြင့် အနီရောင် ဝတ် အဘိုးအိုအား လှမ်း၍ ကြည့်လိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် သက်ပြင်းတချက် လေးတွဲ့စွာ ချ ယင်း သူ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်လေတော့သည်။



## အကြံ့ထဲက အကြံ

ရက်ဝှာစွမ်း တည်းခိုခန်း။

ယင်းတည်းခိုခန်း၏ အခန်းတခန်း။

ယင်း အခန်းသည် ပိုင်လိုရီ တည်းခိုသောအခန်း။

ညဉ့်နက်သောအခါ ယင်းအခန်းထဲမှ ဆင့်ဆင့်အိ ထွက်လာသည်။ ထို့နောက် သူသည် ရက်ဝှာစွမ်း တည်းခိုခန်း၏ တံခါးပေါက်ဝ တည့်တည့်၌ ကျောက်စားပွဲဝိုင်းကို ရွှေ့လိုက်ပြီး ထို ကျောက်စားပွဲဝိုင်း၌ ထိုင်လိုက်သည်။ သူ၏ ခေါးကို

ကျောက်စားပွဲဝိုင်းပေါ် တင်လိုက်ပြီး သူ၏ လက်သည် ဓားရိုးအနီး၌ ရှိနေသည်။

သူ၏ မျက်နှာသည် တစုံတယောက်ကို မျှော်လင့်နေဟန်ပေါ်လွင်နေသည်။ သူ မည်သူ့ကို စောင့်နေသနည်း။

× × ×

ပိုင်လိုရိုသည် သူ၏ အခန်းထဲမှ ထွက်လာသည်။

သူ၏ လက်ထဲ၌ အရက်အိုး နှစ်အိုးပါလာပြီး ခွက်နှစ်ခွက်ကို ကိုင်ထားလေသည်။ သူသည် ခြေလှမ်းကျဲကျဲဖြင့် ဆင့်ဆင့်အိရှိရာသို့ လျှောက်လာလေသည်။

ထို့နောက် အရက်အိုးကို စားပွဲပေါ် တင်လိုက်ပြီး ခွက်နှစ်ခွက်ထဲသို့ အရက်များ လောင်းထည့်လိုက်သည်။

ပြီးမှ အရက်တခွက်ကို ဆင့်ဆင့်အိထံ လှမ်းပေးယင်း...

'ဒီလောက် လောဖို့ မလိုပါဘူး'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ကျုပ် တမင်သက်သက် လောနေတာ မဟုတ်ဘူး'

ပိုင်လိုရိုသည် အရက်ကို တကျိုက် မော့လိုက်ပြီး—

'ဘာလဲ မုဆိုးဖိုကုဖန်ရဲ့လူတွေ အပြင်မှာ စောင့်နေလို့လား'





ဆင့်ဆင့်အိသည် ပြုံးယင်း....

'ကျွန်တော်က အဆင်သင့်ဖြစ်နေတယ်ဆိုတာ သူတို့သိအောင် ထိုင်နေတာပါ'

ပိုင်လိုရိုသည် အရက်ခွက်ကို စားပွဲပေါ် တင်လိုက်ပြီး....

'ဘာလို့ ထိုင်စောင့်နေမလဲ၊ ကျုပ်သွားတွေ့လိုက်မယ်'

ဟု ပြောယင်း တည်းခိုခန်း အပြင်သို့ ထွက်သွားလေသည်။

× × ×

'ဝုန်း....ဝုန်း....'

ဟူးသော အသံနှစ်ချက်နှင့် အတူ အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ထားသော လူနှစ်ယောက်သည် သစ်ပင်များကြားမှ လွင့်၍ထွက်ပေါ်လာလေသည်။

ထို့နောက် ပိုင်လိုရိုသည် သစ်ပင်များ အကြားမှ ထွက်လာပြီး တည်းခိုခန်းထဲ၌ ထိုင်နေသော ဆင့်ဆင့်အိကို လှမ်း၍ ပြုံးပြလိုက်လေသည်။

ပြီးမှ သူသည် အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသူများကို လည်ကုပ်မှ ကိုင်၍ ထူလိုက်လေသည်။

ထို့နောက် ဆင့်ဆင့်အိထံသို့ ခေါ်ဆောင်လာသည်။

ပြီးမှ ပိုင်လိုရိုသည် အနက်ရောင်ဝတ် လူတဦးကို စူးစိုက်၍ ကြည့်လိုက်ယင်း....

'မုရုံကုဖန် ဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

သို့သော် ထိုလူသည် ဘာမျှ ပြန်မပြောချေ။

'ဖြန်း'

ဟူသော အသံနှင့်အတူ ပိုင်လိုရို၏လက်ဝါးသည် ထိုလူ၏ပါးပြင်ပေါ်သို့ ကျရောက်သွားလေသည်။ ထိုလူသည် မဲ့ပြုံး တချက်ပြုံးယင်း....

'မသိဘူး'

'ဖြန်း'

ဟူသော အသံနှင့်အတူ ပိုင်လိုရို၏ လက်ဝါးသည် ထိုလူ၏ ပါးပြင်ပေါ်သို့ ကျရောက် သွားပြန်လေသည်။

ထိုလူသည် မဲ့ပြုံး ပြုံးလျက် ပိုင်လိုရိုအား စိုက်ကြည့်ကာ...

'ကျုပ်ကို ဘယ်လောက် ညှဉ်းဆဲ ညှဉ်းဆဲ ကျုပ်မပြောနိုင်ဘူး'

ပိုင်လိုရိုသည် တချက် ပြုံးလိုက်ယင်း....

'မင်း ခေါင်း ဘယ်လောက် မာတယ်ဆိုတာ ကြည့်ရအောင်'

ဟု ပြောလိုက်လေသည်။

ထိုလူသည် ဘာမျှ ပြန်လည် မပြောပဲ သူ၏ လက်ညှိုးကို ပါးစပ်ထဲသို့ ရုတ်တရက် ထိုးသွင်းလိုက်ပြီး အရူးတယောက်ပမာ တဟားဟား ရယ်မောလိုက်လေသည်။ ထို့နောက်....





ရုတ်တရက် ထိုလူ၏ မျက်လုံးသည် အပေါ်ဘက်သို့ တချက်လန်သွားပြီး နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာလေတော့သည်။

ထို့နောက် ထိုလူ၏ ခန္ဓာကိုယ် တခုလုံးသည် ပျော့ခွေ၍ လဲကျသွားလေတော့သည်။

ပိုင်လိုရိုသည် မျက်မှောင် ကုပ်သွားလေသည်။

သူသည် ယခုကဲ့သို့ ဖြစ်လာလိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ချေ။ ထို့ကြောင့် အံ့သြဟန်ဖြင့်....

'အင်း...မြင်းလိုက်တဲ့ အဆိပ်ပဲ'

ဟု ရေရွတ်လိုက်လေသည်။

ပြီးမှ သူသည် ကျန် အနက်ရောင်ဝတ် လူအား တချက်ကြည့်လိုက်ပြီး....

'မုရုံကုဖန်အတွက် အသက်သေမှာမကြောက်တဲ့လူကို ကျုပ်ဘာမှ မမေးတော့ဘူး'

ဟု ပြောကာ ထိုလူကို ကျောခိုင်း လိုက်လေတော့သည်။

ထိုလူသည် ပိုင်လိုရို နောက်ကြောင်း လှည့်သွားသည်နှင့် တပြိုင်တည်း သစ်တောအုပ်အတွင်းသို့ ဝင်ရောက် ပြေးသွားလေတော့သည်။

ပိုင်လိုရိုသည် တကိုယ်တည်း ပြုံးလိုက်လေသည်။

အတန်ကြာမှ သူ၏ခန္ဓာကိုယ်ကို တချက်လှုပ်လိုက်ပြီး အနက်ရောင် ဝတ်စုံဝတ် လူ၏နောက်သို့ လိုက်သွားလေတော့သည်။

× × ×

အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသူသည် သစ်တောထဲ၌ ပြေးနေသည်။ ထိုစဉ်—

သူ၏ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေတော့သည်။

အကြောင်းမှာ သူ၏ရှေ့၌ လူတယောက်ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ထို့ကြောင့် အနက်ရောင်ဝတ်လူသည် အံ့ဩဟန်ဖြင့်....

'သခင်လေး ဖန်းကျုံစင်း'

ဟု ရေရွတ်လိုက်လေသည်။

ဖန်းကျုံစင်းသည် ကောက်ကျစ် စဉ်းလဲစွာဖြင့် တချက်ပြုံးလိုက်ပြီး....

ရုတ်တရက် သူ၏လက်ကို လှုပ်ရှားလိုက်လေသည်။

'အား....'

ဟူသော အသံနှင့်အတူ အနက်ရောင် ဝတ်စုံနှင့်လူ၏ ရင်ဘတ်တွင် အနီစင်း တစင်း ဖြစ်ပေါ်လာပြီး လဲကျသွားလေတော့သည်။

ထိုစဉ် ရုတ်တရက် လက်ခုပ်လက်ဝါးတီးသံသည် သစ်ပင်များကြားမှ ထွက်ပေါ်လာလေသည်။

ထို့နောက် တဆက်တည်း ...

'သိပ်ကောင်းတဲ့ ဓားကွက်ပဲ၊ ဓားထုတ်တာတောင် မမြင်လိုက်ရဘူး'

ဟူသော အသံနှင့်အတူ ပိုင်လိုရိသည် သစ်ပင်များကြားမှ ပေါ်ထွက်လာလေတော့သည်။





ဖန်းကျုံစင်းသည် တချက် မဲ့ပြုံး ပြုံးလိုက်ပြီး သူ၏ ခန္ဓာကိုယ်ကို ချာကနဲလှည့်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ပိုင်လိုရိသည် သူ၏ ခန္ဓာကိုယ်ကို တချက် လှုပ်လိုက်ပြီး ဖန်းကျုံစင်း၏ နောက်သို့ လိုက်သွားလေတော့သည်။

× ×

ဆင့်ဆင့်အိသည် ကျောက်စားပွဲ၌ ထိုင်နေဆဲ ဖြစ်သည်။

ညဉ့်သည် ပို၍ ညဉ့်နက်လာပြီ ဖြစ်သည်။

ညဉ့်နက်လာသည်နှင့်အမျှ အအေးဓာတ်ကလည်း ပိုကဲလာလေသည်။ သို့တိုင်အောင် ဆင့်ဆင့်အိသည် ကျောက်စားပွဲ၌ ထိုင်နေဆဲ ဖြစ်ပါသည်။

ထိုစဉ် ပိုင်လိုရိသည် တည်းခိုခန်းသို့ ပြန်လည် ရောက်ရှိလာလေသည်။ သူသည် ဆင့်ဆင့်အိ၏ ဘေး၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်ယင်း သက်ပြင်းတချက် မှုတ်ထုတ်လိုက်သည်။

'ဟူး'

ပြီးမှ....

'ဒီမှာ ဘာဖြစ်သေးလဲ'

ဟု မေးလိုက်သည်။

ဆင့်ဆင့်အိသည် သူ၏ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်လေသည်။

ပိုင်လိုရိသည် မဲ့ပြုံးတချက် ပြုံးယင်း....

'ဖန်းကျုံစင်း ဆိုတဲ့လူက အတော် ကြောက်စရာကောင်းတယ်'

ဆင့်ဆင့်အိသည် သူ၏ မျက်ခုံးမွေးကို ပင့်တင်ယင်း....

'ဘာဖြစ်လို့လဲ'

ပိုင်လိုရိသည် ဦးခေါင်းကို ခါယမ်းလျက်...

'ကျုပ်က မုရုံကုဖန်ရဲ့ လူကို လွှတ်ပေးတာ အကြောင်းမဲ့ မဟုတ်ဘူး'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်ယင်း....

'နောက်ယောင်ခံ လိုက်မလို့ မဟုတ်လား'

'ဒါပေါ့၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်လဲ'

'ဖန်းကျုံစင်းက အဲဒီလူကို နှုတ်ပိတ်ပစ်လိုက်တယ်'

'ဒီတော့....'

'ဒီတော့....ကျုပ် သူ့နောက်ကို ထပ်လိုက်တာပေါ့'

'ဒါပေမယ့် အစ်ကိုကြီးက သူ့ကို မမီခဲ့ဘူးပေါ့'

ပိုင်လိုရိသည် ပြုံးယင်း ဦးခေါင်းကို ခါယမ်းလျက်....

'သူဟာ အင်မတန် သွက်လက်တဲ့လူတယောက်ပဲ၊ ဒါပေမယ့် သူ့ကို မီအောင် ကျုပ်လိုက်နိုင်ခဲ့တယ်'





ဆင့်ဆင့်အိသည် မျက်မှောင်တချက် ကြုတ်ယင်း....

'ဒါဖြင့်'

ပိုင်လိုရိသည် ပြုံးလျက်....

'သူလှမ်းပြောတဲ့ စကားကြောင့် ကျုပ် သူ့နောက်ကို ဆက်မလိုက်တော့ဘူး'

ဆင့်ဆင့်အိသည် မျက်ခမှောင်ကြုတ်ယင်း....

'ဘာစကားလဲ'

ပိုင်လိုရိသည် ပြုံးလျက်....

'ကျားကိုတောင်က ခွာတဲ့နည်းတဲ့'

ယင်းစကားကြောင့် ဆင့်ဆင့်အိသည် တဟားဟား ရယ်မောယင်း....

'ဒီလူ ဉာဏ်လဲထက်တယ်'

ဟု ပြောလိုက်လေတော့သည်။

× × ×

အရှက်ဦး၏ ရွှေပြေးရောင်ခြည် သမ်းလာပြီဖြစ်သည်။

ယခုအချိန်အထိ ဆင့်ဆင့်အိသည် ကျောက်စားပွဲမှ မထသေးချေ။ ပိုင်လိုရိသည် တည်းခိုခန်း အပြင်သို့ ထွက်ကြည့်လိုက်၊ ပိုင်ပင်း၏ အခန်းကို တက်၍ အကဲခတ်လိုက်ဖြင့် အလုပ်ရှုပ်ခဲ့သည်။

သို့သော် ဆင့်ဆင့်အီကမူ ကျောက်စားပွဲ၌ ကျောက်ချထား သကဲ့သို့ လှုပ်ရှားမှုမရှိပဲ ထိုင်၍ နေခဲ့သည်။

သူ၏ မျက်လုံးများသည် တည်းခိုခန်း အပြင်သို့ မျှော်၍ ကြည့်နေသည်။

သူ၏ ပုံသဏ္ဌာန်မှာ တစုံ တယောက်ကို မျှော်လင့်နေဟန် ဖြစ်ပေါ်၍ နေပေသည်။ ထိုစဉ် ပိုင်လိုရိုသည် လက်ထဲ၌ပေါက်စီ များကို ကိုင်၍ ရောက်ရှိလာလေသည်။

ထို့နောက် လက်ထဲမှ ပေါက်စီများကို ဆင့်ဆင့်အီထံ ကမ်း ပေးယင်း....

'နံနက်စောစော စားရတာ တခါတလေ အရသာရှိတယ်ကွ'

ဆင့်ဆင့်အီသည် ပြုံးလျက်....

'ဆာနေတဲ့အချိန် စားယင် ပိုပြီး အရသာ ရှိမှာပါ'

ထိုစဉ် တည်းခိုခန်း တံခါးဝ၌ လူနှစ်ယောက် ပေါ်လာ လေသည်။ အဘိုးအို တယောက်နှင့် မိန်းမပျို တယောက် ဖြစ် ပါသည်။

ပိုင်လိုရိုနှင့် ဆင့်ဆင့်အီသည် ထိုလူနှစ်ယောက်ကို မြင်တွေ့ လိုက်သည်နှင့် တပြိုင်တည်း နေရာမှ ထကာ ခရီးဦးကြို ပြုလိုက် လေသည်။

ထိုလူနှစ်ယောက်မှာ အနီရောင်ဝတ် အဘိုးအိုနှင့် တကိုယ် လုံး အစိမ်းရောင် ဝတ်ဆင်ထားသော ပုရမ်းဖွေးပင် ဖြစ်သည်။

သို့သော် သူတို့ အားလုံး သတိမထားမိသော အရာတခုရှိ နေပါသည်။ ထိုအရာမှာ စူးရှသော မျက်လုံးတစုံပင် ဖြစ်ပါ သည်။ ထိုမျက်လုံး ပိုင်ရှင်သည် ဖန်းကျုံစင်းပင် ဖြစ်ပါသည်။





ဖန်းကျုံစင်းသည် ပိုင်လိုရို၊ ဆင့်ဆင့်အီ၊ အနီရောင်ဝတ် အဘိုးအိုနှင့် ပုရမ်းဖွေးတို့ကို မမှိတ်မသုန် စိုက်ကြည့်နေလေ၏။

သူသည် ယင်းသို့ ကြည့်ယင်း သူ၏ မျက်ခုံးမွေး များသည် တဖြည်းဖြည်း ပို၍နိမ့်ကျစွာ မျက်မှောင်ကြုတ်၍ လာလေတော့ သည်။

ထို့နောက် ပိုင်လိုရိုတို့ အားလုံး သူ၏ မျက်စိအောက်မှ ပျောက်ကွယ် သွားသည့် တိုင်အောင် သူသည် ငေး၍ကြည့် နေလေသည်။

ပြီးမှ သူ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး သက်ပြင်းတချက် ချလိုက်လေတော့သည်။

× × ×

ဤအခန်းသည် ပိုင်လိုရို၏ အိပ်ခန်း ဖြစ်သည်။

ဆင့်ဆင့်အီ၊ အနီရောင်ဝတ် အဘိုးအိုတို့ အခန်းထဲသို့ ရောက် သောအခါ ပိုင်လိုရိုသည် အခန်းတံခါးကို မင်းတုပ် ထိုးလိုက် လေသည်။

ထိုအချိန်ကျမှ အနီရောင်ဝတ် အဘိုးအိုသည် သူ၏ ဆံပင် များကို ဆွဲဖြုတ်လိုက်လေသည်။

ဖြူဖွေးသော ဆံပင်များ အောက်မှ နက်မှောင်သောဆံပင် ပေါ်ထွက်လာလေသည်။

ထို့နောက် အဘိုးအိုသည် သူ၏ မျက်နှာကို ဆွဲ၍ ခွာလိုက်လေသည်။ ပုရမ်းဖွေးသည် အနီရောင်ဝတ်အဘိုးအို၏လှုပ်ရှားမှုကို ငေး၍ကြည့်နေလေသည်။ အဘိုးအို၏ မျက်နှာတု ကွာကျသွားသောအခါ အဘိုးအို၏ နဂိုမျက်နှာ ပေါ်ထွက်လာလေတော့သည်။

ပုရမ်းဖွေးသည် ဤကဲ့သို့ ဖြစ်လိမ့်မည်ဟု မထင်မှတ်သဖြင့် အံ့သြငေးမောစွာ ကြည့်နေရာမှ....

'ဟင်' ဟု ရေရွတ် လိုက်လေတော့သည်။

အကြောင်းမှာ အဘိုးအို၏ နဂို မျက်နှာသည် ဆင့်ဆင့်အိမျက်နှာ ဖြစ်နေသည် မဟုတ်ပါလော။

× × ×

ပုရမ်းဖွေးသည် ဆင့်ဆင့်အိ နှစ်ယောက်ကိုတလှည့်စီကြည့်ယင်း....

'ကျွန်မတော့ ရှုးချင်လာပြီ'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် သူတော့ကျစွာ တဟားဟား ရယ်မောလိုက်ပြီး....





'မရှုးချင်ပါနဲ့ဦး မိန်းကလေးရယ်၊ ကျုပ် ရှင်းပြပါ့မယ်'

ဟု ပြောလိုက်ပြီး....

သူနှင့် တချိန်လုံး ရှိနေသော ဆင့်ဆင့်အိကို ညွှန်ပြယင်း....

'သူက ဆင့်ဆင့်အိ အတု'

ဟု ပြောလိုက်လေသည်။

အနီရောင်ဝတ်အဘိုးအိုကဲ့သို့ ရုပ်ဖျက်ခဲ့သော ဆင့်ဆင့်အိက ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်၊ သူက အိုက်ဖွေးရိလို့ ခေါ်တယ်'

ပုရမ်းဖွေးသည် ဆင့်ဆင့်အိဟန် ဆောင်ထားသော အိုက်ဖွေးရိဘက်သို့ လှည့်ကာ....

'ဩော်—အစ်ကို ပြောဖူးတဲ့ အိုက်ဖွေးရိလား'

ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် သူ၏ ဦးခေါင်းကို ညိတ်ကာ....

'ဟုတ်တယ်'

ဟု ပြောလိုက်လေသည်။

အိုက်ဖွေးရိသည် ပြုံးယင်း....

'အစ်ကိုကြီး....ကျွန်တော် ဒီမျက်နှာဖုံး ချွတ်တော့မယ်'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် ဦးခေါင်းကို ခါယမ်းယင်း....

'မချွတ်နဲ့ဦး၊ ကျုပ်တို့မှာ ဆင့်ဆင့်အိ အတု ရှိတယ် ဆိုတာ သူတို့ မသိစေချင်ဘူး'

ဆင့်ဆင့်အိသည် ပြုံးယင်း အနီရောင်ဝတ် အဘိုးအို ကဲ့သို့ ပြန်လည် ရုပ်ဖျက်လိုက်ပြီး....

'ဟုတ်တယ်၊ ကျွန်တော်လဲ အနီရောင်ဝတ်အတိုးအိုအနေနဲ့ပဲ စခန်းသွားဦးမယ်'

ပိုင်လိုရိုသည် တဟားဟား ရယ်မောလိုက်ပြီး....

'ကျုပ် အခုလို ရုပ်ဖျက်တာ မုရုံကုဖန် မသိတာ ကံကောင်းတာပဲ'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် ပြုံးယင်း....

'အင်း....ကျွန်တော်တို့က မုရုံကုဖန်ကို ဒီတချက်တည်းနဲ့ပဲ အနိုင်ကျင့်သလို ဖြစ်နေပြီ'

ပိုင်လိုရိုသည် မျက်မှောင်ကြုတ်ယင်း....

'ဘယ်ဟုတ်မလဲ၊ တို့က သူ့ကို အနိုင်မကျင့်ယင် သူက တို့ကို အနိုင်ကျင့်သွားမှာပေါ့'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'အင်း....ဒါလဲ ဟုတ်ပါတယ်၊ ဒါနဲ့ ကျွန်တော်တို့ ဒုတိယ အစီအစဉ်ကို စဖို့ နောက်မကျတော့ပါဘူး'

ပုရမ်းဖွေးသည် မျက်မှောင်ကြုတ်ယင်း....

'ဒုတိယ အစီအစဉ်ဟုတ်လား၊ ဘာလဲ ကျွန်မနားမရှင်းဘူး'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ကဲ....နားထောင်၊ ကျုပ် အစက စပြီး ပြောပြမယ်'

ဟု ပြောလိုက် လေတော့သည်။

× × ×





ပုရမ်းဖွေးသည် သူမ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်ယင်း နားထောင်နေလေသည်။

ဆင့်ဆင့်အိ၏ စကားဆုံးမှ သူမသည် ပြုံးယင်း....

'ဒါဖြင့် အခု ရှင် လူတယောက် ရှာရမှာပေါ့'

'ဟုတ်တယ်၊ မိန်းကလေး ဖြစ်ရမယ်၊ ပြီးတော့ သွက်လက်ရမယ်'

'ရှာလို့ရော တွေ့ပြီလား'

'အင်း တွေ့ပြီ'

'ဘယ်သူလဲ'

ဆင့်ဆင့်အိသည် သူ၏ လက်ညှိုးဖြင့် ပုရမ်းဖွေးကို ညွှန်ပြယင်း....

'မင်း'

ပုရမ်းဖွေးသည် ရုတ်တရက် ငေးကြောင်သွားပြီးမှ သဘောပေါက်ဟန်ဖြင့် တချက် ရယ်မောလိုက်ပြီး....

'ဒါကြောင့် ရှင် ကျွန်မကို ခေါ်ခိုင်းတာကိုး'

ဆင့်ဆင့်အိသည် ပြုံးလျက်....

'ဒါပေါ့၊ အနည်းဆုံး မင်းဟာ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်တဲ့အပြင် လှုပ်ရှားမှုမှာလဲ သွက်လက်တယ် မဟုတ်လား'

ပုရမ်းဖွေးသည် ပြုံးယင်း....

'ကျွန်မ လက်ခံမယ်၊ လက်မခံဘူး ဆိုတာ ရှင် မမေးတော့ဘူးလား'

ဆင့်ဆင့်အိသည် သူမ၏ ပခုံးကို ဖက်ယင်း....

'မင်း ဒီအထိ လိုက်လာပြီပဲ၊ ကျုပ် မေးစရာလိုသေးလား'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် ပြုံးယင်း....

'ဒါဖြင့် ကျုပ်တို့ လုပ်ငန်း စမယ်'

ဟု ခင်ရောက် ပြောလိုက်လေတော့သည်။

★



## ပြန်လည်တိုက်စစ်ဆင်ခြင်း

မီးရောင်သည် မှုန်ရီ ဝိုးတဝါးသာ လင်း၍ နေသည်။

ကျောက်သားများဖြင့် ပြုလုပ်ထားသဖြင့် အေးစိမ့်၍ နေလေသည်။

မုရိုကုဖန်သည် ထိုအခန်းထဲရှိ ကျောက်ခုတင် ပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်နေသည်။

သူမ၏ မျက်ခုံးမွေးများသည် နိမ့်ကျသည့်တိုင်အောင် ကျုံ့၍ထားလေသည်။ သူမ၏ မျက်နှာချင်းဆိုင်တွင် အခန်းထဲသို့ ဆင်းလာသော ကျောက်လှေကား တခု ရှိနေသည်။

ယင်း ကျောက်လှေကားမှ တက်သွားလျှင် လှေကားထိပ်၌ ကျောက်တံခါးတခု ပိတ်ထားလေသည်။

ထို ကျောက်လှေကားမှ ဝင်လျှင် ဘုံကျောင်းပျက်၏ ကျက်သရေခန်းသို့ ရောက်ရှိသွားမည် ဖြစ်သည်။

သူမသည် ဖုံလုစုံတို့လူစု ဘုံကျောင်းပျက်ထဲသို့ ရောက်ရှိလာသည်ဟု သတင်းရကတည်းက ဤ ကျောက်ခန်းထဲ ဝင်ရောက်ပုန်းအောင်းနေခြင်း ဖြစ်ပါသည်။

မျက်လှည့်ဆရာကြီးသည် ဖုံလုစုံတို့အား ဤကျက်သရေခန်းကို သတိ မထားမိစေရန် ခန်းမကြီးထဲ၌ အချိန်ဆွဲထားခဲ့သည်။

ထို့နောက် မိမိ၏ တပည့် တဦးကို မြင်းလှည်းမောင်း၍ ထွက်ပြေးသွားဟန် ဖန်တီးခဲ့သည်။ တဆက်တည်းမှာပင် ယမ်းများကို ဖောက်ခွဲ၍ ခန်းမကြီးအား ဖြိုခဲ့ပြီး မီးခိုးများကို အကာအကွယ် ပြုကာ ဤ ကျောက်ခန်းထဲသို့ ဝင်ရောက်နေခဲ့ခြင်း ဖြစ်ပေသည်။

ယခု မျက်လှည့်ဆရာကြီးသည် ကျောက်လှေကားထစ်ပေါ်၌ ထိုင်၍ နေလေသည်။ မျက်လှည့် ဆရာကြီးသည် ချောင်းတချက် ဟန့်လိုက်ပြီး....

'ဖန်းကျုံစင်းဟာ တုကုရင်း ဖြစ်ကြောင်း ဖုံလုစုံ သိသွားပြီလား'

မုရှုံကုဖန်သည် ယဲ့ယဲ့ကလေး ပြုံးယင်း....

'ဘာလဲ၊ ဆရာကြီးက ဆရာကြီး ရုပ်ဖျက်ပညာကို မယုံတော့လို့လား'





မျက်လှည့်ဆရာကြီးသည် မဲ့ပြုံး ပြုံးယင်း....

'မဟုတ်ပါဘူး၊ သူက သိပ်ပြီး ဇွဲကောင်းနေလို့ပါ'

မုရှုံကုဖန်သည် မဲ့ပြုံး ပြုံးယင်း....

'သူက ဖန်းကျုံစင်းကို တုကုရင်းမှန်း မသိဘူး၊ ဒါပေမယ့် သင်္ကာမကင်းတော့ ဖြစ်နေတယ်'

'ဘာဖြစ်လို့ သင်္ကာမကင်း ဖြစ်နေတာလဲ'

'ကျွန်မ တွေးလို့ရသလောက်တော့ ဖန်းကျုံစင်းနဲ့ တုကုရင်းဟာ ဆရာ တပည့် ဒါမှမဟုတ် ဆရာတဦးတည်းရဲ့ တပည့်တွေ ဖြစ်မယ်လို့ ထင်ထားပုံရတယ်'

'အင်း.... ဖြစ်နိုင်တယ်'

မုရှုံကုဖန်သည် မဲ့ပြုံး ပြုံးယင်း....

'ဘာပဲဖြစ်ဖြစ် ဖုံလုစုံဟာ မထင်မှတ်ပဲ ကျွန်မတို့ အကြံအစည်ကြားထဲ ကန့်လန့် ကန့်လန့် ပါလာတာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး'

မျက်လှည့်ဆရာကြီးသည် ပြုံးယင်း....

'သူက ဖန်းကျုံစင်းကို မသင်္ကာတဲ့ အတွက် ခြေရာခံမယ်၊ စောင့်ကြည့်မယ်၊ ဒီအပြင် သူဟာ ကျုပ်တို့ အစီအစဉ်ထဲ ဝင်မပါနိုင်ပါဘူး'

မုရှုံကုဖန်သည် မျက်မှောင်ကြုတ်ယင်း....

'အဲဒီလို ဝင်ရှုပ်လို့ အခုလို ဖြစ်ရတာပေါ့၊ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာ ကျွန်မတို့ ရှုံးခဲ့ပြီ၊ အဖြေ အခုထိ ရှာမတွေ့သေးဘူး'

မျက်လှည့်ဆရာကြီးသည် တစုံတရာကို စဉ်းစားမိဟန်ဖြင့်....

'ဖိုလုစုံဟာ ပိုင်လိုရိုတို့နဲ့ မပူးပေါင်းမိပါစေနဲ့လို့ ဆုတောင်းရမယ်'

မုရိုကုဖန်သည် ပြုံးယင်း....

'ဆရာကြီးက ပူးပေါင်းလိမ့်မယ်လို့ ထင်လို့လား'

မျက်လှည့် ဆရာကြီး သည် ဦးခေါင်း ကို ခါယမ်းယင်း....

'ဖိုလုစုံဟာ ပညာမာန သိပ်ကြီးတယ်၊ ဒါပေမယ့် ဖန်းကျုံစင်းကို မသက်ာတာနဲ့ပဲ ပူးပေါင်းချင် ပူးပေါင်းနိုင်တယ်'

မုရိုကုဖန်သည် ပြုံးယင်း....

'ဒါဆို ပိုခက်မှာပေါ့'

မျက်လှည့် ဆရာကြီးသည် ဦးခေါင်းကို ခါယမ်းယင်း....

'ကျုပ် အစ ကတည်းက ပြောသားပဲ၊ ဆင့်ဆင့်အိဟာ အလကား နာမည်ကြီးတာ မဟုတ်ဘူးလို့'

မုရိုကုဖန်သည် ရုတ်တရက် ရယ်မောယင်း....

'ကိစ္စ တခုဟာ သိပ် လွယ်နေမှ ဘာတန်ဖိုး ရှိတော့မှာလဲ၊ စောစောကတည်းက ဆင့်ဆင့်အိနဲ့ ပြိုင်ဖို့ ကျွန်မ စဉ်းစားထားခဲ့တယ်၊ အခုလဲ ဖိုလုစုံကိုပါ ထည့်တွက်ပြီး အစီအစဉ် ဆွဲရမယ်'

မျက်လှည့်ဆရာကြီးသည် သက်ပြင်းတချက်ချယင်း....

'အနီရောင်ဝတ် အဘိုးအိုနဲ့ အစိမ်းရောင် မိန်းကလေးကိုရော ဘယ်လို စဉ်းစားမလဲ'

မုရိုကုဖန်သည် မျက်မှောင်ကြုတ်ယင်း....





'ကျွန်မ မသိဘူး၊ ဒါပေမယ့် ဖိုလုစုံနဲ့ တစုတည်းက ဟုတ်ဟန်မတူဘူး၊ ဒါနဲ့ ဆရာကြီးက သူတို့ရဲ့ သိုင်းပညာကို တွေ့လိုက်တယ် မဟုတ်လား'

မျက်လှည့်ဆရာကြီးသည် ဦးခေါင်းကို ညိတ်ယင်း....

'မိန်းကလေးကိုတော့ ကျုပ် သိပ် သတိမထားလိုက်မိဘူး၊ ဒါပေမယ့် အနီရောင်ဝတ် အဘိုးအိုကိုတော့ ကျုပ် သတိထားမိတယ်'

'ဒီတော့'

'ဝူတန်ကျောင်းက ထိပ်တန်း သိုင်းသမားတွေသုံးတဲ့ သိုင်းကွက်ပဲ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လဲ'

'ဒါပေမယ့် အဲဒီလူစားမျိုးကို ကျုပ် တခါမှ ဝူတန်ကျောင်းမှာ မတွေ့ခဲ့ဖူးဘူး'

မုရိုကုဖန်သည် မျက်လှည့်ဆရာကြီး၏ စကားကို နားထောင်ယင်း တဖြည်းဖြည်း မျက်မှောင်ကြုတ်၍ သွားလေသည်။

မျက်လှည့် ဆရာကြီးသည် တချက်ပြုံးလိုက်ပြီး....

'နောက်ထပ် ဘယ်လိုစီစဉ်ဖို့ သခင်မလေး စဉ်းစားထားသလဲ'

မုရိုကုဖန်သည် မဲ့ပြုံးပြုံးယင်း....

'လောလောဆယ် ကျွန်မတို့ အနားယူသင့်တယ်'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက် ကျောက်လှေကားထိပ်မှ လျှို့ဝှက် ကျောက်တံခါးသည် တဖြည်းဖြည်း ပွင့်ဟလာလေသည်။ ထို့နောက်—

ပွင့်လာသော တံခါးပေါက်မှ လူတယောက် ဝင်လာလေသည်။ ထိုလူသည် ဖန်းကျုံစင်းပင် ဖြစ်သည်။

× × ×

ဖန်းကျုံစင်းသည် ကျောက်လှေကားထိပ်၌ ရပ်နေသည်။ သူသည် မုရှံကုဖန်အား ထူးဆန်းစွာ စိုက်ကြည့်ယင်း....

'မမ အမြင်မှာ ဘာဖြစ်လို့လဲ'

မုရှံကုဖန်သည် ပြုံးလျက်

'မင်းထွက်သွားပြီး မကြာပါဘူး၊ ဖုံလုစုံက လူနှစ်ယောက်ခေါ်ပြီး ဘုံကျောင်းပျက်ထဲ ဝင်လာတာပဲ'

ဖန်းကျုံစင်းက မျက်မှောင်ကြုတ်ယင်း....

'ကျွန်တော့်ကို လာရှာတာလား'

မုရှံကုဖန်သည် သူမ၏ ဦးခေါင်းကိုညိတ်ယင်း....

'ဟုတ်မယ်....သူက မင်းနဲ့ တုကုရင်းကို ဆရာတပည့်လို့ ထင်ပုံရတယ်'

ဖန်းကျုံစင်းသည် အသံကိုနှိမ့်၍....

'တနေ့နေ့တော့ ဒီကိစ္စကို ကျွန်တော်နဲ့ ရှင်းပါမယ်'

မုရှံကုဖန်သည် ပြုံးယင်း....

'ကဲပါ၊ ဒါထက် ဟိုမှာ ဘာထူးသေးလဲ'





ဖန်းကျုံစင်းသည် မဲ့ပြုံး ပြုံးယင်း....

'ပိုင်လိုရိက သိပ်ပါးတယ်၊ စောင့်ကြည့်နေတဲ့ မမ လူ နှစ်ယောက်ကို မိသွားတယ်'

'ဒီတော့'

'တယောက်ကတော့ ကိုယ့်ကိုယ်ကို အဆိပ်သောက်သေသွားတယ်၊ ဒါနဲ့ ပိုင်လိုရိက တယောက်ကို ဘာမှမမေးပဲ လွှတ်ပေးလိုက်တယ်'

မုရှံကုဖန်သည် မျက်မှောင်ကြုတ်ယင်း....

'ပိုင်လိုရိက ဘာမေးတာလဲ'

'မမ ပုန်းတဲ့နေရာ မေးတာ'

'ဪ'

ဖန်းကျုံစင်းသည် ပြုံးယင်း....

'ပိုင်လိုရိက တယောက်ကို ဘာမှမမေးပဲ လွှတ်ပေးလိုက်တာ အကောင်း မဟုတ်ဘူး၊ သူက ခြေရာခံလိုက်ဖို့ လွှတ်ပေးလိုက်တာ၊ ဒါနဲ့ ကျွန်တော်ကဝင်ပြီး အဲဒီ လူကို သတ်လိုက်တယ်၊ ပြီးတော့ သူ့ကို မျက်ခြည်ပြတ်ခဲ့တယ်'

မုရှံကုဖန်သည် သူ၏ ဦးခေါင်းကို ညိတ်ယင်း....

'ရှောင်ဖန်က ဉာဏ်ထက်သားပဲ'

ဟု ချီးကျူးလိုက်သည်။

ဖန်းကျုံစင်းသည် ပြုံးယင်း....

'နောက်တော့ ကျွန်တော် တပတ်ပြန်ကျော့ပြီး သူတို့ကို စောင့်ကြည့်ခဲ့သေးတယ်'

မုရှိုကုဖန်က ပြုံးလျက်....

'ထူးခြားမှု ရှိလား'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်ယင်း....

'အရက်မတက်မီအထိ ဘာမှ ထူးခြားမှု မရှိဘူး၊ ဆင့်ဆင့်အိဟာ ကျောက်စားပွဲမှာ တချိန်လုံး ထိုင်နေခဲ့တာပဲ ရှိတယ်၊ အဲ-အရက်တက်ချိန်မှာ လူနှစ်ယောက် ရောက်လာတယ်၊ ပိုင်လိုရိနဲ့ ဆင့်ဆင့်အိဟာ ကပျာကယာပဲ အဲဒီ လူနှစ်ယောက်ကို ကြိုဆိုခဲ့ကြတယ်'

မုရှိုကုဖန်သည် မျက်မှောင်တချက်ကြုတ်ယင်း....

'အဲဒီလူတွေကို ရှောင်ဖန် တွေ့လိုက်လား'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ခါယမ်းလျက်....

'ကျွန်တော် စောင့်ကြည့်တဲ့ နေရာက သိပ်ဝေးတော့ အဲဒီလူတွေရဲ့ မျက်နှာကို သေသေချာချာ မတွေ့လိုက်ဘူး'

မုရှိုကုဖန်သည် စဉ်းစားယင်း....

'ဘယ်လို ပုံသဏ္ဌာန်လဲ'

ဖန်းကျုံစင်းသည် ပြုံးယင်း....

'တယောက်က အနီရောင် ဝတ် အဘိုးကြီး၊ နောက်တယောက်က....'

ဖန်းကျုံစင်း၏ စကားမဆုံးမီ မုရှိုကုဖန်က....

'နောက်တယောက်က အစိမ်းရောင်မိန်းကလေးမဟုတ်လား'

ဟု ဝင်ရောက် ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် အံ့ဩဟန်ဖြင့်....





'မမ ဘယ်လိုလုပ် သိသလဲ'

ဟု မေးလိုက်လေသည်။

မုရှိုကုဖန်သည် ပြုံးယင်း....

'ဖုံလုစုံနဲ့ ပါလာတာ အဲဒီ လူနှစ်ယောက်ပဲ'

ဟု ပြောလိုက်လေသည်။

ပြီးမှ သူမသည် တစုံတရာအား လေးနက်စွာ စဉ်းစားယင်း-

'အခု ဘယ်အချိန် ရှိပြီလဲ'

ဟု ရုတ်တရက် မေးလိုက်လေသည်။

ဖန်းကျုံစင်းသည် နားမလည်ဟန်ဖြင့်....

'မိုးလင်းတော့မယ်'

မုရှိုကုဖန်သည် ပြုံးယင်း....

'ညရောက်ဖို့ အချိန် အများကြီး လိုသေးတာမဲ၊ ကောင်းပါတယ်၊ ကျွန်မတို့ ပိုပြီး အကွက်စေ့စေ့ စီစဉ်နိုင်တာပေါ့'

ဖန်းကျုံစင်းသည် မုရှိုကုဖန်အား နားမလည်ဟန်ဖြင့် ငေး၍ကြည့်ယင်း....

'မမ ဘယ်လိုအကြံအစည် ရှိလို့လဲ'

ဟု မေးလိုက်လေသည်။

မုရှိုကုဖန်သည် နှစ်ခြိုက်စွာ တချက်ပြုံးလိုက်ပြီး—

'ရှောင်ဖန်၊ ရှင် တညလုံးစောင့်ကြည့်ခဲ့တယ် မဟုတ်လား'

'ဟုတ်ကဲ့ မိုးလင်းခါနီးမှ ပြန်လာတာ'

'ဒါဖြင့် ရှင် ပိုင်မင်းရဲ့ အရိပ်အရောင်ကို တွေ့ခဲ့သလား'

'ဟင့်အင်း မတွေ့ခဲ့ဘူး'

'ဒါဆိုယင် သူတို့ ပိုင်ပင်းကို ဘယ်မှာဝှက်ထားမလဲ'

ဖန်းကျုံစင်းသည် ရုတ်တရက် စဉ်းစားရ ကျပ်သွားဟန်ဖြင့် ခေါင်းတချက် ဟန့်လိုက်ပြီး....

'သူတို့ ရက်ဝှာစွမ်းကနေ ဘယ်မှ ထွက်မသွားသေးတာတော့ အခိုင်အမာ ပြောနိုင်တယ်'

မုရှံကုဖန်သည် ဖန်းကျုံစင်းအား စိုက်၍ကြည့်လိုက်ပြီး....

'ဘယ်အရာ မဆို အခိုင်အမာပြောလို့ မရဘူး'

ဖန်းကျုံစင်းသည် ဘာမှပြန်မပြောပဲ ဦးခေါင်းကိုသာ ညိတ်ပြလိုက်လေသည်။

မုရှံကုဖန်သည် တချက်ပြုံးလိုက်ပြီး—

'ပိုင်လိုရိနဲ့ ဆင့်ဆင့်အိဟာ ပိုင်ပင်း အနားမှာ တချိန်လုံး ရှိမနေဘူး၊ ဟုတ်တယ် မဟုတ်လား'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်'

မုရှံကုဖန်သည် ပြုံးလျက်....

'ဆင့်ဆင့်အိဟာ တချိန်လုံး ကျောက်စားပွဲမှာ ထိုင်နေတယ်၊ ပိုင်လိုရိကသဲ အချိန် တော်တော်များများ ဆင့်ဆင့်အိနဲ့ ရှိတယ်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ်'





'ဒါဆို သူတို့ဟာ ပိုင်ပင်းကို စိတ်ချရတဲ့နေရာမှာ ဝှက်ထားလို့ပေါ့'

မျက်လှည့်ဆရာကြီးသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

'ရက်ဝှာစွမ်းမှာ လုံခြုံတဲ့အခန်း မရှိဘူး'

မုရှံကုဖန်သည် ပြုံးယင်း....

'လူတွေဟာ တနေရာတည်းကို နှစ်ခါထပ်ပြီး မရှာကြဘူး'

ဖန်းကျုံစင်းသည် မျက်မှောင်ကြုတ်လျက်....

'မမ ဆိုချင်တာက ပိုင်ပင်းကို သူ့နဂိုအခန်းထဲမှာပဲ ပြန်ထားမယ်ပေါ့'

မုရှံကုဖန်သည် ပြုံးယင်း....

'သူတို့လို ဉာဏ်ထက်တဲ့လူဟာ ဒါကို တွေးမိမှာပဲ၊ ဘယ်သူမျိုးကမှ တနေရာတည်းကို နှစ်ခါထပ်ပြီး ခိုးမှာမဟုတ်ဘူး'

မျက်လှည့်ဆရာကြီးသည် အားရပါးရ ရယ်မောလိုက်ပြီး

'ဟုတ်တယ်....ကျုပ် ဘာလို့ ဒါကို မစဉ်းစားမိတာလဲ'

မုရှံကုဖန်သည် တချက်ပြုံးယင်း....

'တကယ်လို့ ဆင့်ဆင့်အိဟာ ကျွန်မ အခုလိုတွေးလိမ့်မယ်လို့ ကြိုပြီးသိထားယင် အဲဒီအခန်းဟာ ထောင်ချောက်ဖြစ်နိုင်တယ်'

ဖန်းကျုံစင်းသည် ပြုံးယင်း....

'ကျွန်တော်တို့ အကြံအစည်ကောင်းယင် ထောင်ချောက်က လွတ်နိုင်ပါတယ်'

မုရှံကုဖန်သည် သူမ၏ ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်၊ ကဲ ရှင်တို့ အပြင်ထွက်တော့၊ ကျွန်မ ဒီအခန်းထဲမှာ တယောက်တည်း စဉ်းစားချင်သေးတယ်'
ဟု ပြောလိုက်လေသည်။

အကယ်၍.... ဆင့်ဆင့်အိနှင့် ပိုင်လိုရိုတို့သည် မှုရုံကုဖန်တယောက် ထိုသို့တွေးမိသည်ကို သိလျှင် မည်သို့ ဖြစ်မည်နည်း။

★



## ထက်မြက်သည့် ဉာဏ်ရည်

တနေ့ဝင်၍ တမိုးချုပ်ပြီဖြစ်သည်။

ပျော်စရာ သစ်တောကျေးရွာသည် မီးရောင်များ ထိန်လင်းနေသည်။

သို့သော် ခြောက်သွေ့နေသည်ဟု ထင်ရပေသည်။

လူတိုင်းသည် ဤကျေးရွာထဲ၌ တစုံတခုသော ပြဿနာရှိနေကြောင်း သိထားကြသည်။ ယင်းပြဿနာသည် ပိုင်လိုရိုတို့နှင့် သက်ဆိုင်နေကြောင်း သိထားသည်။

သို့သော် ထိုပြဿနာသည် မည်သည့် ပြဿနာမျိုး ဖြစ်သည်ကို မည်သူမျှ မသိကြချေ။ ထို့ကြောင့်....

ဤပျော်စရာ သစ်တောကျေးရွာသည် ခြောက်သွေ့၍ နေလေသည်။ မုရုံကုဖန်သည် အဖြစ်အပျက် မှန်သမျှကို ဖုံးကွယ်ထားပြီး အဆိပ်သောက်၍ သေဆုံးသော မိမိ၏ လက်အောက်ငယ်သားများ၏ အလောင်းကိုလည်း အမြန်ဆုံး ဖယ်ရှားပစ်ရန် လျှို့ဝှက်အမိန့် ပေးထားလေသည်။

ပိုင်လိုရိုတို့ သည်လည်း အဖြစ်အပျက် မှန်သမျှကို လုံးဝ မပေါက်ကြားစေရန် အမိန့် ပေးထားလေသည်။

မုရုံကုဖန်သည် သူမ၏ လူများကို လျှို့ဝှက်စွာ ပိုင်လိုရိုတို့ တည်းခိုခန်းကို ဝိုင်းရံထားစေသည်။

ထို့ပြင်

ရက်ဝှာစွမ်း၏ အလုပ်သမား အချို့ကိုလည်း သူမ၏ လူများဖြင့် အစားထိုးထားလေသည်။

သို့သော် မုရုံကုဖန်သည် မိမိ၏ လူများအား ပိုင်လိုရိုတို့ကို စောင့်ကြည့်ရုံသာ စောင့်ကြည့်ရန် ညွှန်ကြားခဲ့လေသည်။

× × ×

တစထက် တစ ညဥ့်နက်လာပြီ ဖြစ်သည်။

ရက်ဝှာစွမ်း တည်းခိုခန်း၏ ခန်းမ အလယ်၌ ကျောက်စားပွဲ တလုံးရှိပြီး ယင်းကျောက်စားပွဲ၌ ဆင့်ဆင့်အိသည် တံခါးဝကို





မျက်နှာမူ၍ ထိုင်နေသည်။ သူ၏ ဘေးတွင် စားပွဲငယ် တလုံး ရှိသည်။

ထိုစားပွဲပေါ်၌ ဓားကိုတင်၍ထားပြီး သူ၏ ဗယ်လက်သည် ဓားရိုးနှင့် အနည်းငယ် အကွာအဝေး၌ ရှိနေသည်။

ဤသည်မှာ ဓားကို အချိန်မရွေး ထုတ်ယူနိုင်ရန် အကောင်းဆုံး အနေအထားပင် မဟုတ်ပါလော။

သူသည် ဤစားပွဲ၌ ထိုင်နေခဲ့သည်မှာ နေဝင်ချိန် ကတည်းက ဖြစ်ပေသည်။ ထို့ပြင် သူ၏ မျက်နှာသည် တစုံတယောက်အား မျှော်လင့်နေဟန် ပေါ်လွင်၍နေပေသည်။ ယခုညသူသည် မည်သူ့ကို စောင့်နေသနည်း။

× × ×

ပိုင်ပင်းသည် အိပ်မောကျနေသည်။

သူမသည် သူမ၏ မူလ အိပ်ခန်းထဲ၌ပင် အိပ်မောကျနေ၏။

သူမသည် စိတ်ချ လက်ချ အိပ်မောကျနေခြင်း ဖြစ်သည်။

မည်သူမဆို ပိုင်လိုရိုနှင့် ဆင့်ဆင့်အိ ကဲ့သို့သော ထိပ်တန်းသိုင်း

သမားများက ကာကွယ်နေလျှင် ယခုကဲ့သို့ စိတ်ချလက်ချ အိပ်ပျော်မည် မဟုတ်ပါလော။

ထို့ပြင် ပိုင်လိုရိသည် ပိုင်ပင်းကို သူမ၏ မူလအခန်း၌ပင်ပြန်လည်၍ နေခဲ့စေသည်။

မည်သူမဆို တခါ ခိုးပြီးသောအခန်းကို နောက်ထပ်တဖန် ခိုးမည်မဟုတ်ချေ။ မည်သူမဆို တခါ ရှာဖွေပြီးသောအခန်းကို နောက်တကြိမ် ရှာဖွေမည် မဟုတ်ချေ။

ထို့ကြောင့် ပိုင်ပင်းကို သူမ၏ မူလအခန်း၌ ပြန်လည်ထား ရှိခြင်းသည် လုံခြုံသည်ဟု ပိုင်လိုရိ ယူဆခဲ့သည်။

သို့သော် အကယ်၍ မုရုံကုဖန်သည် သူ တွေးတောသည့် အတိုင်း တွေးတောခဲ့သည်ကို ပိုင်လိုရိ သိလျှင် မည်သို့ရှိမည် နည်း။

ယင်းအခန်းသည် လုံခြုံမှု ရှိပါဦးမည်လော။

× × ×

'ဒေါင်-ဒေါင်-ဒေါင်'

မောင်းသံ သုံးချက် ခေါက်သံ ပေါ်လာသည်။

ဤအသံသည် သန်းခေါင်ယံ သုံးချက်တီး ဖြစ်ကြောင်း ပေါ်ခနေခ လသည်။ ယင်း မောင်းခေါက်သံ ဆုံးသွားသည်နှင့်





တဖြိုင်တည်း ပိုင်ပင်း၏အိပ်ခန်းထဲမှ မျက်နှာကြက်ကျောက်ပြား ပွင့်၍ သွားလေတော့သည်။

ထို့နောက် ယင်း ပွင့်သွားသော မျက်နှာကြက်ပေါက်မှ လူတယောက် ခုန်ဆင်းလာလေသည်။

ထိုလူသည် မျက်လှည့်ဆရာကြီးပင် ဖြစ်ပါသည်။

မျက်လှည့်ဆရာကြီးသည် ပေါ့ပါး သွက်လက်သူတယောက် ဖြစ်သည့် အားလျော်စွာ ကြမ်းပေါ်သို့ မည်သည့် အသံမျှ မကြားရပဲ ရောက်ရှိလာလေသည်။

သို့သော် သူ၏ ကြီးမားသောဝတ်ရုံသည် လေထဲ၌ လှုပ်ခတ်သွားသဖြင့် တဖျပ်ဖျပ်အသံ ထွက်ပေါ် လာလေသည်။

ထို့ကြောင့် ပိုင်ပင်းသည် ရုတ်တရက် လန့်နိုး သွားပြီး တဆက်တည်း ခုတင်ပေါ်၌ ထထိုင် လိုက်လေသည်။

ထိုစဉ် ရုတ်တရက် မျက်လှည့်ဆရာကြီးသည် သူ၏ လက်ဝါးပေါ်၌ အဆင်သင့် ရှိနေသော အဖြူရောင်အမှုန့်ကို ပိုင်ပင်းထံ မှုတ်ထုတ် လိုက်လေသည်။

ပိုင်ပင်းသည် မျက်လှည့်ဆရာကြီးအား အံ့သြဟန်ဖြင့်...

'ရှင်....ရှင်'

ဟုသာ ပြောနိုင်ပြီး သတိ လစ်သွားလေတော့သည်။

မျက်လှည့်ဆရာကြီးသည် နှစ်ခြိုက်စွာ တချက် ပြုံးလိုက်ပြီး ပိုင်ပင်း၏ ခန္ဓာကိုယ်အား ပွေ့ချီလိုက်လေသည်။

သူသည် လာလမ်း အတိုင်း ပြန်လည် ထွက်ခွာ သွားလေတော့သည်။

ဤအဖြစ်အပျက်သည် မျက်စိတမှိတ် လျှပ်တပြက်အတွင်း၌ ဖြစ်ပွားသွားခဲ့သော်လည်း အစစ အရာရာသည် မူလကဲ့သို့ပင် ခြေရာလက်ရာမပျက် ကျန်ရှိနေခဲ့လေသည် မဟုတ်ပါလား။

× × ×

နေဝန်းသည် အရှေ့ဘက်မှ ပေါ်ထွက် လာပြီ ဖြစ်သည်။

အိပ်မောကျနေသော ပျော်စရာ သစ်တောသည် တနေ့တာ အတွက် ပြန်လည် သက်ဝင် လှုပ်ရှားလာပြီ ဖြစ်သည်။

ညအမှောင်သည် နေရောင်ခြည်ပေါ်ထွက်လာသည်နှင့်အမျှ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ညအမှောင်နှင့်အတူ မုရုံကုဖန်၏ လက်အောက် ငယ်သား များသည်လည်း ပျောက်ကွယ်သွားပြီ ဖြစ်သည်။

အကြောင်းမှာ....

သူတို့သည် မုရုံကုဖန်ထံမှ ရုတ်တရက် ခြေရာ ပျောက်ရန် အမိန့်ရရှိခဲ့သည် မဟုတ်ပါလော။

× × ×

ဆင့်ဆင့်အိသည် တည်းခိုခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။





သူသည် ဒေါ်သ ဖြစ်လွန်း၍ ခါးမှ ဓားရှိုးကို ညာလက်ဖြင့် ဆုပ်ကိုင်ထားလေသည်။ လူတယောက်သည် ဒေါ်သ ဖြစ်လွန်း လျှင် စဉ်းစားဉာဏ်ကင်းမဲ့၍ မိမိ၏ မူလ အကျင့် ပေါ်လာတတ် ပေသည်။

ထို့ကြောင့် ယခု ဆင့်ဆင့်အိသည် ဒေါ်သဖြစ်လွန်း၍ သူ၏ အကျင့်အတိုင်း ဓားရိုးကို လက်ဖြင့် ဆုပ်ကိုင်ထားလေသည်။

ဤသည်မှာ ဆင့်ဆင့်အိ၏ အမှား ဖြစ်ပါသည်။

အကြောင်းမှာ ဆင့်ဆင့်အိသည် ဗယ်သန် တယောက် ဖြစ် သည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ယခု ဆင့်ဆင့်အိသည် ဆင့်ဆင့်အိအစစ် မဖြစ် နိုင်ချေ။

ထို့ကြောင့် အနီရောင်ဝတ် အဘိုးအိုက ပြုံးလျက်....

'ကျုပ် ဒေါ်သ ဖြစ်ယင် ဗယ်လက်နဲ့ ဓားကို ဆုပ်တတ်တယ် ဆိုတာ မမေ့နဲ့လေ'

ဟု တီးတိုး သတိပေးလိုက်လေသည်။

ထိုအခါမှ ဆင့်ဆင့်အိ အတုသည် တချက် ပြုံးလိုက်ပြီး ဓားရိုးကို ဗယ်လက်ဖြင့် ပြောင်း၍ ဆုပ်ကိုင် လိုက်လေသည်။

ပိုင်လိုရိသည် အနီရောင်ဝတ် အဘိုးအိုကို တချက် ကြည့် လိုက်ပြီး....

'အခုလို အချိန်မှာ မင်းရယ်နိုင်တာ ကျုပ် ချီးကျူးပါတယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဒါမှ များများ စဉ်းစားနိုင်မှာပေါ့'

ပိုင်လိုရိသည် မဲ့ပြုံး ပြုံးယင်း....

'အခု ကျုပ်တို့ဘာလုပ်မလဲ၊ ပိုင်ပင်း ပါသွားပြီ'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဒီလိုဖြစ်လာလိမ့်မယ်လို့ စဉ်းစားမိသားပဲ'

ပိုင်လိုရိုသည် ဒေါပွဟန်ဖြင့်....

'မင်း စဉ်းစားမိတာ နောက်ကျသွားပြီ မဟုတ်လား'

အနီရောင်ဝတ် အဘိုးအိုသည် ရယ်မောယင်း...

'ကျုပ်တို့ မုရုံကုဖန်ကို မမိတာပဲရှိတယ်၊ ဒါပေမယ့် တကွက် တော့ သာနေသေးတယ်'

ပိုင်လိုရိုသည် မဲ့ပြုံး ပြုံးယင်း....

'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ကဲ-ဒါတွေ ထားလိုက်ပါ တော့၊ မင်း ဘာစဉ်းစားလို့ ရသလဲ၊ ဘယ်လိုလုပ်မယ် စိတ် ကူးသလဲ'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ပိုင်ပင်းဟာ ပြိုင်ဘက်ကင်းအောင် လှတယ်၊ ဒါပေမယ့် မုရုံကုဖန်ဟာ မိန်းမတယောက်ဆိုတာ ကျုပ်တို့ ထည့်တွက်ရ လိမ့်မယ်'

ပိုင်လိုရိုသည် မျက်မှောင်ကြုတ်ယင်း....

'ဒီတော့ ဘာဖြစ်သလဲ'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'သူ့လူတွေရဲ့ အသက်နဲ့ရင်းပြီး ဒီလောက် အန္တရာယ်များတဲ့ ကြားက ဘာဖြစ်လို့ မိန်းမတယောက်ကို ခိုးယူသလဲဆိုတာပဲ'

ပိုင်လိုရိုသည် မျက်မှောင်ကြုတ်လျက်....





'ဘာလဲ ကျုပ်သမီးကိုခိုးတာ မုရုံကုဖန်မှာ တခြားရည်ရွယ် ချက် ရှိတယ်လို့ ဆိုချင်တာလား'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'မုရုံကုဖန်လို ဉာဏ်ထက်တဲ့လူစားက သူ့ရဲ့လုပ်ရပ်ကို ဘယ် တော့မှ ထုတ်ပြမှာ မဟုတ်ဘူး'

ပိုင်လိုရိုသည် အနည်းငယ် စဉ်းစားယင်း....

'ဒါဖြင့် သူ့ရဲ့ တခြားရည်ရွယ်ချက်က ဘာဖြစ်မလဲ'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးလျက်....

'အတွဲမဲ့မှတ်တမ်းကလွဲလို့ ဘာဖြစ်ဦးမလဲ'

ပိုင်လိုရိုသည် အံ့ဩဟန်ဖြင့်....

'အတွဲမဲ့မှတ်တမ်း ဟုတ်လား'

ဟု ရေရွတ် လိုက်မိလေတော့သည်။

☆

## ထူးဆန်းတဲ့ ရည်ရွယ်ချက်

ပိုင်လိုရီသည် အံ့ဩဟန်ဖြင့်....

'အတွဲ့မဲ့ မှတ်တမ်း'

ဟု တီးတိုးရေရွတ်မိလေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ပိုင်ပင်းကိုရပြီး ပိုင်ပင်းရဲ့ ပြိုင်ဘက်ကင်းတဲ့ အလှကို ဆက်လက် ထိန်းမထားနိုင်ယင် မုရှံကုဖန်အဖို့ ဘာအကျိုးရှိမှာလဲ'

ပိုင်လိုရီသည် တွေဝေနေမိသည်။

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....





'လှတာနဲ့ ရုပ်ဆိုးတယ် ဆိုတာဟာ တို့ရဲ့ မျက်စိပေါ်မှာ မူတည်နေတာ၊ တို့က ပိုင်ပင်းဟာ ပြိုင်ဘက်ကင်းအောင်လှတယ်လို့ ထင်ပေမယ့် မုရှံကုဖန်က သူ့လောက်တောင် မလှဘူးလို့ ထင်ချင် ထင်နေမှာ'

ပိုင်လိုရီသည် သူ၏ဦးခေါင်းကို ညိတ်လိုက်ပြီး....

'မှန်တယ်၊ မင်းပြောတာ နည်းလမ်းကျတယ်'

ဟု ဝန်ခံလိုက်လေသည်။

ပြီးမှ....

'ဒါဆိုယင် ဘာဖြစ်လို့ ကျုပ်တို့ ဒီမှာရှိတုန်း ကျုပ်အိမ်ကို ဝင်မမွှေတာလဲ'

အနီရောင်ဝတ် အဘိုးအိုက....

'မင်းအိမ်မှာ ကျန်ခဲ့တဲ့ အစောင့်အကြပ်တွေကိုတော့ သူမမှုဘူး၊ ဒါပေမယ့် အတွဲ့မဲ့ မှတ်တမ်းဟာ ဘယ်လိုပစ္စည်းမျိုး ဖြစ်တယ်ဆိုဟာ မသိလို့ နေမှာပေါ့'

ပိုင်လိုရီသည် ဦးခေါင်းကိုညိတ်ယင်း....

'ဟုတ်တယ်'

ဟု ပြောလိုက်သည်။ ပြီးမှ ရုတ်တရက် ရယ်မောကာ....

'အင်း....မုရှံကုဖန်ကသာ တကယ်ပဲ အတွဲ့မဲ့ မှတ်တမ်းကို လိုချင်တယ်ဆိုယင် ကျုပ် လွယ်လွယ်ပဲ ပေးလိုက်ပါတယ်ဗျာ'

အနီရောင်ဝတ် အဘိုးအိုသည် ပိုင်လိုရီအား ထူးဆန်းစွာ ကြည့်ယင်း....

'မင်းက ဘာလို့ရယ်ရတာလဲ'

ပိုင်လိုရိုသည် သဘောကျစွာ ရယ်မောယင်း....

'မုရိုကုဖန်ရဲ့ လက်ထဲကို အတွဲမဲ့မှတ်တမ်း ရောက်သွားပေမယ့် ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး၊ စာအုပ်တအုပ်ထက်ပိုပြီး တန်ဖိုးရှိမှာ မဟုတ်ဘူး၊ ဒီတော့ ဘာမှ သုံးလို့မရမှန်းသိတဲ့အခါ မုရိုကုဖန် ဘယ်လိုနေမယ်ဆိုတာ တွေးမိလို့ပါ'

အန်နီရောင်ဝတ် အဘိုးအိုသည် မဲ့ပြုံးကလေး ပြုံးလိုက်ပြီး

'မုရိုကုဖန်ဟာ ဉာဏ်ထက်တဲ့ မိန်းမ ဆိုတာ သတိထားဦးမှပေါ့၊ အချိန်အနည်းငယ် အတွင်းမှာပဲ မင်းစာအုပ်ဘာဆိုတာ သိသွားနိုင်တယ်'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိုသည် ဦးခေါင်းကို ခါယမ်းယင်း....

'ဘာပဲ ဖြစ်ဖြစ် ကျုပ်က လူတယောက်ရဲ့ အသက်ကို ပိုပြီး တန်ဖိုးထားတယ်၊ ဒါကြောင့် မုရိုကုဖန်က တောင်းခဲ့ယင် ကျုပ် ပေးဖို့ ဝန်မလေးဘူး'

ဟု ပြောလိုက်လေသည်။

ထိုစဉ် တည်းခိုခန်း တံခါးဝ၌ လူတယောက် ပေါ်ထွက်လာလေသည်။ ထိုလူသည် တာလီမြို့စား၏ သိုင်းဆရာကြီး ဖုံလုစုံပင် ဖြစ်သည်။

× × ×





ဖုံလုစုံသည် တံခါးဝ၌ ရပ်နေသည်။

အန်နီရောင်ဝတ် အဘိုးအိုသည် ဦးညွှတ်လိုက်ပြီး....

'ဆရာကြီး ဘာဖြစ်သေးသလဲ'

ဟု မေးလိုက်လေသည်။

ဖုံလုစုံသည် ပြုံးယင်း....

'ဘာမှ မဖြစ်ပါဘူး၊ မင်းတို့ရော ဘာဖြစ်သေးလဲ'

အန်နီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဘာမှ မဖြစ်ပါဘူး'

ဖုံလုစုံသည် ပတ်ဝန်းကျင်ကို တချက်ဝေ့ကြည့်လိုက်ပြီး....

'ဒီမှာ ဘာဖြစ်သွားသလဲ၊ ပြဿနာပေါ်တယ် မဟုတ်လား'

ပိုင်လိုရိုသည် မျက်မှောင်ကြုတ်လိုက်ပြီး....

'ဆရာကြီး ဘယ်လိုလုပ်သိသလဲ'

ဟု မေးလိုက်လေသည်။

ဖုံလုစုံသည် ပြုံးယင်း....

'မုရိုကုဖန်ရဲ့လူတွေကို ကျုပ်လူတွေက စောင့်ကြည့်နေခဲ့တယ်၊ အဲဒါ မနေ့ညက မုရိုကုဖန်ရဲ့ လူတွေဟာ ခင်ဗျားတို့ကို စောင့်နေရာက ချက်ချင်းပဲ နောက်ဆုတ်ပြီး ခြေရာပျောက်သွားတယ်လို့ သတင်းလာပို့တယ်၊ ဒီတော့ ဒီမှာ ပြဿနာမဖြစ်ယင် ဒီပုံစံမျိုး ဘယ်ဖြစ်လာပါမလဲ'

ပိုင်လိုရိုက မျက်မှောင်ကြုတ်ယင်း....

'ဘယ်အထိ နောက်ဆုတ်ပြီး ခြေရာ ပျောက်ကြသလဲ'

ဖုံလုစုံသည် ပြုံးယင်း....

'သစ်တောထဲမှာပဲ၊ ခြေရာ ပျောက်တယ် ဆိုပေမယ့် သူတို့ အားလုံးကို သစ်တောထဲမှာ တွေ့နိုင်တယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'တကယ်တော်တဲ့ မုရိုကုဖန်ပဲ'

ဖုံလုစုံသည် မျက်မှောင်ကြုတ်ယင်း....

'ပိုင်ပင်းကို ဖမ်းသွားပြန်ပြီလား'

ပိုင်လိုရိက ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်'

ဖုံလုစုံသည် မျက်မှောင်ကြုတ်လျက်—

'ဘာလုပ်ဖို့ စိတ်ကူးထားသလဲ'

အနီရောင်ဝတ် အဘိုးအိုက....

'စောင့်နေတယ်'

ဖုံလုစုံသည် ရုတ်တရက် ပြုံးလိုက်ပြီး....

'ဘာလဲ မုရိုကုဖန်က လာပြီး ဆက်သွယ်မှာကို စောင့်နေတာလား'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်'

ဟု ပြန်ပြောလိုက်လေသည်။

ဖုံလုစုံသည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်ယင်း....

'အင်း....ဒါပေမယ့် ဒါဟာ သိပ်တော့ နည်းလမ်းမကျဘူး'

ပိုင်လိုရိသည် မျက်မှောင်ကြုတ်လျက်....

'ဘာဖြစ်လို့'

ဖုံလုစုံသည် တချက်ပြုံးယင်း....





မုရိုကုဖန် ဆက်သွယ်လာမှာကို စောင့်နေမယ့်အစား ကျုပ်တို့ သူတို့ကို တွေ့အောင် ရှာသင့်တယ်'

ပိုင်လိုရိသည် ဦးခေါင်းကို ခါယမ်းယင်း....

'မုရိုကုဖန်က အင်မတန် ဉာဏ်ထက်တဲ့ မိန်းမပဲ၊ သူ့နောက်ကို ခြေရာခံမရအောင် ပျောက်ထားတာ ဘယ်လိုရှာရမှာလဲ'

ဖုံလုစုံသည် ပြုံးယင်း....

'ပန်းမာလာမြိုင်ဟာ မုရိုကုဖန်ရဲ့ ဌာနချုပ်ပဲ'

ဟု ပြောလိုက် လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် မျက်စိတချက် ဝင်းလက်သွားပြီး—

'အဲဒီနေရာကို ဆရာကြီး သိသလား'

ဟု မေးလိုက်လေသည်။

ဖုံလုစုံသည် ပြုံးလျက် ဦးခေါင်းကို ခါယမ်းပြီး....

'သိတော့ သိတယ်၊ ဒါပေမယ့် မသိဘူး'

အနီရောင်ဝတ် အဘိုးအိုသည် ချက်မှောင် တချက်ကြုတ်သွားပြီး....

'ဆရာကြီးရဲ့ စကားက လေးနက်လွန်းတယ်၊ ကျွန်တော် နားမလည်ဘူး'

ဟု ပြောလိုက်လေသည်။

ဖုံလုစုံသည် ရယ်မောယင်း....

'ပန်းမာလာမြိုင်ဟာ ကျုပ်တို့နယ်နဲ့ သိပ်မဝေးဘူး၊ အနီးအနား တဝိုက်မှာပဲ ဒါပေမယ့်....'

ပိုင်လိုရိသည် စိတ်ဝင်စားဟန်ဖြင့်....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဖုံလုစုံသည် ဦးခေါင်းကို ခါယမ်းယင်း....

'ဒါပေမယ့် အဲ့ဒီနေရာကို ဘယ်လိုသွား ရတယ်ဆိုတာ ကျုပ် မသိဘူး'

အနီရောင်ဝတ် အဘိုးအိုသည် စိတ်ပျက်စွာဖြင့် သက်ပြင်း တချက်ကို ဖြည်းညင်းစွာ မှုတ်ထုတ် လိုက်လေတော့သည်။

× × ×

ဖုံလုစုံသည် ပိုင်လိုရိအား ကြည့်ကာ တဟားဟား ရယ်မော လိုက်သည်။ ပြီးမှ....

'စိတ်ပျက် သွားသလား'

ဟု မေးလိုက်လေသည်။

ပိုင်လိုရိသည် သက်ပြင်းတချက် ချယင်း....

'ပန်းမာလာမြို့ကို ဘယ်လို သွားရမှန်း မသိတဲ့နောက် မုရိုကုဖန်ကို ဘယ်လို ရှာမလဲ'

ဖုံလုစုံသည် သူ၏ လက်မကို ထောင်ပြယင်း....

'ကျုပ်ဟာ တာလီမြို့စားရဲ့ သိုင်းဆရာကြီး ဆိုတာ သတိ ထားဦးမှပေါ့၊ ကျုပ်နဲ့ အတူ လက်ရွေးစင် သိုင်းသမား တစ်ရာ့ငါးဆယ် ပါလာတယ်ဆိုတာလဲ မမေ့နဲ့လေ'

အနီရောင်ဝတ် အဘိုးအိုသည် မဲ့ပြုံး ပြုံးယင်း....





'ဒါပေမယ့် ဆရာကြီးကိုယ်တိုင် ပန်းမာလာမြို့ကို ဘယ်လို သွားရမှန်း မသိဘာ၊ အဲဒီ လက်ရွေးစင်သိုင်းသမားတွေကရော သိနိုင်ပါ့မလား'

ဖုံလုစုံသည် တချက် ရယ်မောလိုက်ပြီး....

'ပန်းမာလာမြို့ တဝိုက်ရဲ့ အရပ် လေးမျက်နှာမှာ ကျုပ်ရဲ့ သိုင်းသမား တွေကို စောင့်ကြည့်ခိုင်းယင် ပန်းမာလာမြို့ကို ဝင်တဲ့လမ်း တွေ့မှာပေါ့'

အနီရောင်ဝတ် အဘိုးအိုသည် သဘော ပေါက်ဟန်ဖြင့်....

'ဟုတ်တယ်၊ ဒါနည်းလမ်းကျတယ်'

ဖုံလုစုံသည် ပြုံးယင်း....

'ကျုပ်ဟာ ခင်ဗျားတို့နဲ့ တွေ့တာ သိပ်မကြာသေးပေမယ့် ခင်ဗျားတို့ကို ကျုပ် ကူညီပါ့မယ်'

ပိုင်လိုရိနှင့် အနီရောင်ဝတ်အဘိုးအိုတို့သည် ပြိုင်တူ ဦးညွှတ် လိုက်ပြီး....

'ဆရာကြီးရဲ့ ကျေးဇူး ကြီးမားပါတယ်'

ဟု ပြောလိုက်လေသည်။

ဖုံလုစုံသည် ဆင့်ဆင့်အီဘက်သို့ လှည့်ကြည့်ယင်း....

'ဆင့်ဆင့်အီဟာ သိုင်းလောကမှာ နာမည် ကြီးပေမယ့် ကျုပ်စိတ်ထဲမှာ တမျိုးပဲ၊ နောက်မှ ကျုပ် ခင်ဗျားဆီမှာ ပညာ သင်ဦးမယ်'

ဟု ပြောပြီး အခန်းထဲမှ လှည့်ထွက် သွားလေတော့သည်။

သို့သော် သူသည် အခန်း တံခါးဝသို့ ရောက်သောအခါ ခြေလှမ်း ရပ်တန့်လိုက်ပြီး....

'ဩော်....အကြောင်းထူးယင် ကျုပ် အမြန်ဆုံးအကြောင်းကြားပါမယ်၊ ဒီမှာ ကိစ္စတခုခု ထူးယင်လဲ ကျုပ်ဆီ အကြောင်းကြားပါ'

ဟု မှာကြားပြီး ထွက်ခွာ သွားလေတော့သည်။

ဖုံလုံစုံ၏ အရိပ်အရောင် ပျောက်ကွယ်သွားမှ အနီရောင်ဝတ် အဘိုးအိုသည် ဆင့်ဆင့်အိဘက်သို့ လှည့်ကြည့်ယင်း—

'ဖုံလုံစုံဟာ မျက်စိစူးရှတဲ့ လူတယောက်ပဲ၊ မင်းကို သက်သာမကောင်း ဖြစ်ပုံရတယ်'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက် ခေါင်းလောင်းသံ သဲ့သဲ့ ကြားလိုက်ရလေသည်။

ထို့နောက် အခန်းထဲသို့ ခိုတကောင် ပျံဝင်လာလေတော့သည်။

× × ×

ခိုသည် အဖြူရောင် ဖြစ်သည်။

ပါးစပ်နှိ၍ ဝမ်းဗိုက်သည် နှင်းကဲ့သို့ ဖြူဖွေး နေသည်။

အမွေးအမျှင်များသည် ရှုပ်ထွေးမှု မရှိချေ။

ခို၏ ခြေထောက်တွင် ရွှေဖြင့် ပြုလုပ်ထားသော ခေါင်းလောင်းကလေးတခု ချိတ်ဆွဲထားပြီး ထိုခေါင်းလောင်းမှ အသံမြည်နေခြင်းပင် ဖြစ်ပါသည်။





ခိုသည် အခန်းထဲ၌ တပတ် ဝဲပျံလိုက်ပြီးနောက် ကျောက်စားပွဲပေါ်၌ နားလိုက်လေသည်။

ပိုင်လိုရိုနှင့် အနီရောင်ဝတ် အဘိုးအိုသည် တိုင်ပင်ထားခြင်းမရှိပဲ ခိုနားရာ စားပွဲသို့ ပြိုင်တူ လျှောက်သွားကြလေသည်။

ခိုသည် ပိုင်လိုရိုနှင့် အနီရောင်ဝတ် အဘိုးအို လျှောက်လာသည်ကို မြင်သော်လည်း ကြောက်ရွံ့ဟန် မရှိချေ။

အနီရောင်ဝတ် အဘိုးအိုသည် ခိုကို ဖမ်းလိုက်ပြီး ခို၏ ခြေထောက်မှ ရွှေကြုပ်ကို ဖွင့်လိုက်သည်။

ယင်း ရွှေကြုပ်ထဲ၌ သေးငယ်သော စာရွက်ခေါက်ကလေးကို ထုတ်ယူလိုက်လေသည်။

ပြီးမှ စိမ်းနုရောင် ရှိသော စာရွက်ခေါက်ကို ဖြန့်ကြည့်လိုက်ပြီး....

'မုရုံကုဖန်က ခိုနဲ့ ဆက်သွယ်တာကိုး'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိုသည် မြုံးယင်း...

'စာထဲမှာ ဘာရေးထားသလဲ'

အနီရောင်ဝတ် အဘိုးအိုသည် စိမ်းနုရောင်စာရွက်ကို ပိုင်လိုရို ထံ [illegible] လှမ်းပေးလိုက်ယင်း....

'ကျုပ် ထင်တဲ့ အတိုင်းပဲ'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိုသည် စာရွက်ကို လှမ်းယူပြီး ကြည့်လိုက်သည်။

သေးငယ်သော စာရွက်ပေါ်တွင် သေး၍ လှပသော မိန်းမ လက်ရေးဖြင့် စာအနည်းငယ် ရေးထားသည်ကို တွေ့လိုက်ရလေသည်။ ထိုစာမှာ....

'ဒီနေ့ညနေ ငါးနာရီနဲ့ ခုနစ်နာရီကြားမှာ ပိုင်ပင်းနဲ့ အတွဲမဲ့မှတ်တမ်းကို သစ်တောထဲက ဘုံကျောင်းပျက်မှာ လဲမယ်'။

မရှုံကုဖန်

ဟူ၍ ဖြစ်သည်။

× × ×

အေးစိမ့်သော လေသည် ခန်းမကို ဖြတ်၍ တိုက်လာသည်။

ယင်း အေးစိမ့်သော လေထဲ၌ အန္တရာယ်၏ အငွေ့အသက်များ ပါလာသည်ဟု အနီရောင်ဝတ် အဘိုးအိုက ခံစားလိုက်မိလေသည်။

ပိုင်လိုရီသည် စာရွက်ကို ကိုင်ထားဆဲဖြစ်ပြီး သူ၏ခန္ဓာကိုယ်တခုလုံးသည် မလှုပ်မယှက် ရပ်နေသည်။

သူ၏ အသွင်သဏ္ဌာန်သည် ဦးခေါင်းပေါ်သို့ ရောက်ရှိလာသော ဒေါသကို ထိန်းချုပ်ထားဟန် ပေါ်လွင်နေသည်။





အနီရောင်ဝတ် အဘိုးအိုသည် ရုတ်တရက် ရယ်မောလိုက်ပြီးနောက်....

'မရှုံကုဖန်မှာ ဒီလိုလိမ္မာတဲ့ တိရစ္ဆာန်တွေ ရှိနေပါလား....

ဟု ပြောလိုက်လေသည်။

ပိုင်လိုရီသည် မျက်မှောင်ကြုတ်ယင်း....

'မင်းက ဒီအချိန်တောင် ရယ်နိုင်သေးတယ်'

ဟု ငေါက်လိုက်လေသည်။

အနီရောင်ဝတ်စုံနှင့် အဘိုးအိုသည် ရယ်မောယင်း

'ဒီအချိန်မှာ ရယ်မောနိုင်မှ ကောင်းတဲ့ အကြံအစည်တွေ စဉ်းစားလို့ ရမှာပေါ့'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရီသည် ဒေါသပွဟန်ဖြင့်—

'ဘာမှ စဉ်းစားမနေနဲ့တော့၊ ကျုပ်တို့ အတွဲမဲ့ မှတ်တမ်းပေးလိုက်ရုံပဲ'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ကျုပ် ဒါကိုပဲ စဉ်းစားနေတာ'

ပိုင်လိုရီသည် အနီရောင်ဝတ် အဘိုးအို၏ စကားကို နားမလည်ဟန်ဖြင့်....

'ကျုပ် နားမလည်ဘူး'

အနီရောင်ဝတ်အဘိုးအိုသည် ပြုံးယင်း....

'ဒီလိုလေ....မရှုံကုဖန်ဟာ အတွဲမဲ့ မှတ်တမ်းကို ကြားရုံသာ ကြားဖူးတာ၊ တွေ့ဖူးတာ မဟုတ်ဘူး'

'ဒီတော့ ကျုပ်က အတုလုပ်ပေးရမှာလား'

'မုရိုကုဖန် ချက်ချင်း ရိပ်မိသွားမှာပေါ့'

'ဒါဖြင့် ကျုပ်က ဘာလုပ်ရမှာလဲ'

'မုရိုကုဖန်ဟာ အတွဲမဲ့ မှတ်တမ်းဟာ ဘယ်လိုပစ္စည်းဆိုတာ မသိဘူး၊ ဒီတော့ အဲဒီပစ္စည်းထဲက တခုဖြစ်စေ၊ တစိတ်ဖြစ်စေ ပိုးထည်ဗူးနဲ့ ထည့်ပေးလိုက်ပေါ့၊ ဒါဟာ အတွဲမဲ့မှတ်တမ်းပဲ'

'ကဲ....ဒီတော့ ဘာဖြစ်လာမလဲ'

'ဒီတော့ မုရိုကုဖန်ဟာ ကြည့်တတ်မှာ မဟုတ်တော့ဘူး၊ ဒီတော့ ဘယ်လို အသုံးပြုရတယ်ဆိုတာ ကျုပ်တို့ကို မေးလာလိမ့်မယ်'

ပိုင်လိုရိုသည် သဘောပေါက်ဟန်ဖြင့်....

'ဟုတ်ပြီ၊ သူက ပိုင်ပင်းကို ပြန်ပေးဖို့ ကတိ မတည်ခဲ့ယင် ကျုပ်တို့က ဒါကို အခွင့်ကောင်းယူထားရမယ်ပေါ့ ဟုတ်လား'

'ဒါပေါ့'

'မင်းက သူနဲ့ နောက်ထပ်ဉာဏ်ကစားရဦးမယ် ထင်လို့လား'

'ဒါတော့ အသေအချာ မပြောတတ်ဘူး၊ ဒါပေမယ့် ဒီမိန်းမကို ကျုပ် မယုံဘူး'

ပိုင်လိုရိုသည် ရယ်မောလိုက်ပြီး....

'မင်းအကြံ နည်းလမ်းကျတယ်'

ဟု ပြောလိုက်လေသည်။

ပြီးမှ သူ၏ မျက်လုံးများသည် အနီရောင်ဝတ် အဘိုးအို၏ လက်ထဲမှ ခိုကို ကြည့်ယင်း....





'ကျုပ်တို့ တခု စမ်းကြည့်ရအောင်'

ဟု ပြောလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း လက်ထဲမှ ခိုကို မြှောက်ပြကာ....

'ဘာလဲ မင်းက ခိုကို ခြေရာခံ လိုက်မလို့လား'

ပိုင်လိုရိုသည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'သူလျှိုခိုတွေဟာ သခင်ဆီကို ပြန်သွားတတ်တယ် မဟုတ်လား'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဒါပေမယ့် ဒီခိုဟာ မုရိုကုဖန်ဆီ ရောက်မှာ မဟုတ်ဘူး'

ပိုင်လိုရိုသည် မျက်မှောင်ကြုတ်လိုက်ပြီး....

'ဘာဖြစ်လို့'

အနီရောင်ဝတ် အဘိုးအိုသည် ဘာမျှ ပြန် မပြောတော့ပဲ ခိုကို ကိုင်လျက် တံခါးပေါက်သို့ လျှောက်သွားလေသည်။

ထို့နောက် ခိုကို အပေါ်သို့ မြှောက်၍ လွှတ်ပေးလိုက်လေသည်။

ခိုသည် တောင်ပံကို တဖျပ်ဖျပ် ခတ်ကာ လေထဲသို့ ပျံတက်သွားလေသည်။ သို့သော် ခိုသည် သစ်ပင်တပင်၏ ထိပ်ဖျားအမြင့်သို့ မရောက်မီမှာပင် သစ်တောအုပ်ထဲမှ လေးညို့သံတချက် ပေါ်ထွက်လာလေသည်။

ထို့နောက် တဆက်တည်း....

'ဗြိုး'

ဟူသော အသံနှင့်အတူ မြားတစင်းသည် လေထုကို ဖြတ်သန်း၍ ခိုင်၏ ခန္ဓာကိုယ်ထဲသို့ စိုက်ဝင်သွားလေတော့သည်။

× × ×

ညနေဆည်းဆာ ဖြစ်သည်။

ကောင်းကင် တပြင်လုံးသည် ပန်းနုဆီရောင် တောက်ပ၍ နေသည်။ ညောင်မုတ်ဆိတ်တောအုပ်၏ အလယ်မှဖြတ်၍ ဖောက်လုပ်ထားသော လမ်းတွင် မြင်းလေးစီးသည် မှန်မှန်ခရီးနှင်နေသည်။

ရှေ့ဆုံးမှ မြင်းပေါ်တွင် ပိုင်လိုရိုသည် စီးနင်း လိုက်ပါလာပြီး သူ၏ ဗယ်လက်ထဲ၌ ပိုးထည်ဗူးကို ဆုပ်ကိုင်ထားလေသည်။

ထိုပိုးထည်ဗူးထဲ၌ အတွဲမဲ့မှတ်တမ်း၏ အစိတ်အပိုင်းတခုသာ ထည့်ထားလေသည်။ ထိုပစ္စည်းသည် မုရိုကုဖန် လိုချင်သော ပစ္စည်းပင် ဖြစ်ပါသည်။

သို့သော်... အတွဲမဲ့မှတ်တမ်း၏ အစိတ်အပိုင်း တခုသာ ဖြစ်သဖြင့် မုရိုကုဖန် အသုံးပြုတတ်မည် မဟုတ်ချေ။

ပိုင်လိုရို၏ နောက်တွင် အနီရောင်ဝတ် အဘိုးအိုနှင့် ပုရမ်းဖွေးတို့ လိုက်ပါလာသည် နောက်ဆုံး မြင်းပေါ်၌ ဆင့်ဆင့်အိ လိုက်ပါလာသည်။





သူတို့အားလုံးသည် စကားတလုံးမျှ မပြောပဲ တိတ်ဆိတ်စွာ ခရီးနှင်နေကြလေသည်။

× × ×

ကောက်ကျစ်စဉ်းလဲမှုကို သူတို့မနှစ်သက်ပါ။

သူတို့သည် မည်သည့်အခါမျှ မိတ်ဆွေကိုဖြစ်စေ၊ ရန်သူကိုဖြစ်စေ၊ လိမ်လည် လှည့်ဖြား၍ ကောက်ကျစ်မှုဖြင့် ရင်မဆိုင်ခဲ့ပါ။

ယခုအကြိမ်သည် သူတို့အတွက် ပထမဆုံး ကောက်ကျစ်စဉ်းလဲခြင်းပင် ဖြစ်သည်။ အကြောင်းမှာ....

မုရိုကုဖန်သည် သူတို့ထက် ပို၍ ကောက်ကျစ်စဉ်းလဲလိမ့်မည်ဟု သူတို့ ယုံကြည်ထားခြင်းကြောင့် ဖြစ်သည်။

× × ×

တိတ်ဆိတ်နေသည်။

ဝန်းကျင် တခုလုံးသည် တိတ်ဆိတ်နေသည်။

အထူးသဖြင့် ဘုံကျောင်းပျက် ပတ်ဝန်းကျင်သည် ပို၍ တိတ်ဆိတ်နေသည်။ ပိုင်လိုရိုတို့သည် သူတို့၏ မြင်းများကို ဘုံကျောင်းပျက်၏ အဝင်ဝ၌ ရပ်တန့်လိုက်လေသည်။

သူတို့သည် ခရီးလမ်းတလျှောက်လုံး မည်သည့် အနှောင့်အယှက်မှ မရှိပဲ ဤနေရာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ဤနေရာ၌လည်း သက်ရှိသတ္တဝါဟူ၍ တစုံတရာမှ မတွေ့ရချေ။ သို့သော် သူတို့သည် ဤနေရာမှ အတန်ငယ် ဝေးကွာသော နေရာတွင် လှုရိပ်နှစ်ရိပ်ကို တွေ့လိုက်ရသည်။

နေဝင်ဆည်းဆာအချိန် ဖြစ်သည့်အပြင် အတန်ငယ်အလှမ်းဝေးသော နေရာဖြစ်၍ ပိုင်လိုရိုတို့သည် ထိုလူရိပ်မှာ ယောကျ်ားလား မိန်းမလားဟူ၍ ခွဲခြား မသိနိုင်ချေ။

သို့သော် ထိုလူများမှာ သူတို့အား စောင့်နေသည့် မုရှံကုဖန်၏ လူများဖြစ်မည်ဟု သူတို့ တွေးလိုက်မိလေသည်။

ထို့ကြောင့် သူတို့အားလုံးသည် ထိုလူရိပ်နှစ်ရိပ်ရှိရာ တောင်ကုန်းပေါ်သို့ မြင်းများကို ဦးတည်လိုက်လေသည်။

တောင်ကုန်းဟု ဆိုသော်လည်း မြင့်မားခြင်း မရှိပါ။

တောင်ကုန်း၏ ပတ်ဝန်းကျင်တွင် မည်သည့် သစ်ပင်မှမရှိပဲ ရှင်းလင်းနေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ပိုင်လိုရိုဘက်သို့ လှည့်၍ ...

'မုရှံကုဖန် နေရာရွေးတာ သိပ်တော်တာပဲ'

ဟု ချီးကျူးလိုက်လေသည်။

ပိုင်လိုရိုသည် မဲ့ပြုံးပြုံးလိုက်ပြီး ....

'ဒါပေမယ့် ညံ့တယ်'





အနီရောင်ဝတ် အဘိုးအိုသည် သူ၏ ဖြူဖွေးသော မုတ်ဆိတ်မွေးကို ပင့်တင်ယင်း....

'ဘာဖြစ်လို့'

ပိုင်လိုရိုသည် နှုတ်ခမ်းကို တွန့်၍ ပြုံးယင်း....

'ပစ္စည်းလဲပြီးတာနဲ့ သူဘယ်ပြေးပြေး ကျုပ်တို့ မြင်နိုင်တယ် မဟုတ်လား'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးလိုက်ပြီး....

'ကျုပ်တို့ မမြင်အောင် မပြေးနိုင်ယင် ဒီနေရာကို သူရွေးမှာ မဟုတ်ဘူး'

ပိုင်လိုရိုသည် မျက်မှောင်ကြုတ်သွားပြီး....

'မင်းက မုရှံကုဖန်ကို အထင်ကြီးနေတာကိုး'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'အခု ကျုပ်တို့က တောင်ခြေမှာ၊ သူတို့က တောင်ကုန်းပေါ်မှာ၊ ပြီးတော့ဒီတောင်ကုန်းရဲ့ တခြား တဘက်မှာ ဘာရှိတယ်ဆိုတာ ခင်ဗျား သိလို့လား'

ပိုင်လိုရိုသည် မျက်မှောင် ကြုတ်ယင်း....

'ဒီတောင်ကုန်းရဲ့ တခြားဘက်မှာ ထွက်ပေါက် ရှိမယ်လို့ မင်း ထင်လို့လား'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဒါကတော့ ကျုပ်တို့ တောင်ကုန်းပေါ်ရောက်မှ သိမှာပဲ'

ပိုင်လိုရိုသည် မျက်မှောင်ကြုတ်မြဲ ကြုတ်ယင်း....

'ဘာပဲဖြစ်ဖြစ် မကြာခင် ကျုပ်တို့ အဖြေ တွေ့မှာပေါ့' ဟု ပြောလိုက်လေသည်။

ထိုစဉ် သူတို့သည် တောင်ခြေသို့ ရောက်ရှိလာလေတော့၏။

× × ×

လေးသည် တဟူးဟူး တိုက်ခတ် နေလေသည်။

တဟူးဟူး တိုက်ခတ်နေသော လေသည် အေးစိမ့်သော အအေးဓာတ်အပြင် အန္တရာယ်၏ အငွေ့အသက်ကိုပါ သယ်ဆောင်၍လာသည်။

ပိုင်လိုရိုတို့လူစု တောင်ခြေသို့ ရောက်သောအခါ တိုက်ခတ်လာသော လေသည် ပို၍အေးစိမ့်ပြီး ကြောက်ဖွယ်ကောင်းသည် ဟုခံစားရလေသည်။

သူတို့သည် တောင်ခြေသို့ ရောက်ရှိလာပြီ ဖြစ်၍ တောင်ပေါ်မှ လူနှစ်ယောက်ကို ထင်ရှားစွာ တွေ့မြင်နေရ လေသည်။

ထိုလူ နှစ်ယောက်မှာ—

ဖန်းကျုံစင်းနှင့် ပိုင်ပင်းပင် ဖြစ်သည်။

× × ×

ဖန်းကျုံစင်း၏ ဦးခေါင်းမှာ နဂါးရုပ်ပုံ ပါသော ပဝါသည် လေထဲ၌ တဖျပ်ဖျပ် လွင့်နေသည်။





သူ၏ ခေါင်း၌ တိုင်တတိုင် စိုက်ထူထားသည်။

ယင်းတိုင်၌ ပိုင်ပင်းကို ကြိုးများဖြင့် ချည်နှောင် ထားလေသည်။

ပိုင်ပင်း၏ ဦးခေါင်းသည် ရှေ့သို့ငိုက်ကျနေသဖြင့် သူမသည် မေ့မြောနေဟန် ရှိလေသည်။

ဖန်းကျုံစင်းသည် သူ၏ ညာလက်ကို ဓားရိုးပေါ်၌ တင်ထားယင်း ပိုင်လိုရိုတို့အား လှမ်း၍ ကြည့်လိုက်လေသည်။

ပြီးမှ အေးစက်သော လေသံဖြင့်....

'မြင်းတွေကို အဲဒီမှာ ထားပြီး လူပဲ တောင်ပေါ်တက်ခဲ့ပါ' ဟု ပြောလိုက်လေသည်။

ပိုင်လိုရိုသည် အနီရောင်ဝတ်အဘိုးအိုကို တချက် လှမ်း၍ ကြည့်လိုက်သည်။

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးလျက် သူ၏ ပခုံးကို တချက် တွန်းပြလိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်လေသည်။

ထိုသို့ မြင်းပေါ်မှ ဆင်းသက်ချိန်တွင် သူသည် အသံကို နှိမ့်၍ ပိုင်လိုရိုအား....

'ဘာပဲဖြစ်ဖြစ် မင်း သူနဲ့ ပေနှစ်ဆယ် အကွာအဝေး ရှိနေပါစေ'

ဟု သတိပေးလိုက်လေသည်။

ပိုင်လိုရိုသည် မြင်းပေါ်မှ ဆင်းယင်း....

'ဘာဖြစ်လို့လဲ'

ဆင့်ဆင့်အိုသည် ပြုံးလျက်....

'ဖန်ကျုံစင်းနဲ့ တုကုရင်းဟာ ဆရာ တပည့် ဖြစ်ခဲ့ယင် သူ့ရဲ့ ခေါးကို ပေနှစ်ဆယ် အကွာအဝေးကနေ ပိုးဟပ်ခေါင်းတောင် ဖြတ်နိုင်တယ်ဆိုတာ သတိထားရလိမ့်မယ်'
ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် သူ၏ ဦးခေါင်းကို မသိမသာ ညိတ်ပြယင်း တောင်ပေါ်သို့ ခြေလှမ်းကို စတင် လှမ်းတက်လိုက်လေတော့သည်။

× × ×

ပိုင်လိုရိသည် ဖန်းကျုံစင်းနှင့် ပေနှစ်ဆယ်ခန့် အကွာတွင် ရပ်တန့်လိုက်သည်။

အနီရောင်ဝတ်အဘိုးအိုနှင့် ဆင့်ဆင့်အိသည် ပိုင်လိုရိ၏ ဘေးတဘက်တချက် ဝါးတရိုက်ခန့်တွင် ရပ်တန့်လိုက်သည်။

ပုရမ်းဖွေးသည် တောင်ခြေ၌ မြင်းများနှင့်အတူ ကျန်ရစ်ခဲ့လေသည်။ ဖန်းကျုံစင်းသည် သူတို့အား တချက် ဝေ့ကြည့်လိုက်ပြီး....

'ပထမဆုံး ကျုပ် ပြောချင်တာကတော့ လေးသည်တော်သုံးဆယ့်ခြောက်ယောက်ဟာ ပိုင်ပင်းကို ချိန်ရွယ်ထားတယ်ဆိုတာပဲ'

ပိုင်လိုရိသည် မဲ့ပြုံး ပြုံးလိုက်ပြီး....

'ဘာလဲ.... ကျုပ်တို့က ခင်ဗျားတို့လို ကောက်ကျစ်မယ်ထင်လို့လား'





ဖန်းကျုံစင်းသည် ရုတ်တရက် ရယ်မောလိုက်ပြီး—

'ရှေးကဗျာလေးတပုဒ်လိုပေါ့၊ သစ်တောထဲမှာ ဖြောင့်တဲ့ သစ်ပင် ရှာလို့ တွေ့မယ်၊ လူတောထဲမှာ ဖြောင့်တဲ့ လူ ရှာလို့ မတွေ့ပါ ဆိုသလိုပေါ့'

ပိုင်လိုရိသည် နှုတ်ခမ်းတချက် တွန့်လိုက်ပြီး....

'ကျုပ်တို့ ဘာဖြစ်လို့ လေကုန်ခံပြီး စကားပြောနေတာလဲ'
ဟု မေးလိုက်လေသည်။

ဖန်းကျုံစင်းသည် မထေ့ တထေ့လေး ပြုံးလိုက်ပြီး....

'ဒါဖြင့် ဘယ်မှာလဲ အတွဲမဲ့ မှတ်တမ်း'
ဟု လှမ်းမေးလိုက်လေသည်။

ပိုင်လိုရိသည် သူ၏လက်ထဲမှ ပိုးထည်ဗူးကို မြှောက်ပြယင်း-

'ဒီမှာ'

ဖန်းကျုံစင်းသည် တချက် ပြုံးလိုက်ပြီး....

'ဒါဆို ကျုပ်ဆီ ပစ်ပေးလိုက်'

ပိုင်လိုရိသည် ပြုံးယင်း....

'သစ်တောထဲမှ ဖြောင့်တဲ့ သစ်ပင် ရှာလို့ တွေ့ပေမယ့် လူတောထဲမှာ ဖြောင့်တဲ့လူ ရှာလို့ မတွေ့ဘူး'
ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် သဘောကျစွာ တဟားဟား ရယ်လိုက်ပြီး....

'ကဲ....ကျုပ် ပြောမယ်၊ အတွဲမဲ့ မှတ်တမ်း ဟုတ်ယင် ကျုပ် ဒီနေရာက ထွက်သွားမယ်၊ ပိုင်ပင်းကို ထားခဲ့မယ်၊ ဘယ့်နှယ်လဲ'

ပိုင်လိုရိသည် မဲ့ပြုံးပြုံးလိုက်ပြီး....

'မင်းမှာ လေးသည်တော် သုံးဆယ့်ခြောက်ယောက်တောင် ရှိနေတာ ပိုင်ပင်းကို ပြန် မခေါ်သွားဘူးလို့ ဘယ်သူက အာမခံပေးမှာလဲ'

ဖန်းကျုံစင်းသည် ပြုံးယင်း....

'မင်းတို့ ကျုပ် ပြောတဲ့အတိုင်း မလုပ်ပဲ မနေရဘူး'

ဟု ပြောလိုက်လေသည်။

ထို့နောက် ပိုင်လိုရိနှင့် ဖန်းကျုံစင်းတို့သည် တယောက်ကို တယောက် အတန်ကြာသည့် တိုင်အောင် စိုက်ကြည့်နေလေ၏။

အတန်ကြာမှ ပိုင်လိုရိသည် သက်ပြင်းတချက် ချလိုက်ပြီး....

'ရော့....မိအောင်ဖမ်း'

ဟု ပြောကာ ပိုးထည်ဗူးကို လှမ်း၍ ပစ်ပေးလိုက်လေသည်။ ပိုးထည် ဗူးလေးသည် ပိုင်လိုရိ လက်ထဲမှ လေထဲသို့ ပစ်လွှင့်သွားပြီး ဖန်းကျုံစင်း၏လက်ထဲသို့ ကျရောက်သွားလေတော့၏။

ပိုင်လိုရိသည် ရုတ်တရက် ရယ်မောလိုက်ပြီး....

'အတွဲမဲ့မှတ်တမ်းဟာ ဘာပစ္စည်းဆိုတာ မင်း သိရဲ့လား'

ဟု လှမ်းမေးလိုက်လေသည်။

ဖန်းကျုံစင်းသည် ရုတ်တရက် မျက်မှောင်ကြုတ်သွားပြီး....

'ဘာ ပစ္စည်းလဲ'

ပိုင်လိုရိသည် သူ၏ ပခုံးနှစ်ဘက်ကို တွန့်ပြယင်း....

'မင်းဘာသာမင်း ဖွင့်ကြည့်ပေါ့'

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် ပိုးထည်ဗူးကို ဖွင့်လိုက်လေသည်။

ထိုအချိန်ကလေး အတွင်းမှာပင်....





ဖန်းကျုံစင်း၏ မျက်လုံးထောင့်၌ ပိုင်လိုရိသည် မိမိထံ ချဉ်းကပ်လာသည်ကို တွေ့လိုက်ရလေသည်။

ထို့ကြောင့် သူသည် ခါးမှ ဓားကို လျှပ်တပြက် ဆွဲထုတ်လိုက်ပြီး ပိုင်ပင်း၏ လည်ပင်းပေါ်သို့ ခုတ်ပိုင်းချလိုက်လေသည်။

ပိုင်လိုရိသည် မျက်လုံးပြူးသွားပြီး သူ၏ ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်လိုက်လေသည်။ ယင်းသို့ ပိုင်လိုရိခြေလှမ်း ရပ်တန့်သွားသည်နှင့် တပြိုင်တည်း ပိုင်ပင်း၏ လည်ပင်းပေါ်သို့ ကျလာသော ဖန်းကျုံစင်း၏ ဓားသည်လည်း ရုတ်တရက် ရပ်တန့် သွားလေတော့သည်။

သို့သော် ဖန်းကျုံစင်း၏ ဓားသည် ပိုင်ပင်း၏ လည်ပင်းပေါ်မှ ပြန်လည်ရုပ်သိမ်းခြင်း မရှိပဲ အချိန်မရွေး ခုတ်ပိုင်းနိုင်ရန် ပိုင်ပင်း၏ လည်ပင်းပေါ်၌ တင်၍ ထားလိုက်လေသည်။

ပြီးမှ ဖန်းကျုံစင်းသည် ရုတ်တရက် ပြုံးလိုက်ပြီး....

'နောက်တခါ ကျုပ် မျက်စိနောက်ယင် ကျုပ်ဓားကို အပြစ် မပြောနဲ့'

ဟု ပြောလိုက် လေတော့သည်။

× × ×

ပိုင်လိုရိသည် မဲ့ပြုံးပြုံးလိုက်ပြီး သူ၏ ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်လေသည်။ ပြီးမှ....

'မင်း ပစ္စည်းကို မြန်မြန်ကြည့်၊ ပြီးယင် မင်းထွက်သွားတော့'

ဖန်းကျုံစင်းသည် ရယ်မောယင်း....

'ပစ္စည်းကို စစ်ပြီးတာနဲ့ ခင်ဗျားပြောဖို့မလိုဘူး၊ ကျုပ်ထွက်သွားမယ်'

ဟု ပြောလိုက်ပြီး ပိုးထည်ဗူးကို စတင် ဖွင့်လိုက်လေသည်။

ဗူးထဲမှ ပစ္စည်းကို မြင်တွေ့လိုက်သောအခါ ဖန်းကျုံစင်း၏ မျက်လုံးများသည် အံ့သြဟန်ဖြင့် ပြူးကျယ်သွားလေသည်။

ဤပစ္စည်းမျိုး သူ့တသက်တာတွင် တခါမှ တွေ့ဖူးခဲ့ခြင်း မရှိချေ။ ထို့ကြောင့် သူသည် အံ့သြဟန်ဖြင့် ဗူးထဲမှ ပစ္စည်းအား အတန်ကြာအောင် ငေးမော ကြည့်နေမိလေတော့သည်။

× × ×

အရောင်အသွေးသည် အဖြူရောင်ဖြစ်သည်။

ကြည်လင်၍ တဘက်သို့ ထုတ်ချင်းဖောက် မြင်နိုင်ပေသည်။

အရွယ်အစားမှာ ပိုးထည်ဗူးနှင့် တတိုင်းတည်းဖြစ်သည်။

အထူအပါးမှာ လက်ညှိုးလုံးတဝက်ခန့် ထူသည်။

ပြောင်လက်သော်လည်း တောက်ပမှု မရှိပါ။

ထူးဆန်းသော အမွှေးနံ့တမျိုးသည် ထိုပစ္စည်းမှ ထွက်ပေါ်နေသည်။ ယင်းအမွှေးနံ့များကို ဖန်းကျုံစင်း၏ တသက်နှင့်တကိုယ် ယခုတကြိမ်သာ ရှူရှိုက်ဖူးလေသည်။

ဖန်းကျုံစင်းသည် အတန်ကြာအောင် ယင်းပစ္စည်းကို ငေးမော ကြည့်ရှုနေပြီးမှ ပိုင်လိုရိုထံသို့ လှမ်းကြည့်ကာ....



'ဒါ ဘာပစ္စည်းလဲ'

ပိုင်လိုရိုသည် သဘောကျစွာ ရယ်မောလိုက်ပြီး....

'အင်း... မုရိုကုဖန်က အသုံးမကျတဲ့လူကိုမှ ပစ္စည်းလဲလှယ်ဖို့ လွှတ်လိုက်တာကိုး'

ဖန်းကျုံစင်း၏ ခန္ဓာကိုယ်သည် ဒေါသကြောင့် တချက် တုန်လှုပ်၍ သွားလေသည်။

သို့သော် သူသည် ချက်ချင်း ဒေါသကို ထိန်းချုပ်ထားလိုက်ပြီး....

'ဒါ... ဘာပစ္စည်းလဲ'

ဟု ထပ်မံ မေးလိုက်လေသည်။

ပိုင်လိုရိုသည် ပြုံးယင်း....

'ဩော်... ဟုတ်သားပဲ၊ မင်းက ဒီပစ္စည်းမျိုးကို ဘယ်သိပါ့မလဲ၊ မသကာ သံကြိုးကွင်းတပ် ဓားဆိုယင်တော့ သိချင်သိလိမ့်မယ်၊ ဟုတ်တယ် မဟုတ်လား'

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်း၏ ရင်ထဲ၌ ရုတ်တရက် ထိတ်လန့်သွားပြီး မျက်နှာတချက် ပျက်သွားလေသည်။ သို့သော်....

သူသည် တဒင်္ဂအတွင်း၌ပင် ပြန်လည် ဣန္ဒြေဆည်နိုင်ခဲ့လေသည်။

ထို့ကြောင့် ပိုင်လိုရိုသည် ဖန်းကျုံစင်း မျက်နှာ တချက် ပျက်သွားသည်ကို မရိပ်မိလိုက်သော်လည်း အနီရောင်ဝတ်စုံနှင့် အဘိုးအိုက ရိပ်မိလိုက်လေသည်။

ဖန်းကျုံစင်းသည် မျက်မှောင်ကြုတ်လိုက်ပြီး....

'ဘယ်က သံကြိုးကွင်းနဲ့ ခေါ်းလဲ၊ ကျုပ်မေးတာ ဒီပစ္စည်းဟာ ဘာလဲ ဆိုတာပဲ'

ပိုင်လိုရိသည် ပြုံးယင်း....

'သြော်...ခင်ဗျားက မုရုံကုဖန်ရဲ့ လက်အောက်တွေထဲမှာ ခေါ်းရေးကျွမ်းတဲ့လူ ဆိုတော့ တုကုံရင်း ဆိုတဲ့ သံကြိုးကွင်းခေါ်း ကိုင် သိုင်းသမားကိုများ သိများ သိမလားဆိုပြီး ပြောလိုက်တာပါ'

ဖန်းကျုံစင်း၏ ရင်သည် တထိတ်ထိတ် ခုန်နေသည်။

သူ၏ စိတ်ထဲမှာလည်း မိမိ တုကုရင်း ဖြစ်ကြောင်း ပိုင်လိုရိ သိသွားပြီလားဟု အောက်မေ့ လိုက်မိလေသည်။

သို့သော် သူသည် ဟန်ကိုယ့်ဖို့ဆိုသည့်စကားအတိုင်း တချက် ရယ်မောလိုက်ပြီး....

'ကျုပ်တို့ ဘာဖြစ်လို့ အချိန်ဖြုန်း နေရတာလဲ'

ဟု မေးလိုက်လေသည်။

ပိုင်လိုရိသည် ရယ်မော လိုက်ပြီး....

'ကျုပ်က စကားစပ်မိလို့ ပြောတာပါ၊ တုကုရင်း ဆိုတဲ့ လူက တာလီမြို့စားရဲ့သားကိုသတ်လို့ ဖုံလုစုံက ရေဆုံး မြေဆုံး လိုက်ရှာနေတယ်၊ အဲဒါကြောင့် သူက ရုပ်ဖျက်ပြီး ရှောင်တိမ်း နေရတယ်၊ ဥပမာ ဖန်းကျုံစင်း ဆိုပြီးတော့ပေါ့'

ဖန်းကျုံစင်း၏ မျက်ဝန်းအိမ်၌ ကျဉ်းမြောင်း၍သွားသည်။

ထို ကျဉ်းမြောင်း၍ သွားသော မျက်လုံးထဲ၌ ရက်စက်ဟန် ပေါ်လွင် လာလေသည်။ သူသည် ပိုင်လိုရိအား တချက် စိုက် ကြည့်ယင်း....





'ကျုပ်ကို မဟုတ်မတရား စွပ်စွဲတဲ့အတွက် ခင်ဗျား နောင်တ ရလိမ့်မယ်၊ အခုတော့ ကျုပ် မေးတာကိုပဲ ဖြေပါ၊ ဒါမှ မဟုတ်ယင် ပိုင်ပင်းရဲ့ ခေါင်းကို မြေကြီးပေါ်က ကောက်ယူ ရလိမ့်မယ်'

ခြိမ်းခြောက် လိုက်လေသည်။

ပိုင်လိုရိသည် ပြုံး၍ ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်လေ၊ ခင်ဗျားဟာ ဖန်းကျုံစင်းပဲ ဖြစ်ဖြစ်၊ တုကုရင်းပဲဖြစ်ဖြစ် ကျုပ်တို့နဲ့ မဆိုင်ပါဘူး'

ဖန်းကျုံစင်းသည် ဘာမှ ပြန်မပြောပဲ ပိုင်လိုရိကိုသာ စိုက်၍ ကြည့်နေသည်။

ပိုင်လိုရိသည် တချက် ရယ်သွမ်း သွေးလိုက်ပြီး....

'အဲဒါ အတွဲမှ မှတ်တမ်းပဲ'

ဖန်းကျုံစင်းသည် မျက်မှောင်ကြုတ်ယင်း....

'ဒါလား အတွဲမှ မှတ်တမ်း ဆိုတာ'

ဟု မယုံသင်္ကာ အသံဖြင့် မေးလိုက်လေသည်။

ပိုင်လိုရိသည် ပြုံးယင်း....

'မင်းက ဘာ့ အထောက် အထားနဲ့ မဟုတ်ဘူးလို့ ထင်ရ တာလဲ'

ဖန်းကျုံစင်းသည် ဘာမျှ ပြန်၍ မပြောပါ။

သူသည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ....

'ဘယ်လို အသုံးပြုရသလဲ'

ပိုင်လိုရိသည် ပြုံးယင်း....

'ပိုင်ပင်းကို ဘယ်တော့ လွှတ်ပေးမှာလဲ'

ဖန်ကျုံစင်းသည် ပြုံးလျက်

'အခု လွှတ်ပေးမှာ၊ ကဲ.... ဒီပစ္စည်းကို ဘယ်လို အသုံးပြု ရသလဲ'

ပိုင်လိုရီသည် တချက် ရယ်မောလိုက်ပြီး....

'မင်းတို့ စဉ်းစားကြည့်ယင် တဖြည်းဖြည်းနဲ့ ဘယ်လို အသုံးချရတယ်ဆိုတာ နားလည်လာမှာပေါ့'

ဖန်းကျုံစင်းသည် မျက်မှောင်ကြုတ်ယင်း....

'အချိန်ကြာတာပေါ့'

ပိုင်လိုရီသည် ဦးခေါင်းညိတ်လိုက်ပြီး....

'ဒါပေါ့'

ဖန်ကျုံစင်းက အေးစက်သော လေသံဖြင့်....

'ကျုပ် အချိန်ကုန် မခံနိုင်ဘူး'

ပိုင်လိုရီသည် တဟားဟား ရယ်မောယင်း....

'အချိန်မကုန်အောင် ပိုင်ပင်းကို လွှတ်ပေးပေါ့၊ ဒါဆိုယင် ကျုပ်က အခုပဲ ပြောပြလိုက်မယ်၊ ဒါပေမယ့် ခြွင်းချက်တော့ ရှိတယ်'

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် မျက်မှောင် ကြုတ်သွားပြီး....

'ဘာ ခြွင်းချက်လဲ'

ဟု ပြန်မေးလိုက်လေသည်။

ပိုင်လိုရီသည် အေးစက်သော လေသံဖြင့်....

'ပိုင်ပင်း အစစ် ဟုတ် မဟုတ် ကျုပ်တို့ စစ်ဆေး ရလိမ့်မယ်'ဟု ပြောလိုက်လေသည်။





ပိုင်လိုရီ၏ စကား ဆုံးသည်နှင့် တပြိုင်တည်း ပိုင်ပင်း၏ ဦးခေါင်းသည် ငုံ့နေရာမှ မော့လာလေသည်။

ထို့နောက် သူမ သည် တဟားဟား ဖြင့် ရယ် မော လေတော့သည်။

သူမသည် အဘယ်ကြောင့် ရယ်မောရသနည်း။

သူမသည် ရူးသွပ်သွားပြီလော။

× × ×

ပိုင်ပင်းသည် တဟားဟား ရယ်မောနေသည်။

ပထမပိုင်းတွင် ပိုင်လိုရီသည် အံ့သြ၍ သွားသော်လည်း ဖြစ်ရပ်မှန်ကို ချက်ချင်း ရိပ်စားမိလိုက်လေသည်။

အကြောင်းမှာ ပိုင်ပင်း၏ ရယ်မောသံနှင့် သူမ၏ မျက်လုံးများသည် သူမ မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ပြနေသည် မဟုတ်ပါလော။

ထို့ကြောင့် ပိုင်လိုရီသည် အောင့်၍ မထားနိုင်တော့ပဲ ပါးစပ်မှ....

'မုရုံကုဖန်'

ဟု ရေရွတ် လိုက်မိလေတော့သည်။

× × ×

ပိုင်ပင်း၏ မျက်နှာနှင့် မုရုံကုဖန်သည် တဟားဟားရယ်မောယင်း သူမ၏ ခန္ဓာကိုယ်ကို တချက် လှုပ်လိုက်လေသည်။

ယင်းသို့ လှုပ်ရှားလိုက်သည်နှင့် တပြိုင်တည်း

သူမ၏ ခန္ဓာကိုယ်ပေါ်မှ ချည်နှောင်ထားသော ကြိုးများသည် ပြေကျသွားလေတော့သည်။

ဖန်းကျုံစင်းသည် သူမ၏ လည်ပင်းပေါ်မှ ဓားကို ပြန်လည် ရုပ်သိမ်းလိုက်ပြီး ဘေးသို့ ဆန့်တန်းကာ အသင့်အနေဖြင့် စောင့်ကြည့် နေလေသည်။

မုရှံကုဖန်သည် သူမ၏ မျက်နှာပေါ်မှ ပိုင်ပင်း၏ မျက်နှာအတုကို ဆွဲခွာလိုက်ပြီး ပိုင်လိုရိအား....

'ပိုင်သခင်ကြီးက မှတ်ဉာဏ် ကောင်းသားပဲ၊ ကျွန်မက ဒီလောက် ဉာဏ်ထက်လိမ့်မယ်လို့ မထင်မိဘူး'

ဟု ခနဲ့လိုက်လေသည်။

ပိုင်လိုရိသည် မျက်မှောင်ကြုတ်သွားပြီး....

'မင်း ဒီလိုလုပ်လိမ့်မယ်လို့ ကျုပ် အစကတည်းက တွက်ထားပါတယ်'

မုရှံကုဖန်သည် ပြုံးယင်း....

'ဒါကြောင့် အတွဲမဲ့ မှတ်တမ်းရဲ့ အသုံးပြုပုံ အသုံးပြုနည်းကို ရှင်က လျှို့ဝှက်ထားလိုက်တာပေါ့ ဟုတ်လား'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဟုတ်တယ်'

မုရှံကုဖန်သည် တဟားဟား ရယ်မောယင်း—

'ပိုင်သခင်ကြီးဟာ ကျွန်မကို အတွဲမဲ့ မှတ်တမ်း အတုကို ပေးလိမ့်မယ်၊ ဒါမှမဟုတ် အတွဲမဲ့မှတ်တမ်း အစစ်ကို ပေးယင်





တောင် ဘယ်လို အသုံးချရတယ်ဆိုတာ ပြောပြမှာ မဟုတ်ဘူးလို့ ကျွန်မ အစကတည်းက တွေးမိခဲ့တယ်'

ပိုင်လိုရိသည် ရှေ့သို့ ခြေတလှမ်း တိုးလိုက်ပြီး....

'ပိုင်ပင်း ဘယ်မှာလဲ'

မုရှံကုဖန်သည် အေးစက်သော မျက်လုံးများဖြင့် တချက်ကြည့်လိုက်ပြီး....

'ဘယ်လို အသုံးချရမှာလဲ'

ပိုင်လိုရိသည် မျက်မှောင် ကြုတ်လျက်....

'ပိုင်ပင်း ဘယ်မှာလဲ'

ဟု ထပ်၍ မေးလိုက်လေသည်။

မုရှံကုဖန်သည် ဘာမှ ထပ် မပြောတော့ပဲ ပိုင်လိုရိအား အေးစက်စွာ စိုက်ကြည့်နေလေသည်။

ထိုစဉ် ရုတ်တရက် တဟူးဟူး တိုက်ခတ်နေသော လေသည် ရပ်တန့်၍သွားလေသည်။

ဝန်းကျင် တခုလုံးကို တိတ်ဆိတ်မှုက လွှမ်းမိုးသွားလေ၏။

မုရှံကုဖန်နှင့် ပိုင်လိုရိတို့သည် အတန် ကြာအောင် စိုက်၍ကြည့်နေလေသည်။ အတန်ကြာမှ....

ပိုင်လိုရိသည် သူ၏ခန္ဓာကိုယ်ကို စတင် လှုပ်ရှားလိုက်လေ၏။

သူ၏ ခန္ဓာကိုယ်သည် မြားတစင်းကဲ့သို့ မုရှံကုဖန်ထံ ပြေးဝင်သွားလေသည်။ တချိန်တည်းမှာပင် အနီရောင်ဝတ် အဘိုးအိုနှင့် ဆင့်ဆင့်အိ တို့သည်လည်း မုရှံကုဖန်နှင့် ဖန်းကျုံစင်းထံ တဟုန်ထိုး ပြေးဝင်လိုက်လေသည်။

ထိုစဉ်—ရုတ်တရက် မုရုံကုဖန်သည် လက်တချက် လှုပ်ရှားလိုက်လေသည်။

ယင်းသို့ လှုပ်ရှားလိုက်သည်နှင့် တပြိုင်တည်း....

'ဝုန်း....'

ဟူသော အသံနှင့်အတူ မီးခိုးလုံး တခုသည် မုရုံကုဖန်နှင့် ဖန်းကျုံစင်းတို့ကို ဖုံးလွှမ်း သွားလေတော့သည်။

× × ×

မီးခိုးများ ပြယ်သွားပြီဖြစ်၏။

မီးခိုးများနှင့်အတူ ဖန်းကျုံစင်းနှင့် မုရုံကုဖန် သည်လည်း ပျောက်ကွယ် သွားခဲ့ပြီ ဖြစ်သည်။

ပျောက်ကွယ်၍ မသွားသော အရာမှာ မုရုံကုဖန်ကို ချည်နှောင်ထားခဲ့သော သစ်သားတိုင်နှင့် ကြိုးပင် ဖြစ်ပါသည်။

အနီရောင်ဝတ် အဘိုးအိုသည် တချက် ပြုံးလိုက်ပြီး တောင်ကုန်းပေါ်မှဝေ့၍ တချက် ကြည့်လိုက်လေသည်။

တောင်ကုန်း၏ တဘက်၌ မည်သည့်သစ်ပင်မှ မရှိချေ။

မြက်ပင်များသာ ရှိပါသည်။

ပိုင်လိုရိသည် မျက်မှောင်ကြုတ်လိုက်ပြီး....

'ဒီလောက် အချိန်အတွင်းမှာ သူတို့ ဝေးဝေး မပြေးနိုင်ပါဘူး'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....





'ဒါပေမယ့် သူတို့ရဲ့ အရိပ်အရောင်ကို ကျုပ်တို့မတွေ့ရတာ ဆန်းမနေဘူးလား'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် နားမလည်ဟန်ဖြင့် ငေးကြောင်သွားပြီး....

'ဘာ ထူးဆန်းတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ထူးဆန်းတယ်'

ဟု ပြောလိုက်လေသည်။

ထိုစဉ် မြက်ပင်များကြားမှ လူတယောက်ထွက်ပေါ်လာပြီး

'ထူးဆန်းတယ်၊ ထူးဆန်းတယ်'

ဟု ပြောလိုက်လေသည်။

ထိုလူသည် ဖုံလုစုံပင် ဖြစ်ပါသည်။

× × ×

ဖုံလုစုံသည် ပိုင်လိုရိတို့အား ပြုံးပြယင်း....

'ထူးဆန်းတယ်'

ဟု ပြောလိုက်လေ့သည်။

ပိုင်လိုရိသည် အံ့သြဟန်ဖြင့်....

'ဆရာကြီး ဒီကို ဘယ်လိုရောက်လာတာလဲ'

ဟု မေးလိုက်လေသည်။

ဖုံလုစုံသည် တချက် ရယ်မောလိုက်ပြီး....

'မြေကြီးထဲက လာတာ'

ဟု ဖြေလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ဖုံလုစုံထံသို့ လျှောက်သွားပြီး

'သရာကြီး ဆိုလိုတာက ဒီတောင်ကုန်းအောက်မှာ ဥမင်လိုဏ်ခေါင်း ရှိတယ်ပေါ့'

ဟု မေးလိုက်လေသည်။

ဖုံလုစုံသည် ဦးခေါင်းကို ညိတ်လိုက်ပြီး၊ မြက်ပင်များကြားသို့ ညွှန်ပြကာ....

'အဲဒီမှာ ဥမင်လိုဏ်ခေါင်း အဝင်ဝပဲ'

ဟု ပြောလိုက်လေသည်။

ဥမင်လိုဏ်ခေါင်း၏ အဝင်ဝတွင် မြက်ပင်များဖြင့် ဖုံးအုပ်နေသည့်အတွက် ရုတ်တရက် မတွေ့ရချေ။

ထို့ပြင် ယင်းလိုဏ်ခေါင်းဝကိုဖုံးအုပ်ထားသော အုံဖုံးသည် မြေကြီးဖြင့် ပြုလုပ်ထားသည့်အတွက် ရုတ်တရက် မမြင်နိုင်ချေ။

အနီရောင်ဝတ် အဘိုးအိုသည် အုံဖုံးအား ဆွဲ၍ဖွင့်လိုက်ပြီး အထဲသို့ တချက်လှမ်း၍ အကဲခတ် ကြည့်လိုက်လေသည်။

ပြီးမှ သဘောကျစွာ တဟားဟား ရယ်မော လိုက်လေတော့သည်။

× × ×

ဖုံလုစုံသည် အနီရောင်ဝတ် အဘိုးအိုအား လှမ်း၍ မြုံးပြယင်း....





'ကျုပ်တို့ တခါက မုရုံကုဖန်ရှိတဲ့ ဘုံကျောင်းပျက်ကို ဝင်တိုက်ခဲ့တယ် မဟုတ်လား'

အနီရောင်ဝတ် အဘိုးအိုသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်လေ၊ ဒါပေမယ့် ကျုပ်တို့ မုရုံကုဖန်ကို လက်လွှတ်ခဲ့တာပဲ'

ဖုံလုစုံသည် မြုံးယင်း....

'ဟုတ်တယ်၊ ဒါကို ကျုပ် မကျေနပ်လို့ ဘုံကျောင်းပျက်တဝိုက်မှာ ရှာခဲ့တယ်၊ နောက်ဆုံး ကျုပ် ဘုံကျောင်းပျက်ထဲက ကျက်သရေခန်းမှာရှိတဲ့ လျှို့ဝှက်တံခါးကိုတွေ့ခဲ့တယ်၊ ဒီတော့မှ မုရုံကုဖန်ဟာ အဲဒီမှာ ပုန်းနေခဲ့မယ်လို့ တွေးခဲ့တယ်'

အနီရောင်ဝတ် အဘိုးအိုသည် စိတ်ဝင်စားဟန်ဖြင့်....

'နောက်တော့ ဒီလိုဏ်ခေါင်းကို တွေ့ရောလား'

ဖုံလုစုံသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်၊ ဒါနဲ့ ကျုပ်လဲ ဥမင်လိုဏ်ခေါင်း တလျှောက်ဝင်လိုက် လာတာပဲ'

ပိုင်လိုရိုသည် စိတ်ဝင်စားဟန်ဖြင့်....

'ဒါဖြင့် မုရုံကုဖန်နဲ့ ဖန်းကျုံစင်းကို တွေ့ခဲ့သလား'

ဟု မေးလိုက်လေသည်။

ဖုံလုစုံသည် ဦးခေါင်းကို ခါယမ်းယင်း....

'မတွေ့ခဲ့ဘူး၊ ဒါပေမယ့် ပဝါတထည်တော့ ကျုပ် ကောက်ရခဲ့တယ်'

ဟု ပြောယင်း သူ၏ ရင်ဘတ်ကြားမှ ပဝါတထည်ကို ထုတ်ပြ

လိုက်လေသည်။ ထိုပဝါမှာ ပိုင်လိုရိက ပိုးထည်ဖူးကိုလုပ်ခဲ့သော ပဝါပင် ဖြစ်သည်။

× × ×

အနီရောင်ဝတ် အဘိုးအိုသည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး....

'အောက်မှာ လိုက်ခေါင်းတွေ ဘယ်လောက် များမလဲ မသိဘူး'

ဟု ညည်းညူလိုက်လေသည်။

ဖုံလုစုံသည် ပြုံးယင်း....

'အဲဒါ ထူးဆန်းတာပဲ'

ပိုင်လိုရိသည် မျက်မှောင်ကြုတ်ယင်း....

'ဘာဖြစ်လို့လဲ'

ဖုံလုစုံသည် ပြုံးကာ လက်ထဲမှ ပဝါကို မြှောက်ပြယင်း....

'ဟောဒီ ပဝါကို ကောက်ရတဲ့ နေရာမှာ လိုဏ်ခေါင်း တခု ရှိတယ်၊ ဒါပေမယ့် ရှေ့ဆက်သွားလို့ မရအောင် မြေကြီးတွေ ပိတ်နေတယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'တကယ်တော်တဲ့ မိန်းမပဲ၊ ကျုပ်တို့ လိုက်မလာနိုင်အောင် မျက်ခြည်ပြတ်ခဲ့တာပဲ'

ဖုံလုစုံသည် ပိုင်လိုရိအား တချက် ခေါ့ကြည့်ကာ....





'ပိုင်ပင်း ပြန်မရောက်သေးဘူး မဟုတ်လား'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'အခု တခါလဲ ဒီမိန်းမ လူလည် ကျသွားပြန်ပြီ'

ဖုံလုစုံသည် တချက် ပြုံးလိုက်ပြီး....

'ကဲ....ကျုပ်တို့ ဘာဆက်လုပ်မလဲ'

ဟု မေးလိုက်လေသည်။

× × ×

ဝူးပုတည်းခိုခန်း။

ပျော်စရာ သစ်တောကျေးရွာ၏ အရှေ့ဘက် ဆယ့်သုံးမိုင် အကွာတွင် ရှိသော တည်းခိုခန်း ဖြစ်သည်။

တည်းခိုခန်း၏ရှေ့တွင် မြင်းလှည်းနှစ်စီး ရပ်ထားလေသည်။ ထူးဆန်းသည်မှာ မြင်းလှည်း ရပ်နားနေခြင်း မဟုတ်ပဲ ထွက်ခွာရန် တစုံတဦးအား စောင့်မျှော်နေခြင်းပင် ဖြစ်သည်။

ဤသို့ဆိုလျှင် ထိုမြင်းလှည်းနှစ်စီးသည် မည်သူ့ကို စောင့်နေသနည်း။

× × ×

ဤအခန်းသည် သီးသန့်ခန်း ဖြစ်သည်။

ဝူပု တည်းခိုခန်း၏ သီးသန့်ခန်း ဖြစ်သည်။

ယင်း အခန်းထဲ၌ လူတယောက် တင်ပျဉ်ခွေ၍ ထိုင်နေသည်။

သူ၏ အမူအရာသည် တည်ငြိမ် နေသော်လည်း သူ၏ မျက်လုံးများသည် တစုံတယောက်အား စောင့်မျှော်နေဟန် ပေါ်လွင်၍ နေပေသည်။

ထိုလူသည် မျက်လှည့်ဆရာကြီးပင် ဖြစ်ပါသည်။

× × ×

ချက်တရက်....

'ဒေါက်....ဒေါက်....ဒေါက်....'

ဟူသော တံခါးခေါက်သံ ပေါ်ထွက်လာလေသည်။

ယင်း တံခါး ခေါက်သံသည် သီးသန့် အခန်း၏ တံခါးမှ ပေါ်ထွက်လာခြင်း မဟုတ်ပါ။ မျက်လှည့် ဆရာကြီး ထိုင်နေသော ကြမ်းပြင်အောက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မျက်လှည့်ဆရာကြီးသည် ထိုင်နေရာမှ ထလိုက်ပြီး ကော်ဇော အခင်းအား ဖယ်ရှားလိုက်လေသည်။

ယင်းသို့ ကော်ဇောအခင်းကို ဖယ်ရှားလိုက်သည်နှင့်အံ့ဝှက်တံခါးတခု ပေါ်လာလေသည်။

မျက်လှည့် ဆရာကြီးသည် အံ့ဝှက် တံခါး၏ အဖုံးကို ဆွဲမ၍ ဖွင့်ပေးလိုက်လေသည်။ ယင်းသို့ ဖွင့်ပေးလိုက်သည်နှင့် တပြိုင်တည်း အံ့ဝှက်တံခါးပေါက်မှ လူနှစ်ယောက် အပေါ်သို့ တက်လာလေသည်။

သူတို့မှာ မုရှံကုဖန်နှင့် ဖန်းကျုံစင်းပင် ဖြစ်သည်။

× × ×





မျက်လှည့် ဆရာကြီးသည် မုရှံကုဖန်အား မြုံး၍ကြည့်ယင်း

'ရခဲ့တယ် မဟုတ်လား'

မုရှံကုဖန်သည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ရခဲ့တယ်'

ဟု ပြောလိုက်ပြီး လက်ထဲမှ ပိုးထည်ဗူးကိုလှမ်းပေးလိုက်လေ၏။

မျက်လှည့် ဆရာကြီးသည် ပိုးထည်ဗူးကို လှမ်းယူလိုက်ပြီး အဖုံးကို ဖွင့်လိုက်လေသည်။ ထို့နောက် ဗူးထဲမှ ပစ္စည်းကို ကြည့်လိုက်လေသည်။

မျက်လှည့်ဆရာကြီး၏ မျက်လုံးများသည် ပိုးထည် ဗူးထဲမှ ပစ္စည်းကို မြင်တွေ့လိုက်သည်နှင့်တပြိုင်တည်း အံ့သြသောအရိပ်အရောင်များ ယှက်သမ်းလာသည်။

ထို့နောက် မျက်လှည့်ဆရာကြီးသည် အံ့သြဟန်ဖြင့်....

'အတုမဲ့ မှတ်တမ်းဆိုတာ ဒါလား'

ဟု မေးလိုက်လေသည်။

မုရှံကုဖန်သည် ဦးခေါင်းကို ညိတ်ယင်း—

'ပိုင်လိုရိုကတော့ လိမ်မယ် မထင်ဘူး'

မျက်လှည့်ဆရာကြီးသည် မျက်မှောင်ကြုတ်ယင်း—

'ပစ္စည်းနဲ့ ပတ်သက်တဲ့ စာတို စာရှည် မပါပါလား'

မုရှံကုဖန်သည် ပြုံးယင်း....

'ပိုင်လိုရိုအနေနဲ့ ဆိုယင်တော့ ထည့်ပေးချင်ထည့်ပေးမှာပေါ့၊ ဒါပေမယ့် ဆင့်ဆင့်အိကတော့ ကျွန်မတို့အကြံကို ရိပ်မိပုံ ပေါ်တယ်'

မျက်လှည့် ဆရာကြီးသည် ရယ်မောလိုက်ပြီး—

'တော်တဲ့ သူငယ်ပဲ'

ဟု ချီးကျူးလိုက်လေသည်။

မုရုံကုဖန်သည် မျက်လှည့်ဆရာကြီးအား တချက်လှမ်းကြည့်ပြီး—

'ဒီပစ္စည်းကို ဘယ်လို အသုံးချရတယ်ဆိုတာ ဆရာကြီး သိသလား'

ဟု မေးလိုက်လေသည်။

မျက်လှည့်ဆရာကြီးသည် ပစ္စည်းကို သေသေချာချာ ကြည့်ယင်း....

'ကျုပ်တသက်မှာ ဒီလိုပစ္စည်းမျိုး တခါမှ မမြင်ဖူးဘူး၊ ပြီးတော့ အဲဒီ ပစ္စည်းက ထွက်လာတဲ့ အနံ့မျိုးကိုတော့ ကျုပ်ရှူမိဖူးတယ်နဲ့ တူတယ်'

ဟု ပြောလိုက်လေသည်။

မုရုံကုဖန်၏ မျက်လုံးများသည် ဝင်းလက်သွားပြီး....

'ဘယ်မှာ ရှူခဲ့ဖူးတာလဲ'

ဟု စိတ်အားထက်သန်စွာ မေးလိုက်လေသည်။

မျက်လှည့်ဆရာကြီးသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး....

'ကျုပ်ပိုင်ပင်းကို သွားခိုးတုန်းကနဲ့ တူတယ်'

ဟု ပြောလိုက်လေသည်။

မုရုံကုဖန်သည် စိတ်ပျက်စွာဖြင့်....





'အခု ပစ္စည်းကထွက်တဲ့ အနံ့ ဖြစ်ချင် ဖြစ်မှာပေါ့၊ ဒါမှမဟုတ် ပိုင်လိုရိုမှာ ဒါမျိုး နောက်ထပ် ရှိသေးလားမှ မသိပဲ'

ဟု ပြောလိုက်လေသည်။

ပြီးမှ သူမသည် မျက်လှည့်ဆရာကြီးအား အဓိပ္ပာယ်ပါစွာ ကြည့်ယင်း....

'ဘာပဲဖြစ်ဖြစ် အရေးကြီးဆုံးက ဒီပစ္စည်းကို ဘယ်လိုအသုံးချရတယ်ဆိုတာ သိဖို့ပဲ'

မျက်လှည့် ဆရာကြီးသည် သူ၏ မျက်ခုံးမွေးကို ပင့်တင်လိုက်ပြီး....

'လောလောဆယ်တော့ ဘယ်လို အသုံးချရမှန်း မသိဘူး၊ ဒါပေမယ့် ကျုပ် တခု ပြောရဲတယ်'

မုရုံကုဖန်သည် မျက်ခုံးမွေးကို ပင့်တင်ယင်း....

'ဘာများလဲ'

မျက်လှည့်ဆရာကြီးသည် ပြုံးလျက်....

'ဒီပစ္စည်းကို အသုံးပြုပုံဟာ လူတွေ မထင်မှတ်တဲ့ နည်းပဲ ဖြစ်ရမယ်' ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် အတွဲမဲ့ မှတ်တမ်း၏ မျက်နှာပြင်ကို လက်ညှိုးဖြင့် ထိုးကြည့်လိုက်သည်။ ထိုပစ္စည်း၏ မျက်နှာပြင်သည် ချိုင့်၍ ဝင်သွားလေတော့သည်။

မျက်လှည့်ဆရာကြီးသည် ပို၍ အားစိုက်ကာ သူ၏ လက်ညှိုးကို ထိုးစိုက်လိုက်လေသည်။ လက်ညှိုးသည် ပစ္စည်းအတွင်းသို့ စိုက်၍ ဝင်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် သူ၏လက်ချောင်းအား တုံ့ပြန်မှုတခုဖြင့် တုံ့ပြန်နေသည်ဟု ခံစားလိုက်ရလေသည်။

ထို့ကြောင့် သူသည် သူ၏ လက်ညှိုးကို ပြန်၍ဖယ်ရှားလိုက်လေသည်။

ထိုပစ္စည်းမှာ မျက်နှာပြင်ပေါ်တွင် ချိုင့်တခု ဖြစ်ပေါ်နေလေသည်။

သို့သော် ထို ချိုင့်ဖြစ်နေသော နေရာသည် တဖြေးဖြေး ပြန်လည် ပြည့်လာပြီး မူလအတိုင်း ပြန်၍ ဖြစ်သွားလေတော့သည်။

မုရိုကုဖန်နှင့် မျက်လှည့်ဆရာကြီးတို့သည် တိုင်ပင်ထားခြင်း မရှိပဲ တယောက်ကို တယောက် လှမ်း၍ကြည့်လိုက်မိလေသည်။

သူတို့၏မျက်လုံးများသည် အံ့သြဟန်၊ စိတ်ဝင်စားဟန်များ ပေါ်လွင်၍ နေလေသည်။

★



## မထင်မှတ်သော ဖြစ်ရပ်

ပိုင်လိုရိုသည် သက်ပြင်းတချက် ချလိုက်ပြီး....

'ရှေ့ဆက် ဘာလုပ်ရမယ်ဆိုတာ ကျုပ်စဉ်းစားလို့ မရသေးဘူး....' ဟု ညည်းညူလိုက်သည်။

ဖိုလုစိုသည် ပြုံးယင်း....

'ကျုပ်တို့ ပန်းမာလာမြို့ကို တွေ့အောင်ရှာဖို့ ကြိုးစားရလိမ့်မယ်'

အနီရောင်ဝတ် အဘိုးအိုသည် သဘောတူဟန်ဖြင့် ခေါင်းကို ညိတ်ယင်း....

'ဆရာကြီး ပြောတာ နည်းလမ်းကျတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့၊ မုရိုကုဖန်ဟာ ပန်းမာလာမြို့ကို ပြန်မှာပဲ'

ပိုင်လိုရိုသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

'ပန်းမာလာမြို့ကို ကျုပ်တို့ ဘယ်လိုရှာရမလဲ'

ဖိုလုစိုသည် တချက် ရယ်မောလိုက်ပြီး....

'ပန်းမာလာမြို့ ဘယ်မှာရှိတယ်ဆိုတာ ကျုပ်တို့ သိတယ်၊ အဲ ...ကျုပ်တို့ မသိတာက ပန်းမာလာမြို့ကို ဘယ်လို ဝင်ရမယ် ဆိုတာပဲ'

ပိုင်လိုရီသည် စိတ်ပျက်စွာဖြင့်....

'အဲဒါမှ မသိယင် ကျုပ်တို့ ဘယ်လို ရောက်အောင် သွားနိုင်မှာလဲ'

ဖိုလုစုံသည် ပြုံးယင်း....

'ဘယ်လိုဝင်တယ်ဆိုတာသိမှတော့ ကျုပ်တို့ အခုလောက်ဆို ပန်းမာလာမြို့ထဲ ရောက်နေပြီပေါ့'

အနီရောင်ဝတ်အဘိုးအိုသည် မျက်မှောင်တချက်ကြုတ်ယင်း-

'ပန်းမာလာမြို့ကို ဝင်ဖို့ ဒီလောက်ပဲ ခက်သလား'

ဖိုလုစုံသည် ဦးခေါင်းညိတ်ယင်း....

'ပန်းမာလာမြို့ရဲ့ ပတ်ဝန်းကျင် တခွင်လုံးဟာ သဘာဝ အတားအဆီးတွေနဲ့ ဝက်ဘာလို ဖြစ်နေတယ်၊ ဒါဟာ လူတွေ ဖန်တီးထားတာ မဟုတ်ပဲ သဘာဝက အလို အလျောက် ဖြစ်ပေါ်နေတာ၊ ဒါကြောင့် ကျုပ်တို့ အခက်တွေ့နေတာပေါ့'

အနီရောင်ဝတ် အဘိုးအိုသည် တစုံ တခုအား စဉ်းစားမိဟန်ဖြင့်—

'ဆရာကြီးရဲ့ လူတွေကရော မုရှုံကုဖန်ရဲ့ လူတွေ ဝင်ထွက်သွားလာတဲ့ လမ်းကို မတွေ့မိဘူးလား'

ဖိုလုစုံသည် ပြုံးယင်း....

'မုရှုံကုဖန်ဆိုတဲ့ မိန်းမဟာ သိပ်လည်တယ်ဆိုတာ မမေ့နဲ့လေ၊ အခု ပန်းမာလာမြို့ အပြင်မှာရှိနေတဲ့ လူတွေဟာ သစ်တောထဲမှာပဲနေကြတယ်၊ တယောက်မှ ပန်းမာလာမြို့ကို မပြန်ကြဘူး'

ပိုင်လိုရီသည် မျက်မှောင်ကြုတ်ယင်း....

'သူတို့ကို ဖမ်းပြီး စစ်ဆေးယင် မကောင်းဘူးလား'





ဖိုလုစုံသည် ပြုံးယင်း....

'ဖော်ပြောမယ်လို့ ခင်ဗျား ထင်သလား'

ပိုင်လိုရီသည် ဘာမျှပြန်မပြောတော့ပဲ သက်ပြင်းတချက်ကို ချလိုက် လေသည်။

မုရှုံကုဖန်၏ လက်အောက်မှ လူများသည် မုရှုံကုဖန်အတွက် အသက်စတေးခံရန် ဝန်လေးကြသူများမဟုတ်ကြောင်း ပိုင်လိုရီ နားလည်ထားသည် မဟုတ်ပါလော။

ထိုစဉ် မြင်းတစီးသည် သူတို့ထံသို့ အပြင်း နှင်လာသည်ကို တွေ့လိုက်ရလေသည်။

မြင်းပေါ်မှ လူသည် ဖိုလုစုံ၏ လက်အောက်ယော်သား တဦးပင် ဖြစ်သည် မဟုတ်ပါလော။

× × ×

မြင်းပေါ်မှ လူသည် မြင်း မရပ်မီ မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ဖိုလုစုံထံ ပြေး၍လာသည်။

ထို့နောက် ဖိုလုစုံအား အရိုအသေ ပြုလိုက်ပြီး မသက်သာရော မြင်းလှည်း နှစ်စီး တွေ့ကြောင်းလာရောက် သတင်းပို့လေသည်။

ဖိုလုစုံသည် သူ၏ အင်္ကျီကြားမှ ကြေးနီဗူး တခုကို ထုတ်ယူလိုက်ပြီး ကြေးနီဗူး အဖုံးကို လှည့်၍ ဖွင့်လိုက်လေသည်။

ထို့နောက် ဗူးထဲမှ စက္ကူလိပ် တလိပ်ကို ထုတ်ယူ၍ ဖြန့်လိုက်လေသည်။ ယင်းစက္ကူလိပ်မှာ မြေပုံကားချပ်ပင် ဖြစ်ပါသည်။

ပြီးမှ ဖိုးလုစိုးသည် သတင်း လာပို့သော သိုင်းသမားအား....

'ဘယ်နေရာမှာလဲ' ဟု မေးလိုက်လေသည်။

သတင်းလာပို့သော သိုင်းသမားသည်မြေပုံကို တချက်ကြည့်လိုက်ပြီး မြေပုံပေါ်ရှိ အမှတ်တနေရာကို လက်ညှိုးဖြင့် ထောက်ကာ....

'ဒီနေရာမှာပါ ဆရာကြီး' ဟု ပြောလိုက်လေသည်။

ဖိုးလုစိုးသည် မြေပုံ ကားချပ်ကို အတန်ကြာ စိုက်ကြည့်ယင်း မျက်မှောင်ကြုတ်ကာ....

'အင်း....ထူးဆန်းတယ်....ထူးဆန်းတယ်....'

ဟု ရေရွတ် လိုက်လေတော့သည်။

အကြောင်းမှာ ယင်းနေရာသည် တုကုရင်းအား နောက်ဆုံးခြေရာခံ မိသော နေရာပင် ဖြစ်သည်။

တုကုရင်းသည် ဤနေရာမှစ၍ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည် မဟုတ်ပါလော။

× × ×

မြင်းလှည်းနှစ်စီး ရှေ့ဆင့်နောက်ဆင့် ရပ်ထားသည်။

ကမ်းနပူးပေါ်တွင် ရပ်ထားခြင်း ဖြစ်သည်။

မြင်းလှည်းထဲ၌ မည်သူမျှ မရှိပါ။

အနီရောင်ဝတ် အဘိုးအိုသည် ကမ်းနပူးပေါ်မှနေ၍ ရေစီးသန်လှသော ချောင်းကို ငေး၍ ကြည့်နေလေသည်။

ထိုစဉ် ဖိုးလုစိုးသည် အနီရောင်ဝတ် အဘိုးအို၏ဘေး၌ ရပ်လာယင်း....





'ခင်ဗျား ဘယ်လိုထင်သလဲ' ဟု မေးလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည် ရေစီးသန်သော ချောင်းရေမြင်ကို ကြည့်ယင်း....

'ဒီချောင်းဟာ ဘယ်အထိ ရောက်သလဲ'

ဟု မေးလိုက်လေသည်။

ဖိုးလုစိုးသည် ပြုံးယင်း....

'မြေပုံပေါ်မှာ သိပ်မသေချာဘူး'

အနီရောင်ဝတ် အဘိုးအိုသည် ဖိုးလုစိုးဘက်သို့လှည့်လိုက်ပြီး....

'ဆရာကြီး ဒီချောင်းကို အသုံးပြုဖူးသလား'

ဟု မေးလိုက်လေသည်။

ဖိုးလုစိုးသည် ဦးခေါင်းကိုညိတ်ယင်း....

'တခါက တုကုရင်းကို ဒီနေရာမှာ မျက်ခြည်ပြတ်သွားတယ်၊ တုကုရင်းဟာ ဒီချောင်းထဲကို ခုန်ချသွားတာ၊ ကျုပ်လူတွေ တွေ့လိုက်တယ်၊ ဒါနဲ့ ကျုပ်လဲ ကျုပ်လူတွေကို အုပ်စုခွဲပြီး တချို့ကို ချောင်းအတိုင်း အထက်ကို ဆန်တက်ခိုင်းတယ်၊ တချို့ကို စုန်ခိုင်းတယ်၊ တချို့ကျတော့ ကမ်းပေါ်ကနေ ချောင်းအတိုင်း လိုက်ကြည့်ခိုင်းတယ်'

'ဒီတော့ ဘာထူးခြားတာတွေ့လဲ'

'ချောင်းအတိုင်း ဆန်တက်သွားတဲ့အခါ ချောင်းဟာ ပျောက်စရာ သစ်တောကျေးရွာနားက ပြတ်သွားတာ တွေ့ရတယ်၊ စုန်သွားတဲ့ အဖွဲ့ကတော့ နောက်ဆုံး မြစ်ဝါမြစ်ကို ရောက်သွားတယ်....'

'ကမ်းပေါ်က သွားတဲ့ အဖွဲ့ကရော'

ဖိုလုစုံသည် ချောင်းရေစုန်ဆင်းသွားသည့်ဘက်သို့ လက်ညှိုး ညွှန်ပြယင်း....

'ရွှေ တစ်မိုင် နှစ်မိုင်လောက်လဲ ရောက်ရော သစ်ပင်တွေ၊ ဆူးပင်တွေနဲ့ ပိတ်နေတာ တွေ့ရတယ်'

'လမ်းထွင်ပြီး မသွားနိုင်းဘူးလား'

ဖိုလုစုံသည် မျက်မှောင်ကြုတ်ယင်း—

'သစ်တောတခုလုံးကို မီးရှို့မှပဲ ရလိမ့်မယ်'

အနီရောင်ဝတ် အဘိုးအိုသည် သက်ပြင်းတချက် ချလိုက်ပြီး ချောင်းရေပြင်ကို စိုက်၍ တချက်ကြည့်လိုက်သည်။

သူ၏ အမူအရာသည် တစုံတရာအား အလေးအနက်ထား၍ စဉ်းစား နေဟန် ပေါ်လွင်နေသည်။ ပြီးမှ.... ဖိုလုစုံ ဘက်သို့ လှည့်ကာ....

'ဆရာကြီး ကျုပ်တို့ကို တခု ကူညီပါ'

ဖိုလုစုံသည် သူ၏ မျက်ခုံးမွေးကို ပင့်ယင်း....

'ကျုပ် ဘာ ကူညီရမှာလဲ'

အနီရောင်ဝတ်စုံနှင့် အဘိုးအိုသည် တချက် ပြုံးလိုက်ပြီး—

'ကျုပ် လှေတစင်း လိုချင်တယ်'

ဟု ပြောလိုက်လေတော့သည်။

× × ×

လှေငယ် နှစ်စင်းသည် ချောင်းအတိုင်း စုန်၍ ဆင်းနေသည်။





ပထမ လှေပေါ်တွင် ဖိုလုစုံ၊ အနီရောင်ဝတ် အဘိုးအို၊ ပိုင်လိုရီ၊ ပုရမ်းဖွေးနှင့် ဆင့်ဆင့်အိတို့ လိုက်ပါကြပြီး—

ဒုတိယ လှေတွင် ဖိုလုစုံ၏ လက်ရွေးစင် သိုင်းသမား ငါးယောက်ပါလာလေသည်။ ယင်းလှေနှစ်စင်းကို ဖိုလုစုံသည် သူ၏ သိုင်းသမားများအား ပြုလုပ်စေခဲ့သည်။ ဖိုလုစုံ၏ သိုင်းသမားများကလည်း တိုတောင်းသော အချိန် အတွင်း လှေနှစ်စင်းကို ပြုလုပ်ပေးခဲ့သည်။

× × ×

နေဝင်တော့မည် ဖြစ်သည်။

အလင်းရောင်သည် ဖျော့၍ နေပြီ ဖြစ်သည်။

အနီရောင်ဝတ် အဘိုးအိုသည် ဖိုလုစုံအား လှမ်း၍....

'ဆရာကြီးရဲ့ တပည့်တွေ ပထမ တခေါက်တုန်းက လှေကို ရေလည်လှော်ခဲ့တယ် မဟုတ်လား'

ဖိုလုစုံသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်'

'ဒါဖြင့် အခု တခေါက် ကျုပ်တို့ ကမ်းစပ်က ကပ်လှော်ရအောင်'

ဟု ပြောလိုက်ပြီး အနီရောင်ဝတ်အဘိုးအိုသည် လှေကို ကမ်းစပ်မှ ကပ်၍ လှော်ခတ်လိုက်သည်။

လှေငယ်သည် မြားတစင်း ကဲ့သို့ ချောင်ပေါ်တွင် ပြေးလွှား၍ နေလေသည်။

အတန်ကြာသောအခါ အနိရောင်ဝတ်အဘိုးအိုသည် ကမ်းစပ်ကို ကြည့်ယင်း....

'အင်း ....ညောင်မုတ်ဆိတ်ပင်တွေဟာ ကမ်းစပ်တင်မကဘူး၊ ရေပြင်ပေါ်တောင် ညောင်ကိုင်း ထိုးကျနေပါလား'

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် ညောင်ပင်ကိုင်း ရေပေါ်သို့ ထိုးထွက်နေသော ချောင်းလက်တက်ထဲသို့ ချီးကွေ့လိုက်လေသည်။

ယင်းသို့ ချီးကွေ့လိုက်ယင်း ဖိုးလုံးစုံအား....

'ဒီချောင်းမှာ ဒီလို ချောင်းလက်တက် ဘယ်နှစ်ခုရှိသလဲ'

ဖိုးလုံးစုံသည် မျက်မှောင်ကြုတ်ယင်း....

'ချောင်းတလျှောက်လုံးမှာ ဒီလို ချောင်းလက်တက်ပေါင်း မရေမတွက်နိုင်ဘူး'

အနိရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဒါပေမယ့် ပန်းမာလာမြို့ရဲ့ အနီးတဝိုက်မှာ ဆိုယင်ရော'

ဖိုးလုံးစုံ၏ မျက်လုံးများသည် ဝင်းလက်သွားပြီး....

'အင်း ဟုတ်တယ်၊ ဒါကို ကျုပ် မစဉ်းစားမိခဲ့ဘူး'

အနိရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ကျုပ် ဆုတောင်းပါတယ်၊ ပန်းမာလာမြို့ရဲ့ ဝန်းကျင်တဝိုက်မှာ ဒီချောင်းလက်တက် တခုပဲ ရှိပါစေလို့'

ပိုင်လိုရီသည် မျက်မှောင်ကြုတ်ယင်း....

'ဘာလဲ ဒီချောင်းလက်တက်ဟာ ပန်းမာလာမြို့ရဲ့ လျှို့ဝှက်လမ်းလို့ မင်းက ထင်နေသလား'

အနိရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....





'စွန့်စားကြည့်တာပေါ့၊ မဟုတ်တော့လဲ ပြန်ထွက်လာရုံပေါ့၊ ဒါပေမယ့် ကျုပ်ပြောရဲတယ်'

ပိုင်လိုရီသည် မဲ့ပြုံးပြုံးယင်း....

'ဘာကို ပြောရဲတာလဲ'

အနိရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ဒီချောင်း လက်တက်ရဲ့ အဝင်ဝ ညောင်မုတ်ဆိတ်ပင်ရဲ့ သစ်ကိုင်းဟာ ရေပေါ်အထိ ထိုးထွက်ကျနေတယ်၊ ဒါကြောင့် ကမ်းစပ်က နည်းနည်းခွာပြီး လှေကိုလှော်တာနဲ့ ဒီချောင်းလက်တက်ရဲ့ အဝင်ဝကို တွေ့ရမှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီချောင်းလက်တက်ကို ကျုပ် စိတ်ဝင်စားမိတာပဲ'

ပိုင်လိုရီ၏ မျက်လုံးများသည် ဝင်းလက်သွားပြီး....

'အင်း ....ဒါဟာ သဘာဝရဲ့ လျှို့ဝှက်ချက်, တခုပဲပေါ့'

× × ×

ညောင်ပင် များသည် ချောင်းကလေး၏ ဘေး နှစ်ဘက်၌ ထူထပ်စွာ ပေါက်နေသည်။ ညောင်ကိုင်းများသည် တဘက်နှင့်တဘက် ထိစပ်နေသဖြင့် ချောင်းကလေးကို ပေါင်းမိုးထားသကဲ့သို့ ဖြစ်နေသည်။

ညောင်မြစ် များသည် ရေထဲသို့တိုင်အောင် ထိုးထွက်နေလေသည်။

မြူခိုးမြူငွေ့များကလည်း ထူထပ်စွာ ကျရောက်နေသဖြင့် လှေကလေးသည် တိမ်ကြား၌ သွားနေရသကဲ့သို့ ရှိနေလေသည်။

အနီရောင်ဝတ်အဘိုးအိုသည် ဖုံလုံစုံအား လှမ်း၍....

'ဆရာကြီးနောက်က လှေကို ချောင်းလက်တက်ဝမှာ ပြန်ပြီး စောင့်ခိုင်းလိုက်ပါ'

ဖုံလုံစုံသည် ပြုံးယင်း....

'ကောင်းပြီ'

ဟု ပြောပြီး နောက်မှလှေကို လှမ်းအော်၍ အမိန့် ပေးလိုက်လေတော့သည်။

× × ×

ညောင်မုတ်ဆိတ်ပင်များ ပို၍ ထူထပ်လာသည်။

မြူနှင်းများ ပို၍ ထူထပ်နေသည်။

ကမ်းစပ်နှစ်ဘက်မှ ညောင်ပင် များသည် အပေါ်ပိုင်း၌ အကိုင်းအခက်များ ပို၍ ယှက်လာသည်။

နေ့အချိန်၌ပင် ဤနေရာသည် နေခြည်ပျောက် ထိုးလိမ့်မည် မဟုတ်ဟု အနီရောင်ဝတ် အဘိုးအို တွေးလိုက်မိသည်။

ထိုစဉ်သူတို့သည် အေးစိမ့်သော ဓာတ်ကို ခံစားလိုက်ရလေ၏။ ထို အအေးဓာတ်သည် သူတို့၏ အသားထဲသို့ ချွန်ထက်သော ဓားသွားဖြင့် ထိုးဆွသကဲ့သို့ ခံစားလိုက်ရလေသည်။

ထို့နောက် ရုတ်တရက် နှင်းမြူများ မတွေ့ရတော့ချေ။

မြူနှင်းများကြောင့် မမြင်တွေ့ခဲ့ရသော စိမ်းပန့်ဖန့် ရေပြင် ကိုသူတို့ တွေ့လိုက်ရလေသည်။

ထို့နောက် သူတို့၏ မျက်လုံးများသည် မယုံကြည်နိုင်အောင် ပင် အံ့သြဟန်ဖြင့် ငေးမောနေမိလေတော့သည်။





အကြောင်းမှာ သူတို့သည် လိုဏ်ဂူကြီး တခု အတွင်းသို့ ရောက်ရှိနေကြပြီ မဟုတ်ပါလော။

× × ×

လိုဏ်ဂူကြီး၏ မျက်နှာကျက်တွင် ကျောက်ခက် ပန်းဆွဲ များသည် မရေ မတွက်နိုင်အောင် များပြား လှလေသည်။

လိုဏ်ဂူ၏ နံရံတွင် မီးအိမ်ရှည်များသည် တလုံးနှင့် တလုံး ဆယ်ပေခြား၍ ထွန်းညှိထားလေသည်။

မီးအိမ်မှ အလင်းရောင်သည် ဂူနံရံနှင့် ကျောက်ခက် ပန်းဆွဲ များကို ထိတွေ့ပြီး အလင်းပြန်လာသော ရောင်ပြန်ဟပ်မှုသည် လိုဏ်ဂူကြီး တခုလုံးအား ရောင်စုံခြယ်သ ထားသည်နှင့် တူလှ ပေသည်။

ပိုင်လိုရိုသည် အတန်ကြာအောင် ငေးမော ကြည့်ရှုနေရာမှ သက်ပြင်းတချက် ချလိုက်ပြီး....

'ဒီလောက် ထူးဆန်းတဲ့ နေရာမျိုးကို ကျုပ် တခါမှ မမြင် ဖူးဘူး'

ဖုံလုံစုံသည် တချက် ရယ်မောလိုက်ပြီး....

'လူတွေဟာ ဘယ်လောက်ပဲ ထူးဆန်းတာတွေ ဖန်တီးထား နိုင်ပေမယ့် သဘာဝက ပိုပြီး ထူးဆန်းနေတယ်'

အနီရောင်ဝတ် အဘိုးအိုသည် လှေကို ဖြည်းညင်းစွာ ရှေ့သို့ ဆက်၍ လှော်ခတ် သွားလေသည်။

အတန်ငယ်သွားမိသောအခါ အနီရောင်ဝတ်အဘိုးအိုသည် မျက်မှောင် ကြုတ်လိုက်ပြီး....

'ကျုပ်တို့တော့ ထူးဆန်းတဲ့ သဘာဝ ဝက်ဘာဂူထဲ ရောက်နေပြီ ထင်တယ်'

အကြောင်းမှာ....

အနီရောင်ဝတ်အဘိုးအိုသည် လှေကို ဟိုကွေ့သည်ကွေ့ဖြင့် ရှေ့သို့လှော်ခတ်နေသော်လည်း အရပ်လေးမျက်နှာကို ခန့်မှန်း၍ မရတော့ပြီ မဟုတ်ပါလော။

ပိုင်လိုရိသည် ရုတ်တရက် မျက်မှောင် ကြုတ်သွားပြီး....

'ဟောဒီ ကျောက်ခက်ပန်းဆွဲတွေဟာ အန္တရာယ်ပဲ'ဟု ပြောလိုက်ပြီး သူ၏ ခါးမှ ဓားကို ဆွဲထုတ်ကာ ကျောက်ခက်ပန်းဆွဲတခုကို ဓားဖြင့်ခြစ်၍ အမှတ်အသားတခု ပြုလုပ်လိုက်လေသည်။

ပြီးမှ အနီရောင်ဝတ် အဘိုးအိုအား....

'ကဲ....ရှေ့ဆက် လှော်'

အနီရောင်ဝတ် အဘိုးအိုသည် ရေစီးအတိုင်း ဟိုကွေ့သည်ကွေ့ဖြင့် ရှေ့ဆက် လှော်ခတ် သွားလေသည်။

အတန်ကြာလှော်ခတ်မိသောအခါ ပိုင်လိုရိသည် ရုတ်တရက် 'ရပ်လိုက်'ဟု ပြောလိုက်လေသည်။

အနီရောင်ဝတ် အဘိုးအိုသည်လှေကိုရပ်တန့်လိုက်လေသည်။

ပိုင်လိုရိသည် ကျောက်ခက်ပန်းဆွဲအား စူးစိုက်စွာ တချက်ကြည့်ပြီး....

'ကျုပ်တို့ သဘာဝရဲ့ထောင်ချောက် ဝက်ဘာထဲရောက်နေပြီ'

ဖိုလုစံ၊ အနီရောင်ဝတ် အဘိုးအို၊ ဆင့်ဆင့်အိန္ဒင့် ပုရမ်းဖွေးတို့သည် ပိုင်လိုရိ စူးစိုက်၍ကြည့်နေသော၊ကျောက်ခက်ပန်းဆွဲကို





လှမ်း၍ ကြည့်လိုက်ကြလေသည်။ ကျောက်ခက်ပန်းဆွဲ၌ ခြစ်ရာ အမှတ် အသားတခု တွေ့ရလေသည်။

ထိုခြစ်ရာ အမှတ်အသားမှာ ပိုင်လိုရိ ပြုလုပ်ခဲ့သော အမှတ်အသားပင် ဖြစ်သည်။

× × ×

မျက်လှည့်ဆရာကြီး၏ မျက်ခုံးမွေးများသည် နဖူးအလယ်၌ စု၍ နေသည်။ သူသည် မျက်မှောင်ကြုတ်၍ သူ့လက်ထဲမှ ပစ္စည်းကို စူးစိုက်စွာ ကြည့်နေလေသည်။ သူ့လက်ထဲမှ ပစ္စည်းသည် ပိုင်လိုရိပေးလိုက်သော အတွဲမဲ့ မှတ်တမ်းပင် ဖြစ်ပါသည်။ မျက်လှည့်ဆရာကြီးသည် အတွဲမဲ့ မှတ်တမ်းအား ကျောက်လင်ဗန်းထဲသို့ ထည့်လိုက်သည်။ ပြီးမှ....

သူ၏ ညာလက်ချံဖြင့် နဖူး ချွေးများကို သုတ်လိုက်သည်။

သူသည် ဤပစ္စည်းကို အသုံးချရန် အမျိုးမျိုး စမ်းသပ်ကြည့်ပြီး ဖြစ်သည်။ သို့သော် မည်သို့မှ ထူးခြားမှုမရှိချေ။

မျက်လှည့်ဆရာကြီးသည် စိတ်ပျက် လက်ပျက်ဖြင့် အတန်ကြာအောင် ထိုင်နေမိသည်။ အတန်ကြာမှ....

'ဒီလောကအသုံးမကျတဲ့ပစ္စည်းမီးရှို့ပစ်တာပဲကောင်းတယ်'ဟု တကိုယ်တည်းရေရွတ်လိုက်ပြီး ကျောက်လင်ဗန်းထဲမှ အတွဲမဲ့မှတ်တမ်းကို လှမ်းယူလိုက်လေသည်။

ထို့နောက် ယင်းပစ္စည်းကို မီးရှို့လိုက်ပြီး ကျောက်လင်ဗန်းထဲသို့ ထည့်ထားလိုက်လေသည်။

အတွဲမဲ့ ပစ္စည်းသည် တဖြည်းဖြည်း အရည်ပျော်၍ သွားလေသည်။ မျက်လှည့်ဆရာကြီးသည် တဖြည်းဖြည်း အရည်

ပျော်၍သွားသော အတွဲမှဲ့မှတ်တမ်းကို ငေး၍ ကြည့်နေသည်။

ထူးဆန်းသော အနှံ့သည် ပို၍ ပြင်းပြစွာ ထွက်ပေါ်လာလေသည်။

အတွဲမှဲ့ မှတ်တမ်းတခုလုံး အရည်ပျော်သွားပြီ ဖြစ်သည်။

မျက်လှည့်ဆရာကြီးသည် ကျောက်ခွက်ထဲမှ အရည်ပျော်နေသော အတွဲမှဲ့မှတ်တမ်းကို အတန်ကြာအောင် ငေးကြည့်နေပြီးမှ သူ၏လက်ညှိုးဖြင့် ယင်းအရည်တို့ကို ထိုးကြည့်လိုက်သည်။ အပူရှိန်တခုသည် သူ၏လက်ညှိုးတလျှောက် ပူလာသည်ကို ခံစားလိုက်ရလေသည်။

သို့သော် ယင်းအပူဒဏ်သည် မပြင်းထန်လှပါ။ မျက်လှည့်ဆရာကြီးသည် သူ၏ လက်ညှိုးကို ပြန်လည် ရုပ်သိမ်းလိုက်ပြီး စူးစိုက်စွာ ကြည့်လိုက်မိသည်။ အတွဲမှဲ့ မှတ်တမ်း ပျော်ရည်သည် လက်ညှိုးတလျှောက် စီးဆင်းလာပြီးနောက် အေးခဲသွားလေသည်။

မျက်လှည့်ဆရာကြီးသည် အတန်ကြာအောင် ငေးကြည့်နေပြီးမှ စဉ်းစား၍ မရဟန်ဖြင့် စိတ်ပျက်စွာ သူ၏ဦးခေါင်းကို တချက် ခါယမ်းလိုက်လေသည်။

ထို့နောက် လက်ညှိုး၌ ကပ်နေသော ထိုအရည်ကို ခွာချလိုက်လေသည်။ ထိုစဉ် သူ၏စိတ်ထဲ၌ ထူးဆန်းသည်ဟု ခံစားလိုက်ရလေသည်။ အကြောင်းမှာ သူ၏ အရေပြားကို ခွာချနေသကဲ့သို့ ခံစားလိုက်ရသောကြောင့် ဖြစ်သည်။

သို့သော် သူ၏အရေပြား ကွာကျလာခြင်းမဟုတ်ပဲ လက်ညှိုး၌ ကပ်နေသော အတွဲမှဲ့ မှတ်တမ်း၏ အရည်ကို ခွာချနေခြင်းသာ





ဖြစ်သည်။ မျက်လှည့်ဆရာကြီးသည် ထိုအရည်ကို သေချာစွာ ကြည့်လိုက်မိသည်။ ထိုအရေပြားပေါ်၌ သူ၏လက်ညှိုးမှ အရေးအကြောင်းအားလုံးသည် ထင်၍ ကျန်ရစ်ခဲ့လေသည်။

မျက်လှည့်ဆရာကြီးသည် အတန်ကြာအောင် ငေးကြည့်နေပြီးမှ ရုတ်တရက် ထိုင်ရာမှထကာ အခန်းတံခါးဝသို့ သုတ်သုတ်စွာ လျှောက်သွားလေသည်။

ထို့နောက် အခန်းတံခါးကို ဆွဲဖွင့်ပြီး....

'မုရုံချွန်း' ဟု အော်ဟစ် ခေါ်လိုက်လေတော့သည်။

မုရုံချွန်းသည် ပန်းမာလာမြို့၏ သိုင်းသမား တယောက် ဖြစ်သည်။ သူသည် မျက်လှည့်ဆရာကြီး၏ လှုပ်ရှားမှုကို အံ့ဩဟန်ဖြင့် မျက်လုံးပြူး၍ ကြည့်နေလေသည်။ မျက်လှည့်ဆရာကြီးသည် မုရုံချွန်း အခန်းထဲသို့ ဝင်ရောက်လာသည်နှင့် တပြိုင်တည်း မုရုံချွန်း၏ သွေးကြော သုံးနေရာကို ပိတ်လိုက်သည်။

ထို့ကြောင့် မုရုံချွန်းသည် လှုပ်ရှား၍ မရတော့သည့်အပြင် စကားပြော၍လည်း မရတော့ပါ။

သို့ဖြစ်၍ မုရုံချွန်းသည် မျက်လှည့် ဆရာကြီး၏ ထူးဆန်းနေပုံကို အံ့ဩစွာ မျက်လုံးပြူး၍ ကြည့်နေခြင်းပင် ဖြစ်ပါသည်။

မျက်လှည့်ဆရာကြီးသည် ကျောက်လင်ဗန်းကို မ ယူလိုက်ပြီး ကျောက်လင်ဗန်းထဲမှ အတွဲမှဲ့ မှတ်တမ်းပျော်ရည်ကို မုရုံချွန်း၏ မျက်နှာပေါ်သို့ လောင်းချလိုက်လေသည်။ ထို့နောက်....

သူသည် မုရုံချွန်း၏မျက်နှာကို စူးစိုက်၍ အကဲခတ် ကြည့်နေသည်။ အတန်ကြာမှ....

မျက်လှည့်ဆရာကြီးသည် မုရှံချွန်း၏ မျက်နှာပေါ်၌ ကပ်နေသော အတွဲမဲ့ မှတ်တမ်း၏ ပျော့ရည်ပြားကို စတင် ခွာချလိုက်လေသည်။

ထိုပစ္စည်းသည် မုရှံချွန်း၏ မျက်နှာပေါ်မှ ကွာကျလာသော အခါ အရေပြား ပါးပါးကလေးတခုနှင့် တူနေပေသည်။

အရောင်အဆင်းသည် လူ၏ အရေပြားနှင့် မတူသော်လည်း လူ၏ အရေပြားပေါ်တွင် ကပ်ထားပါက လူ၏ အရေပြားနှင့် ခွဲခြား၍ ရမည် မဟုတ်ပါ။

မျက်လှည့်ဆရာကြီးသည် ထို အရေပြားကို စူးစိုက်၍ ကြည့်လိုက်ပြီး မုရှံချွန်း၏ သွေးကြောများကို ပြန်ဖွင့်ပေးလိုက်သည်။

မုရှံချွန်းသည် ပြန်လည် လှုပ်ရှား၍ ရသည်နှင့်တပြိုင်တည်း ကျောက်ခုတင်ပေါ်၌ ထ ထိုင်လိုက်လေသည်။

ထို့နောက် မျက်လှည့်ဆရာကြီးအား ထူးဆန်းစွာ ကြည့်နေလေသည်။

မျက်လှည့်ဆရာကြီးသည် ထိုအရေပြားကို မိမိ၏ မျက်နှာပေါ်သို့ အုပ်ချလိုက်လေသည်။

ထို့နောက် မျက်လှည့် ဆရာကြီးသည် အခန်းထောင့်ရှိ ကြေးနီ မှန်ချပ်ဆီသို့ လှမ်းလျှောက်သွားလေသည်။

ပြီးမှ ကြေးနီမှန်ချပ်ကို ကြည့်လိုက်လေသည်။

ကြေးနီမှန်ချပ်ထဲမှ ပုံရိပ်ကို တွေ့မြင်လိုက်သည်နှင့် တပြိုင်တည်း မျက်လှည့်ဆရာကြီး၏ ခန္ဓာကိုယ်တခုလုံးသည် တုန်လှုပ်၍ သွားလေတော့သည်။





အကြောင်းမှာ ကြေးနီမှန်ချပ်ထဲမှ မျက်လှည့်ဆရာကြီး၏ ပုံရိပ်သည် မျက်လှည့်ဆရာကြီး၏ ပုံရိပ်မဟုတ်ပဲ မုရှံချွန်း၏ ပုံရိပ် ဖြစ်နေသောကြောင့်တည်း။

× × ×

'ထူးဆန်းတယ်' ဟု ဖိုလုစုံကပြောလိုက်လေသည်။

ပြီးမှ ပိုင်လိုရီအား လှမ်း၍....

'ဝက်ဘာ ပညာရပ်ကို မင်း ဘယ်တုန်းက တတ်တာလဲ'

ပိုင်လိုရီသည် ပြုံးယင်း....

'ကျုပ် တခါက တိဗက်ပြည်ကို ရောက်ခဲ့တယ်၊ အဲဒီမှာ မထင်မှတ်ပဲ ဝက်ဘာ ပညာရပ်ကို လေ့လာခဲ့ရတယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ကျုပ်မှတ်မိပြီ၊ မင်း အဲဒီက ပြန်လာပြီးတာနဲ့ မင်းရဲ့အိမ်မှာ နိုင်ငံခြားသား လက်သမားတွေနဲ့ မြေအောက်ခန်းတခု ဆောက်ခဲ့တယ် မဟုတ်လား'

ပိုင်လိုရီသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်၊ ကျုပ်ရဲ့ ဝက်ဘာ ပညာကို စမ်းသပ်ကြည့်ခဲ့တာပဲ'

ဖိုလုစုံသည် ပြုံးယင်း....

'ဒါဖြင့် ဒီလိုဏ်ဂူကရော ဘယ်လို ပုံစံမျိုးလဲ'

ပိုင်လိုရီသည် တချက် စဉ်းစားလိုက်ပြီး....

'ကျုပ်ထင်တာတော့ အဆောင်ကိုးခု ဝက်ဘာပုံစံမျိုး ဖြစ်လိမ့်မယ် ထင်တယ်'

ဖိုလုစုံသည် ပြုံးယင်း....

'ကျုပ်တို့ ဝမ်းကြည့်ရအောင်'

× × ×

ဂီတသံ တသံသည် တိုးရာမှ တဖြည်းဖြည်း ကျယ်လောင်လာသည်။

ထို့နောက် ပိုင်လိုရိုတို့၏ လှေကလေးသည် ဆယ်ကိုက်ပတ်လည် ဘဲဥပုံသဏ္ဍာန်ရှိသော ရေကန်ထဲသို့ ရောက်ရှိသွားလေသည်။

လိုဏ်ဂူ၏ မျက်နှာကြက်မှ ထိုးထွက်နေသော ကျောက်ခက်ပန်းဆွဲများမှ ကျောက်စက်ကျ ရေများသည် ရေကန်ထဲသို့ အဆက်မပြတ်ကျနေသဖြင့် ပုလဲကန့်လန့်ကာနှင့် တူလှပေသည်။ ကျောက်စက်ကျရေများ ရေကန်ထဲသို့ ကျသံသည် ဆူညံမနေပဲ ဂီတသံကဲ့သို့ ဖြစ်ပေါ်၍ နေလေသည်။

ဖိုလုစုံသည် ပတ်ဝန်းကျင်ကို ကြည့်ယင်း....

'ထူးဆန်းတယ်'

ဟု ရေရွတ်လိုက်လေသည်။ မကြာမီ သူတို့ လှေကလေးသည် ကျောက်လှေကားရင်း တခု၌ ရပ်တန့်လိုက်လေသည်။

× × ×

ဖိုလုစုံသည် ပတ်ဝန်းကျင်ကို တချက် အကဲခတ် ကြည့်ပြီး လှေပေါ်မှ ကျောက်လှေကားပေါ်သို့ ခုန်၍ တက်လိုက်သည်။ သူ၏ နောက်မှ အနီရောင်ဝတ်အဘိုးအို၊ ပိုင်လိုရိုတို့လိုက်ပါသွားပြီး ဆင့်ဆင့်အိနှင့် ပုရမ်းဖွေးသည် နောက်ဆုံးမှ ကျောက်လှေကားပေါ်သို့ တက်လာလေသည်။





လှေကားထိပ်တွင် ကျောက်တံခါးတခု ရှိနေသည်။

ထူးဆန်းသည်မှာ ကျောက်တံခါးအား ဖွင့်ရန် မည်သည့် မင်းတုပ်မျှ မတွေ့ခြင်း ဖြစ်ပါသည်။

ပိုင်လိုရိုသည် တချက် ပြုံးလိုက်ပြီး....

'ကဲ၊ ဒီတခါလဲ ကျုပ်တို့ကံကောင်း မကောင်း စမ်းကြည့်တာပေါ့' ဟု ပြောလိုက်ပြီး ကျောက်တံခါးအား လက်ဖြင့် စမ်းသပ်၍ နေလေသည်။

သူတို့သည် ဤ ကျောက်တံခါးကို ဖွင့်နိုင်ပါမည်လော။

× × ×

မျက်လှည့် ဆရာကြီးသည် ကြေးနီ မှန်ချပ်မှ ပုံရိပ်ကို ကြည့်နေသည်။ ကြေးနီ မှန်ချပ်ထဲမှ ပုံရိပ်သည် မျက်လှည့်ဆရာကြီး၏ ခန္ဓာကိုယ်နှင့် မုရုံချွန်း ပုံရိပ် ဖြစ်နေသည် မဟုတ်ပါလော။

မျက်လှည့် ဆရာကြီး၏ မျက်မှောင်ကြုတ်ထားသော မျက်ခုံးမွေးများသည် ပြေသွားပြီ ဖြစ်သည်။ သူသည် တကိုယ်တည်း ပြုံးလိုက်မိသည်။

အတွဲမဲ့ မှတ်တမ်း၏ အကြောင်းကို မသိသော်လည်း မည်သို့ အသုံးပြုရမည်ကို သူ နားလည်ခဲ့ပြီ မဟုတ်ပါလော။

ထိုစဉ် သူသည် ရုတ်တရက် တစုံတခုကို စဉ်းစားမိလိုက်လေသည်။ ယင်းမှာ ထိုပစ္စည်း၏ ထူးဆန်းသော အနံ့ပင် ဖြစ်ပါ၏။

ယင်းအနံ့ကို သူသည် ပိုင်ပင်းအား ခိုးယူစဉ်က ရှူရှိုက်မိခဲ့ဖူးသည်။ ယင်းသို့ စဉ်းစား မိလိုက်သည်နှင့် တပြိုင်တည်း သူ၏ နဖူးတွင် ချွေးစေးများ စီးကျလာလေတော့သည်။

အကြောင်းမှာ ထူးဆန်းသော အနံ့သည် ပိုင်ပင်း၏ အခန်းထဲရှိ ပစ္စည်းမဟုတ်ပဲ ပိုင်ပင်း၏ မျက်နှာပေါ်မှ ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း စဉ်းစား လိုက်မိသည် မဟုတ်ပါလော။ ဤသို့ဆိုလျှင်....

ပိုင်ပင်းသည် ပိုင်ပင်းအစစ် ဖြစ်မည်လော။

သို့တည်းမဟုတ်....မည်သူသည် ပိုင်ပင်း ပုံသဏ္ဍာန် ရုပ်ဖျက်ထားသနည်း။ ထို ပိုင်ပင်းဟန် ရုပ်ဖျက်ထားသူ၏ သိုင်းပညာအဆင့်အတန်းသည် မည်မျှ ရှိမည်နည်း။ မျက်လှည့်ဆရာကြီးသည် ယင်းသို့တွေးယင်း သူသည် ချွေးချေးများ စီးကျလာလေတော့သည်။

ထို့နောက် သူသည် ကြောက်မက်ဖွယ်ရာ တချက် အော်ဟစ်လိုက်ပြီး သူ့ရှေ့ရှိ ကြေးနီမှုန်ကို ရိုက်ခွဲပစ်လိုက်လေသည်။

ယင်းသို့ ရိုက်ခွဲလိုက်ပြီးသည်နှင့် တပြိုင်တည်း အခန်းထဲမှ တဟုန်ထိုး ပြေးထွက် သွားလေတော့သည်။

အကြောင်းမှာ ပိုင်ပင်းသည် မုရှုံကုဖန်နှင့် အတူရှိနေသည် မဟုတ်ပါလော။

× × ×

ပန်းမာလာပြိုင်၏ ဧည့်ခန်း။

ဤ ဧည့်ခန်းသည် မုရှုံကုဖန်၏ ဧည့်ခန်း ဖြစ်သည်။

ဧည့်ခန်းထဲရှိ စားပွဲ၌ ပိုင်ပင်းနှင့် မုရှုံကုဖန်တို့သည် မျက်နှာချင်းဆိုင် ထိုင်၍ နေသည်။

ပိုင်ပင်းသည် သူမ၏ ဦးခေါင်းကို ငုံ့၍ ထိုင်နေသည်။





မုရှုံကုဖန်သည် ပိုင်ပင်း၏ ပြိုင်ဘက်ကင်းသော အလှကို ငေး၍ ကြည့်နေသည်။ ဖန်းကျုံစင်းသည် မုရှုံကုဖန်၏ ဘေး၌ ရပ်၍ နေသည်။

မုရှုံကုဖန်သည် စားပွဲပေါ်မှ စားစရာများကို ပိုင်ပင်း ရှေ့သို့ တိုးပေးပြီး....

‘စိတ်ချ၊ ညီမကို မမ အဆိပ်မခတ်ပါဘူး၊ မင်းကို ဒီရောက်အောင် ခေါ်ခဲ့တာ အဆိပ်ခတ်ဖို့မှ မဟုတ်ပဲ’

သို့သော် ပိုင်ပင်းထံမှ မည်သည့်အသံမှ ထွက်မလာချေ။

ဖန်းကျုံစင်းသည် ရုတ်တရက် ရယ်မောလိုက်ပြီး....

‘အင်း....ကျွန်တော် ရှိနေတာ အနှောင့်အယှက်များ ဖြစ်နေသလား မသိဘူး ‘ဟု ပြောလိုက်လေသည်။

မုရှုံကုဖန်သည် ပြုံးယင်း....

‘ဟုတ်ပါရဲ့၊ ကဲ ရှောင်ဖန်...အပြင်မှာ စောင့်နေ၊ မမတို့နှစ်ယောက် လွတ်လွတ်လပ်လပ် နေရအောင်’

ဖန်းကျုံစင်းသည် ပြုံးယင်း....

‘ကောင်းပါပြီ’ ဟု ပြောကာ ဧည့်ခန်းမှ ထွက်ခွာရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် ဧည့်ခန်းအပြင်ဘက်မှ ဆူဆူညံညံ အသံကြားလိုက်ရပြီး မုရှုံကုဖန်၏ အစောင့်တယောက်သည် လေထဲ၌ ဝဲပျံပြီး ဧည့်ခန်းထဲသို့ ခြေပစ်လက်ပစ် ကျသွားလေတော့သည်။

ဖန်းကျုံစင်းသည် ရုတ်တရက် သူ၏လက်ကို ဓားရိုးပေါ်သို့ တင်ထားလိုက်လေသည်။

ထိုစဉ် ဧည့်ခန်းတံခါးဝမှ လူတယောက် ဝင်ရောက်လာလေသည်။ ထိုလူမှာ မျက်လှည့်ဆရာကြီးပင် ဖြစ်သည်။

မုရှံကုဖန်သည် မျက်မှောင်တချက် ကြုတ်သွားပြီး ထိုင်ရာမှ ထလိုက်လေသည်။ ပြီးမှ အလောတကြီး ဝင်ရောက်လာသော မျက်လှည့်ဆရာကြီးအား လှမ်း၍....

'ဆရာကြီးက ဘာဖြစ်လို့....'

သူမ စကားမဆက်နိုင်ပါ။ အကြောင်းမှာ မျက်လှည့်ဆရာကြီး၏ အမူအရာသည် စိုး ရိမ် တ ကြီး ဖြစ် နေ သည် မဟုတ်ပါလော။ ထို့ကြောင့် မုရှံကုဖန်သည် ပြုံးလိုက်ပြီး....

'ဘာကိစ္စ အရေးတကြီး ပေါ်နေသလဲ'

ဟု လှမ်း၍ မေးလိုက်လေသည်။ မျက်လှည့်ဆရာကြီးသည် ပိုင်ပင်းအား စိုက်ကြည့်လိုက်လေသည်။ သူ၏ မျက်လုံးများသည် စူးရှ၍ နေသည်ဟု ပိုင်ပင်း ခံစားလိုက်ရလေသည်။ မျက်လှည့်ဆရာကြီးသည် ပိုင်ပင်းအား ကြည့်နေရာမှ မုရှံကုဖန်အား လှမ်း၍....

'ကောင်းတယ်....ကောင်းတယ်' ဟု ပြောလိုက်လေသည်။ မုရှံကုဖန်သည် ချစ်စရာ တချက်ပြုံးယင်း....

'ဆရာကြီး တယောက်တည်း ဘာတွေ သိပ် ကောင်း နေတာလဲ'

မျက်လှည့်ဆရာကြီးသည် ပိုင်ပင်းအား တချက်လှမ်းကြည့်လိုက်ပြီး....

'သခင်မလေး အန္တရာယ်ဖြစ်နေတာ မမြင်ရလို့ ကောင်းတယ်လို့ ပြောတာပါ'

မုရှံကုဖန်သည် ပြုံးယင်း....

'ပန်းမာလာမြိုင်ဟာ ကျွန်မအတွက် အန္တရာယ်ရှိနိုင်လို့လား'





မျက်လှည့်ဆရာကြီးသည် မဲ့ပြုံး ပြုံးလိုက်ပြီး ပိုင်ပင်းအား လက်ညှိုးဖြင့် ညွှန်ပြကာ

'ပန်းမာလာမြိုင်ဟာ သခင်မလေးအတွက် အန္တရာယ် မရှိနိုင်ပေမယ့် ဟောဒီ ကလေးမက သခင်မလေးကို အန္တရာယ်ပေးနိုင်တယ်'

မုရှံကုဖန်သည် တချက် ရယ်မောလိုက်ပြီး....

'တာလဲ ဆရာကြီးက ပိုင်ပင်းဟာ ကျွန်မကို အနှောင့်အယှက် ဖြစ်အောင် လုပ်မယ် ထင်လို့လား'

မျက်လှည့်ဆရာကြီးသည် ပြုံးလိုက်ပြီး....

'သူဟာ ပိုင်ပင်း အစစ် ဖြစ်ယင်တော့ သခင်မလေးမှာ အန္တရာယ် မရှိနိုင်ပါဘူး'

မုရှံကုဖန်၏ မျက်ခုံးမွေးများသည် နိမ့်ကျသွားလေသည်။ သူမသည် မျက်မှောင်တချက် ကြုတ်လိုက်ယင်း....

'ဆရာကြီး ဘာကို ဆိုလိုတာလဲ' ဟု ပြန်မေးလိုက်လေသည်။

မျက်လှည့်ဆရာကြီးသည် တချက် ရယ်မောယင်း....

'ပိုင်ပင်းဟာ အတု မဖြစ်နိုင်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ'

မုရှံကုဖန်သည် မျက်မှောင်ကြုတ်ယင်း....

'ပိုင်ပင်းဟာ အတုပါလို့ ဆရာကြီး ပြောနိုင်လို့လား'

မျက်လှည့်ဆရာကြီးသည် ဘာမှ ပြန်မပြောပဲ သူ၏ အင်္ကျီရင်ဘတ်ကြားမှ ပစ္စည်းတခုကို ထုတ်ယူလိုက်လေသည်။

ထို့နောက်ထိုပစ္စည်းကို သူ၏ မျက်နှာပေါ်တွင် အုပ်ချလိုက်လေသည်။

မုရှံကုဖန်သည် အံ့သြဟန်ဖြင့်....

'မုရှံချွန်းရဲ့ မျက်နှာပဲ' ဟု ရေရွတ် လိုက်မိလေသည်။

မျက်လှည့်ဆရာကြီးသည် မုရှံချွန်း၏မျက်နှာတုကို ပြန်လည်ခွာလိုက်ပြီး....

'အတွဲမဲ့ မှတ်တမ်းကို ကျုပ် မီးရှို့ပြီး အရည်ပျော်တဲ့အခါ မုရှံချွန်း မျက်နှာပေါ် လောင်းချခဲ့တယ်၊ ကျုပ် ခွာယူလိုက်တော့ မုရှံချွန်းရဲ့မျက်နှာအတုကို ရလာတာပဲ'

'ဆင့်ဆင့်အိတို့ဘက်မှာ ရုပ်ဖျက် ပညာသည် တယောက်ရှိနေတယ် ထင်လို့လား'

'ကျုပ်တို့ဘက်မှာ ရုပ်ဖျက်ပညာ ရှိသလို ဆင့်ဆင့်အိတို့ဘက်မှာလဲ ရုပ်ဖျက်ပညာ ရှိတယ်၊ ဒါပေမယ့် သူတို့ဘက်မှာ အခုလို ရုပ်ဖျက်ပညာ ရှိကြောင်း ကျုပ်တို့ မသိတာဟာ ကျုပ်တို့ရဲ့ ရှုံးရခြင်း အကြောင်းပဲ'

မုရှံကုဖန်သည် ရုတ်တရက် ရယ်မောလိုက်ပြီး....

'ကဲ-မိန်းကလေး မင်းရဲ့မျက်နှာအတုကို ချွတ်လိုက်ပါတော့၊ မင်းလဲ အနေရ အထိုင်ရ ကျပ်နေရောပေါ့' ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် ပြုံးလိုက်ပြီး သူမ၏မျက်နှာကို မော့လိုက်လေသည်။ ပြီးမှ သူမ၏ မျက်နှာအတုကို ခွာချလိုက်လေသည်။ ပိုင်ပင်း၏ မျက်နှာအတု ကွာကျသွားသောအခါ သူမ၏ နဂိုမျက်နှာ ပေါ်လာလေသည်။ ဤသို့ဆိုလျှင် သူမသည် မည်သူဖြစ်မည်နည်း။ ပုရမ်းဖွေးမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ပါ။

× × ×





မုရှံကုဖန်သည် သဘောကျစွာဖြင့် တဟားဟား ရယ်မောနေလေသည်။ ပြီးမှ.... 'ဒီတခါလောက် စိတ်ဝင်စားစရာကောင်းတာ ဒီတခါပဲရှိတယ်' ဟု ပြောလိုက်လေသည်။

ထို့နောက်သူမသည် ဖန်းကျုံစင်းဘက်သို့လှည့်ကာ 'ရှောင်ဖန် မင်းတခါက စဉ်းစားလို့မရတာ အခုတော့ ရပြီမဟုတ်လား'

ဖန်းကျုံစင်းသည် ပြုံး၍ သူ၏ဦးခေါင်းကို ညိတ်ကာ....

'အင်း....ပိုင်ပင်း နှစ်ယောက် ရှိခဲ့ယင် ဆင့်ဆင့်အိလဲ နှစ်ယောက်ရှိနိုင်တာပေါ့'

မုရှံကုဖန်သည် ပြုံးယင်း....

'ဒါပေါ့ အင်း....တို့ရဲ့လှုပ်ရှားမှုတိုင်းဟာတဘက်လူကိုအံ့သြစေခဲ့တယ်၊ ဒါပေမယ့် အခုတခါမှာ တို့ရဲ့လှုပ်ရှားမှုတိုင်းဟာ တို့ကိုပြန်ပြီး အံ့သြမှုပေးခဲ့တယ်၊ ဒါဟာ စိတ်ဝင်စားစရာ တခုပဲ'

သူမသည် ယင်းသို့ပြောပြီး ပုရမ်းဖွေးဘက်သို့လှည့်ကာ....

'မင်းဘယ်သူလဲ' ဟု မေးလိုက်သည်။

ပုရမ်းဖွေးသည် ဘာမျှ ပြန်မပြောပါ။ သို့သော် မျက်လှည့်ဆရာကြီးသည် မုရှံကုဖန်အား တချက်လှမ်းကြည့်ပြီး....

'ဖိုလုစုံ၊ အနီရောင်ဝတ် အဘိုးအိုနဲ့ အတူပါလာတဲ့ အစိမ်းရောင်ဝတ် မိန်းကလေးပဲ'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်ကာ....

'ဟုတ်တယ်' ဟု ဝန်ခံလိုက်လေသည်။

ပုရမ်းဖွေးသည် ပြုံးယင်း....

'ဟုတ်တယ်၊ ကျွန်မဟာ အစိမ်းရောင်ဝတ် မိန်းကလေးပဲ'

မုရှံကုဖန်သည် မျက်မှောင် တချက် ကြုတ်လိုက်ပြီး....

'မင်းရဲ့ နာမည်ကို မေးတာ'

ပုရမ်းဖွေးသည် ပြုံးလျက်....

'အစိမ်းရောင်ဝတ် မိန်းကလေးပဲ'

ဖန်းကျုံစင်းသည် တချက်ပြုံးယင်း....

'မင်းရဲ့ နာမည် သိဖို့ မခဲယဉ်းဘူး၊ ကျုပ်မှာ နာမည် မေးဖို့ နည်းပေါင်း ခုနစ်ဆယ့်နှစ်မျိုးရှိတယ်' ဟု ပြောလိုက်လေသည်။

ထို့နောက် ရုတ်တရက် စားပွဲပေါ်မှ ပုရမ်းဖွေး၏ လက်ကို ဖမ်းဆုပ် လိုက်လေသည်။

သို့သော် ဖန်းကျုံစင်း၏ လက်သည် ပုရမ်းဖွေး၏ လက်ကို ဖမ်းဆုပ်မိခြင်း မရှိပဲ စားပွဲပေါ်သို့သာ ကျရောက် သွားလေတော့သည်။

ဖန်းကျုံစင်း သည် မျက်မှောင် တချက် ကြုတ်လိုက်ပြီး ပုရမ်းဖွေး၏ လက်ကို ဖမ်းလေသည်။

ပုရမ်းဖွေး၏လက်သည် စားပွဲပေါ်၌ နေရာများစွာ ရွှေ့ပြောင်းသွားသကဲ့သို့ ဖန်းကျုံစင်း၏ လက်သည်လည်း စားပွဲပေါ်၌ နေရာ များစွာ ကျရောက် သွားလေသည်။

ဖန်းကျုံစင်းသည် မဲ့ပြုံး တချက် ပြုံးလိုက်သည်။ ပြီးမှ....

'မင်း မဆိုးပါလား' ဟု ပြောလိုက်လေသည်။

ထို့နောက် တဆက်တည်း သူ၏ လက်များကို ရှုပ်ထွေးလိုက်ပြီး ရုတ်တရက် ပုရမ်းဖွေး၏ ခန္ဓာကိုယ်ကို လှမ်း၍ ဖမ်းလိုက်လေသည်။





သို့သော် ပုရမ်းဖွေးသည် သူ၏ လက်ကြားမှ ရုတ်တရက် ပျောက်ကွယ်သွားလေတော့သည်။ ဖန်ကျုံစင်းသည် ရုတ်တရက် မျက်မှောင်ကြုတ်၍ သွားသည်။

ပုရမ်းဖွေးသည် ဖန်ကျုံစင်းနှင့် လက်တလှမ်း အကွာတွင် ရပ်၍ နေလေသည်။

ဖန်းကျုံစင်းသည် တချက် ပြုံးလိုက်ပြီး ပုရမ်းဖွေးအား အဆက်မပြတ် လိုက်၍ ဖမ်းလေသည်။

ပုရမ်းဖွေးသည် သူမ၏ ခန္ဓာကိုယ်ကို တချက် လှုပ်ရှားလိုက်ပြီး၊ တိမ်းရှောင် လိုက်သည်။ ဖန်းကျုံစင်းသည် ဆယ့်ခုနစ်ချက်မျှဖမ်းခဲ့သော်လည်း ပုရမ်းဖွေးကို ဖမ်းမိခြင်း မရှိပဲ လေကိုသာ ဖမ်းဆုပ်မိခဲ့လေသည်။

မုရုံကုဖန်သည် တချက် ပြုံးလိုက်ပြီး....

'ကောင်း လိုက် တဲ့ အရှောင်အတိမ်း ပညာ' ဟု ရေရွတ်လိုက်ပြီး နံရံမှ ခလုတ်တခုကို နှိပ်လိုက်လေသည်။

'ဝုန်း ဝုန်း ဝုန်း'

အသံများနှင့် အတူ မျက်နှာကြက်မှ သံချွန် များသည် ပုရမ်းဖွေး၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက် လာလေသည်။

ဖန်းကျုံစင်းသည် နောက်သို့ အမြန် ဆုတ်လိုက်လေသည်။

ပုရမ်းဖွေးသည် မျက်နှာကျက်ပေါ်မှ ကျလာသော သံချွန်များကို အချိန်မီ ရှောင်တိမ်းလိုက်လေသည်။ သံချွန်များသည် တခုပြီးတခု လျင်မြန်စွာ ကျရောက်လာလေသည်။

အမှန်မှာ ယင်းသံချွန်များသည် မုရုံကုဖန်၏ လျှို့ဝှက်လှောင်ချိုင့်တခုပင် ဖြစ်ပါသည်။ ထို့ကြောင့် ပုရမ်းဖွေးသည် သံချွန်

များကို ရှောင်တိမ်းနိုင်သော်လည်း လှောင်ချိုင့်ထဲမှ ထွက်ပြေးနိုင်ခြင်း မရှိခဲ့ပါ။

ပုရမ်းဖွေးသည် သူမ၏ ပတ်ဝန်းကျင်ကို တချက် ကြည့်လိုက်ပြီး မဲ့ပြုံး ပြုံးလိုက်လေသည်။ သံချွန်များသည် အချုပ်ခန်းမှ သံတိုင်များကဲ့သို့ သူမနှင့် မုရှံကုဖန်တို့အကြား၌ ကာရံထားသည်။

သူမ နောက်တွင် ကျောက်နံရံရှိပြီး သူမ၏ဘေးနှစ်ဘက်တွင် သံချွန်များ ကာရံထားလေသည်။

မုရှံကုဖန်သည် သူမအား ကြည့်ယင်း တဟားဟား ရယ်မောနေလေသည်။ သို့သော် မုရှံကုဖန်၏ မျက်လုံးများကမူ ရယ်မောခြင်း မရှိချေ။

× × ×

မျက်လှည့် ဆရာကြီးသည် ပုရမ်းဖွေးအား အတန်ကြာအောင် စိုက်ကြည့်ပြီးမှ 'ပုချန်းလီနဲ့ မင်းနဲ့ ဘာတော်လဲ' ဟု မေးလိုက်လေသည်။

ပုရမ်းဖွေးသည် ဘာမျှ ပြန်၍မပြောပါ။ သူမသည် အတန်ကြာအောင် မျက်လှည့်ဆရာကြီးအား စိုက်၍ ကြည့်နေသည်။ ပြီးမှ....

'ပုချန်းလီဟာ ကျွန်မရဲ့ အဖေပဲ'

ဟု ဖြည်းညင်းစွာ ပြောလိုက်လေသည်။

မျက်လှည့်ဆရာကြီးသည် ပြုံးယင်း....

'ဖြစ်ရမယ်လေ၊ ပုချန်းလီရဲ့ လှုပ်ရှားမှု ပညာတွေကို မင်းဆီမှာတွေ့ရတာပဲ'





ဖန်းကျုံစင်းသည် မျက်မှောင်ကြုတ်ပြီး....'ဒါဆို မင်းက ပုရမ်းဖွေးပေါ့' ဟု မေးလိုက်လေသည်၊

ပုရမ်းဖွေးသည် ပြုံးယင်း....

'ဟုတ်တယ်'

ဖန်းကျုံစင်းသည် ပြုံးယင်း....

'ဆင့်ဆင့်အိမ်မှာ သွက်လက်ချက်ချာတဲ့ ပုရမ်းဖွေးဆိုတဲ့ မိန်းကလေးမိတ်ဆွေ ရှိတယ်ဆိုတာ ကျုပ်သိထားတယ်၊ ဒါပေမယ့် တခါမှ မတွေ့ခဲ့ဖူးဘူး'

မုရှံကုဖန်သည် တဟားဟား ရယ်မောယင်း.... 'ကောင်းတယ်' ဟုပြောလိုက်ပြီး ဖန်းကျုံစင်း ဘက်သို့ လှည့်ကာ....

'ရှောင်ဖန်၊ မင်း သူ့ရဲ့ ညာခြေထောက်ကို မင်းရဲ့ ကိုယ်ပိုင်လက်နက်နဲ့ ဖြတ်နိုင်ပါ့မလား၊ ညာခြေထောက်ပဲနော် ဘယ်ခြေထောက်ကို လုံးဝ မထိစေရဘူး'

ဖန်းကျုံစင်းသည် ပြုံးလိုက်ပြီး.... 'စိတ်ချပါ မမ' ဟုပြောလိုက်လေသည်။

ထို့နောက် သူ၏ အင်္ကျီကို ချွတ်လိုက်လေသည်။ အပေါ်ယံအင်္ကျီ ကျွတ်သွားသည်နှင့် အတွင်းမှ ကိုယ်ကျပ် အင်္ကျီတွင် အဝတ်အိတ်တလုံး လွယ်ထားသည်ကို ပုရမ်းဖွေး တွေ့ရပေ၏။

ဖန်းကျုံစင်းသည် အဝတ် အိတ်အား ဖြုတ်ယူလိုက်ပြီး အဝတ်အိတ်ထဲမှ ပစ္စည်းတခုကို ထုတ်ယူ လိုက်လေသည်။

ပုရမ်းဖွေးသည် အဝတ် အိတ်ထဲမှ ထွက်ပေါ်လာသော လက်နက်ကို တွေ့သည်နှင့် တပြိုင်တည်း....

'တုကုရင်း' ဟု တီးတိုး ရေရွတ် လိုက်မိတော့သည်။

အကြောင်းမှာ ထို အဝတ်အိတ်ထဲမှ ဖန်းကျုံစင်း ထုတ်ယူလိုက်သော လက်နက်သည် သံကြိုးကွင်းနှင့် ဓားပင် ဖြစ်သည် မဟုတ်ပါလော။ထိုစဉ် ပုရမ်းဖွေးရှေ့နှင့်အေားမှ သံချွန်များသည် အပေါ်သို့ ပြန်လည် တက်သွားလေတော့သည်။

× × ×

ဖန်းကျုံစင်းသည် မျက်မှောင်ကြုတ်ယင်း....

'မင်းက တုကုရင်းကို သိလို့လား'

ပုရမ်းဖွေးသည် ဘာမှ ပြန်မပြောပါ။ သူမသည် မျက်လှည့်ဆရာကြီးဘက်သို့ လှည့်ကာ....

'မျက်လှည့်ဆရာကြီးက တုကုရင်းကိုဖန်းကျုံစင်းဖြစ်အောင် ရုပ်ပြောင်းပေးနိုင်ယင် ကျွန်မရဲ့ ညာခြေထောက် ပြတ်သွားယင်လဲ ပြန်ဆက်ပေးပါ'

မျက်လှည့်ဆရာကြီးသည် မျက်နှာတချက် ပျက်၍သွားလေသည်။ ဤအကြောင်းအရာများကို ပုရမ်းဖွေး မည်သို့ သိနေသနည်းဟု တွေးမိသည်။

ဖန်းကျုံစင်းသည်လည်း မျက်လှည့်ဆရာကြီးကဲ့သို့ တွေးမိလေသည်။

ထို့ပြင် ပိုင်လိုရိနှင့် ထုံခဲ့စဉ်ကလည်း ပိုင်လိုရိသည် မိမိအား တုကုရင်းဖြစ်သည်ဟု စွပ်စွဲခဲ့သည် မဟုတ်ပါလော။ ဤသို့ဆိုလျှင် ဖုံးလုံစုံသည်လည်း မိမိ တုကုရင်း ဖြစ်ကြောင်း သိနေပြီလော။

× × ×

'ချွင်....ချွင်....ချွင်'





သံကြိုးကွင်းမှ ထွက်ပေါ်လာသော အသံဖြစ်သည်။ ယင်းအသံသည် တိတ်ဆိတ်သော ညှော်ခန်းအတွင်း၌ ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာသည်။ ဖန်းကျုံစင်းသည် လက်ထဲမှ ဓားကောက်ကို လေထဲ၌ ဝှေ့ယမ်းလိုက်သည်။

'ဝှီး...ဝှီး....ဝှီ'

ဟူသော အသံသည် ပုရမ်းဖွေး၏ ခန္ဓာကိုယ်တခုလုံးအား တုန်လှုပ်သွားစေသည်။

ထို့နောက် ဖန်းကျုံစင်း၏ ဓားကောက်သည် ရုတ်တရက် ပုရမ်းဖွေးထံ ပစ်လွှင့်လာလေသည်။ ပုရမ်းဖွေးသည် ကပျာကယာ ရှောင်တိမ်းလိုက်သဖြင့်....

'ဒုတ်' ဟူသော အသံနှင့်အတူ ပုရမ်းဖွေး၏ ညာခြေထောက်ရှိခဲ့သော ကြမ်းပြင်ကို လာရောက် ထိမှန်လေတော့သည်။

အကယ်၍ ပုရမ်းဖွေး ရှောင်တိမ်းရန် အနည်းငယ် နောက်ကျခဲ့ပါက သူမ၏ ညာခြေကို ဖန်းကျုံစင်း၏ ဓားကောက်က ဖြတ်ထုတ်ပစ်မည် မလွဲချေ။

ဖန်းကျုံစင်းသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး....

ပုရမ်းဖွေးအား တဒင်္ဂအတွင်း ဆယ့်ခုနစ်ချက်တိတိ တိုက်ခိုက်လိုက်လေသည်။ ပုရမ်းဖွေးသည် သူမ၏ အရှောင်အတိမ်းပညာဖြင့် ညှော်ခန်းထဲ၌ ရှောင်တိမ်းလိုက်လေသည်။

သို့သော် ဖန်းကျုံစင်း၏ ဆယ့်ခုနစ်ချက်မြောက် ဓားချက်သည် ပုရမ်းဖွေး ရှောင်တိမ်းသည့်ဘက်သို့ ကြိုတင်၍ ရောက်ရှိလာလေသည်။

'ဒုတ်' ဟူသော အသံနှင့်အတူ ဖန်းကျုံစင်း၏ ဆယ့်ခုနစ်

ချက်မြောက် ပစ်လွှင့်လာသော ဓားကောက်သည် ပုရမ်းဖွေး၏ မျက်နှာအောက်မှ ဖြတ်သန်း၍ နံရံကို စိုက်ဝင်သွားလေသည်။

ပုရမ်းဖွေး၏ရင်ထဲ၌ တုန်လှုပ်၍သွားလေသည်။

ဓားကောက်၏ လက်ကိုင်ရိုးနှင့်ဆက်ထားသော သံကြိုးသည် ပုရမ်းဖွေး၏ မျက်နှာရှေ့၌ တုန်ခါ၍ နေလေသည်။

ဖန်းကျုံစင်းသည် ပုရမ်းဖွေးအား ကြည့်ယင်း တဟားဟား ဖြင့် ရယ်မောနေလေသည်။ ဖန်းကျုံစင်း၏ သယ့်ရှစ်ချက်မြောက် ဓားချက်သည် ပုရမ်းဖွေး၏ လည်ပင်းကို ခုတ်ဖြတ်လိမ့်မည် မဟုတ်ပါလော။

ထိုစဉ် ရှုတ်တရက် ဖန်းကျုံစင်း၏မျက်လုံးထောင့်၌ နံရံထဲမှ ထွက်လာသော လူသုံးယောက်၏အရိပ်ကို တွေ့လိုက်ရလေတော့ သည်။

ချယ်ရီနီသူခိုး

ရုတ်တရက် ကျောက်နံရံသည် ဘေးသို့ရွေ့သွားပြီး တံခါး ပေါက်တခု ဖြစ်ပေါ်လာလေသည်။ ထို့နောက်ထိုတံခါးပေါက် မှ လူသုံးဦး ဝင်ရောက်လာလေသည်။ ထိုလူ သုံးယောက်မှာ ဖိုလုစုံ၊ အနီရောင်ဝတ် အဘိုးအိုနှင့် ပိုင်လိုရီတို့ပင် ဖြစ်ပါသည်။

မုရုံကုဖန်သည် သူမ၏လျှို့ဝှက်တံခါးမှ ဝင်လာသော ဖိုလုစုံ၊ အနီရောင်ဝတ် အဘိုးအိုနှင့် ပိုင်လိုရီတို့ကို တချက်ကြည့်လိုက်ပြီး ရုတ်တရက် ရယ်မောလိုက်လေသည်။ ပြီးမှ....





'ဒီတခါ ကျွန်မ ရှင်တို့နဲ့ ယှဉ်ပြိုင်ရတာ စိတ်ဝင်စားစရာ အကောင်းဆုံးပဲ' ဟု ပြောလိုက်လေသည်။

မျက်လှည့်ဆရာကြီးနှင့် ဖန်းကျုံစင်းတို့သည်လည်း ဖိုလုစုံတို့ လူစု ရုတ်တရက် ဝင်ရောက်လာသဖြင့် အံ့ဩ၍ နေမိလေသည်။

ပုရမ်းဖွေးသည် ယင်းအချက်ကို အခွင့်အရေးယူပြီး ဖန်းကျုံ စင်း၏ သံကြိုး အောက်မှ ရှောင်တိမ်း ထွက်လိုက်လေသည်။

ထိုစဉ် ဖန်းကျုံစင်းသည် ရုတ်တရက်သူ၏သံကြိုးကိုဆောင့်၍ ဆွဲယူလိုက်လေသည်။ ထို့ကြောင့် နံရံတွင် စိုက်ဝင်နေသော ဓားကောက်သည် နံရံမှ ဖိုလုစုံထံသို့ ဝဲပျံသွားလေသည်။ ဖိုလုစုံ သည် ရုတ်တရက် အနီးရှိ ကုလားထိုင် တလုံးကို လေထဲသို့ မြှောက်တင်လိုက်လေသည်။

သို့ဖြစ်၍ ဖန်းကျုံစင်း၏ဓားကောက်သည် ဖိုလုစုံပစ်မြှောက် လိုက်သော ကုလားထိုင်ကိုခုတ်ဖြတ်ပြီး ဖန်းကျုံစင်း၏လက်ထဲသို့ ပြန်လည် ရောက်ရှိ သွားလေတော့သည်။

ဖိုလုစုံသည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး...

'ကောင်းလိုက်တဲ့ ဓား' ဟု ချီးကျူးလိုက်လေသည်။ ပြီးမှ... ဖိုလုစုံသည် ဖန်းကျုံစင်းအား ပြုံးပြယင်း....

'ဒါနဲ့ ကျုပ် ခင်ဗျားကို ဘယ်လို ခေါ်ရမလဲ၊ ဖန်းကျုံစင်း လို့ပဲ ခေါ်ရမလား၊ ဒါမှမဟုတ် တုကုရင်းလို့ပဲ ခေါ်ရမလား' ဟု မေးလိုက်လေသည်။

ဖန်းကျုံစင်းသည် ပြုံးလိုက်ပြီး 'ကျုပ်ကို တုကုရင်းမှန်းသိတဲ့ နောက် တုကုရင်းလို့ပဲ ခေါ်ပေါ့' ဟု ပြောလိုက်လေသည်။

ထိုစဉ် ဖိုလုစုံတို့ ဝင်လာသော တံခါးပေါက်မှ ဆင့်ဆင့်အိ

နှင့် ပုရမ်းဖွေး ဝင်လာလေသည်။

မျက်လှည့်ဆရာကြီးသည် ပထမ ပုရမ်းဖွေးနှင့် နောက် ဝင်လာသော ဒုတိယပုရမ်းဖွေးကို တချက်ကြည့်လိုက်ပြီး ဆင့်ဆင့်အိအား လှမ်း၍....

'မင်းရော ရုပ်ဖျက်ထားတာပဲလား' ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် အနီရောင်ဝတ် အဘိုးအိုအား တချက်လှမ်းကြည့်လိုက်ပြီး.... 'ဟုတ်တယ်' ဟု ပြောလိုက်လေသည်။

ထို့နောက် ဆင့်ဆင့်အိသည် မိမိ၏ မျက်နှာအတုကို ခွာချလိုက်လေသည်။ ဆင့်ဆင့်အိ မျက်နှာ အတုအောက်မှ မူလမျက်နှာ ပေါ်လာလေသည်။

မျက်လှည့်ဆရာကြီးသည် မျက်မှောင်ကြုတ်ယင်း....

'မင်းက ဘယ်သူလဲ' ဟု မေးလိုက်လေသည်။

အိုက်ဖွေးရီသည် ဆင့်ဆင့်အိ မျက်နှာအတုကို အံ့ဩ ထဲသို့ ထည့်ယင်း....

'အိုက်ဖွေးရီပါ'

မျက်လှည့်ဆရာကြီးသည် ဦးခေါင်းကို ယမ်းလိုက်ပြီး....

'မကြားဖူးဘူး'

အိုက်ဖွေးရီသည် ပြုံးလိုက်ပြီး....

'မှန်ပါတယ်၊ သိုင်းလောကမှာ ကျွန်တော် နာမည် မရှိသေးပါဘူး'

ပုရမ်းဖွေးသည်လည်း မိမိ၏မျက်နှာအတုကိုခွာချလိုက်သည်။

ပုရမ်းဖွေး မျက်နှာ အတု အောက်မှ ပေါ်ထွက်လာသော နဂိုမျက်နှာသည် မျက်လှည့် ဆရာကြီးနှင့် မုရုံကုဖန်အား အံ့ဩ





စေမည် မဟုတ်ပါ။ အကြောင်းမှာ....

ထိုမျက်နှာသည် ပိုင်ပင်းဖြစ်လိမ့်မည်ဟု ကြိုတင် ခန့်မှန်းထားသည် မဟုတ်ပါလော။ ထို့ကြောင့် မုရုံကုဖန်သည် အံ့ဩခြင်း မရှိပဲ....

'မင်းဟာ ပိုင်ပင်းဖြစ်လိမ်မယ်လို့ ယုံသားပဲ၊ ဒါနဲ့ဆင့်ဆင့်အိ မပါပါလား၊ ကျွန်မကို ကြောက်ပြီး မလိုက်လာဘူးနဲ့ တူတယ်'

အနီရောင်ဝတ် အဘိုးအိုသည် ပြုံးယင်း....

'ကျုပ်က မုရုံသခင်မနဲ့ အလှောင်းအစား လုပ်ထားတာပဲ၊ ကျုပ် မပါလို့ ဘယ်ဖြစ်ပါ့မလဲ' ဟု ပြောလိုက်ပြီး မိမိ၏ မျက်နှာအတုကို ခွာချလိုက်လေတော့သည်။

မုရုံကုဖန်သည် အနီရောင်ဝတ် အဘိုးအိုမျက်နှာအတု ကျွတ်သွားပြီး ဆင့်ဆင့်အိ၏ မူလမျက်နှာ ပေါ်လာသည် အထိ ငေးကြည့်နေသည်။

ပြီးမှ တဟားဟား ရယ်မောကာ....

'ကောင်းတယ်၊ ရှင် သိပ်တော်တယ်၊ ကျွန်မကို ကျွန်မသုံးတဲ့နည်းနဲ့ ပြန်ပြီး သုံးနိုင်တာ ရှင် တော်တယ်'

ဟု ချီးကျူး လိုက်လေသည်။

ပြီးမှ ဆင့်ဆင့်အိအား လှမ်း၍—

'ကဲ....ကျွန်မကို ဖမ်းဖို့ ရှင် လူဘယ်နှစ်ယောက် ခေါ်ခဲ့သလဲ'

ဆင့်ဆင့်အိသည် ရယ်မောယင်း....

'မုရုံသခင်မဟာ လေးစားထိုက်တဲ့လူမို့ ကျွန်တော်တယောက်တည်းနဲ့ လုံလောက်ပါတယ်၊ ဒါပေမယ့် ကျန်လူတွေ အတွက်တော့ ကျွန်တော့်မှာ လုံလောက်တဲ့ ရဲမက်တွေ ပါပါတယ်'

ထို့နောက် ဆင့်ဆင့်အိသည် ဖိုးလုစိုး ဘက်သို့ လှည့်ကြည့်လိုက်ပြီး 'ဆရာကြီး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ'ဟု ပြောလိုက်လေသည်။

ဖိုးလုစိုးသည် ရုတ်တရက် အံ့အားသင့်သွားပြီး 'ဘာဖြစ်လို့ ကျုပ်ကို တောင်းပန်ရတာလဲ'ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် ပြုံးယင်း....

'အခု ကျွန်တော်တို့နဲ့ ပါလာတဲ့ ဆရာကြီးရဲ့ သိုင်းသမားအားလုံးဟာ ရုပ်ဖျက်ထားတဲ့ ကျွန်တော်ရဲ့ နေပြည်တော်က ရဲမက်တွေပဲ'ဟု ပြောလိုက်လေသည်။

ဖိုးလုစိုးသည် အတန်ကြာအောင် မျက်မှောင်ကြုတ်သွားလေသည်။ ပြီးမှ တဟားဟား ရယ်မောလိုက်ပြီး....

'ဘာလဲ ကျုပ်က တုကုရင်းကို တွေ့ယင် ဥပဒေမဲ့ ပြုလုပ်မှာစိုးလို့လား'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'တာလီ မြို့စားကြီးက ဥပဒေမဲ့ ဝရမ်း ထုတ်ထားတော့ ကျွန်တော်ကလဲ ကြိုတင် စီစဉ်ထားတာပါ'

ဖိုးလုစိုးသည် ပြုံးယင်း....

'ကျုပ်က ဥပဒေကို လေးစားတဲ့ လူပါ၊ ဘယ်တော့မှ ဥပဒေကို မချိုးဖောက်ဘူး၊ ဒါပေမယ့် မြို့စားကြီးဟာ အဲဒီအချိန်တုန်းက အတော်ပဲ စိတ်ဆိုးနေတော့ ကျုပ်လဲ ဘာမှ မတတ်နိုင်ဘူး၊ ဒါပေမယ့် ကျုပ် အကျိုးသင့် အကြောင်းသင့် စာရေးပြီး ဥပဒေမဲ့ မပြုလုပ်သင့်ကြောင်း တင်ပြထားပါတယ်'

မုရှံကုဖန်သည် ချစ်စရာ ပြုံးလိုက်ပြီး—





'ဆင့်ဆင့်အိကို ကျွန်မ တခု တောင်းပန်ပါရစေ'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ကျွန်တော် အတတ်နိုင်ဆုံး လိုက်လျောပါမယ်'

မုရှံကုဖန်သည် ပြုံးယင်း....

'တကယ်တမ်း အပြစ်ရှိတာ ကျွန်မတယောက်တည်းပဲ၊ မုရှံ အမျိုးအနွယ် အကုန်လုံး အပြစ်မရှိပါဘူး'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ဥပဒေကလဲ အပြစ်မဲ့တဲ့ လူတွေအတွက် မဟုတ်ပါဘူး'

မုရှံကုဖန်သည် ပြုံးယင်း....

'ဆင့်ဆင့်အိရဲ့ စကားဟာ လေးနက်တယ်'ဟု ပြောလိုက်၏။ ပြီးမှ ဖန်းကျုံစင်း(၀၁)တုကုရင်းဘက်သို့ လှည့်ကြည့်ပြီး....

'ရှောင်ဖန် မင်းရဲ့ လက်နက်ကို ဆရာကြီးဖိုးလုစိုးထံ အပ်လိုက်ပါ'ဟု ပြောလိုက်လေသည်။

တုကုရင်းသည် အံ့သြဟန်ဖြင့် 'ဘာဖြစ်လို့လဲ မမ' ဟု ပြန်မေးလိုက်လေသည်။

မျက်လှည့်ဆရာကြီးသည် မုရှံကုဖန်အား လေသံဖြင့်....

'မုရှံသခင်မ ပြေးပါ၊ ကျုပ်တို့ ခုခံထားပါ့မယ်'

ဟု ပြောလိုက်လေသည်။

မုရှံကုဖန်သည် ရုတ်တရက် တဟားဟား ရယ်မောလိုက်ပြီးမှ-

'ဘာဖြစ်လို့ ကျွန်မက ထွက်ပြေးရမှာလဲ'ဟုပြောလိုက်သည်။

မျက်လှည့်ဆရာကြီးသည် သက်ပြင်း တချက် ချလိုက်သည်။

သူသည် မုရှံကုဖန်၏ စိတ်ဓာတ်ကို နားလည်သည်မဟုတ်ပါလော။ တုကုရင်းသည် မုရှံကုဖန်၏ရှေ့၌ ဒူးထောက်လိုက်ပြီး-

'မမဘာကယ်ပဲအဖမ်းခံတော့မှာလား' ဟုမေးလိုက်လေသည်။

မုရှုံကုဖန်သည် တုကုရင်းအား ချစ်စရာအပြုံးကလေးပြုံးပြလိုက်ပြီး

'ဥပဒေကို တို့ဘယ်လောက်ကြာကြာ ကျော်ခိုင်းထားနိုင်မှာလဲ၊ တနေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ကြိုပြီး တွက်ထားရတယ်' ဟု ပြောလိုက်လေသည်။

တုကုရင်းသည် မုရှုံကုဖန်၏လက်ကို ဆွဲယူလိုက်ပြီး မိမိ၏ပါးနှင့် အတန်ကြာအောင် ထိထားလိုက်လေသည်။

ပြီးမှ လက်ထဲမှ သံကြိုးကွင်းနှင့် ဓားကောက်ကို ဖုံလုစုံထံ ပစ်ပေးလိုက်လေတော့သည်။ ထိုစဉ် အခန်းထဲသို့ ဖုံလုစုံ၏ သိုင်းသမားများနှင့် နေပြည်တော်မှ ရဲမက်များ ရောက်ရှိလာလေသည်။

မုရှုံကုဖန်သည် ပြုံးယင်း ပိုင်လိုရီအား....

'ကျွန်မနဲ့ ပိုင် သခင်ကြီးနဲ့ အလောင်းအစား လုပ်ခဲ့တယ်နော်' ဟု မေးလိုက်လေသည်။

ပိုင်လိုရီသည် ပြုံး၍ ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ကျုပ် ရှုံးခဲ့တယ်လေ'

မုရှုံကုဖန်သည် ပြုံးယင်း....

'ဒါပေမယ့် ပိုင်သခင်ကြီးရဲ့ အိမ်ကို ကျွန်မ တရက်မှ မနေခဲ့ရဘူး' ဟု ပြောလိုက်လေသည်။ ထို့နောက် သူမသည် ဆင့်ဆင့်အိဘက်သို့ လှည့်ယင်း....

'ကျွန်မနဲ့ ရှင်နဲ့လဲ အလောင်းအစား လုပ်ခဲ့တယ်နော်'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်ပြလိုက်သည်။





မုရှုံကုဖန်သည် ပြုံးယင်း....

'ကျွန်မရဲ့ တသက်မှာ အခုတခါလောက် စိတ်ဝင်စားတဲ့ အလောင်းအစား မလုပ်ခဲ့ဖူးဘူး၊ အင်းလေ ဒါဟာ ရှုံးခြင်းရဲ့ အရသာပဲလား မသိဘူး'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'အောင်မြင်မှုနဲ့ ဆုံးရှုံးမှု ဆိုတာ လူစွမ်းကောင်းတွေမှာ မရှိပါဘူး'

မုရှုံကုဖန်သည် ပြုံးယင်း....

'ရှင်လို ပြိုင်ဘက်မျိုးနဲ့သာ ယှဉ်ပြိုင်ရမယ် ဆိုယင် ကျွန်မ သဘောကျတယ်'

ဆင့်ဆင့်အိသည် ဘာမျှ ပြန်၍မပြောပါ။

မုရှုံကုဖန်သည် ပြုံးလျက်....

'အခု ကျွန်မ ရှုံးပြီ၊ ဒါပေမယ့် အတွဲမဲ့ရတနာ ဆယ့်ကိုးမျိုးကို ရှင် ပိုင်ဆိုင်ဖို့တော့ ရှင့်မှာ ကံမကောင်းခဲ့ဘူး'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'အဲဒီ ပစ္စည်းတွေကို ကျွန်တော် မပိုင်ဆိုင်ဘူး ဆိုတာ ကျွန်တော် နားလည်ထားပါတယ်'

မုရှုံကုဖန်သည် ပြုံးယင်း....

'ကဲ ရှင် အဲဒီပစ္စည်းတွေ လိုက်ယူဦး'

ဟုပြောလိုက်ပြီး အခန်းထဲမှ ရွှေဆောင်၍ ထွက်ခွာသွားသည်။

ဆင့်ဆင့်အိသည် နေပြည်တော်မှ ရဲမက်များအား မျက်လှည့်ဆရာကြီး နှင့် တုကုရင်း တို့ကို ဖမ်းဆီး ရန် အမိန့် ပေးခဲ့ပြီး မုရှုံကုဖန်၏ နောက်မှ လိုက်ပါသွားလေသည်။

သူနှင့် အတူ ပိုင်လိုရီ၊ ပိုင်ပင်းနှင့် အိုက်ဖွေးရီတို့ လိုက်ပါလာလေသည်။

× × ×

ဥမင်လိုဏ်ခေါင်း တလျှောက်တွင် စိမ်းဖန့်ဖန့် မီးအိမ်ရှည်များသည် တခုနှင့် တခု ဆယ်ပေခြား ရှိနေပေသည်။

မုရုံကုဖန်သည် ရှေ့ဆုံးမှ သွား၍ နေသည်။

သူမ၏ ခြေလှမ်းများသည် သွက်လက်စွာ လှမ်း၍ နေသည်။

သူမ၏ နောက်မှ ဆင့်ဆင့်အီနှင့် ပိုင်လိုရီသည် ယှဉ်၍ လိုက်ပါလာသည်။ သူတို့၏ နောက်မှ အိုက်ဖွေးရီနှင့် ပိုင်ပင်း လိုက်လာလေသည်။

အတန်ငယ်မျှ သွားမိသောအခါ ကျောက်တံခါးကြီးတခု ကာဆီး၍ နေလေသည်။ မုရုံကုဖန်သည် ကျောက်တံခါးကို ဖွင့်၍ အထဲသို့ လှမ်းဝင် လိုက်လေသည်။

မွှေးကြိုင်သော ပန်းရနံ့သည် အခန်းထဲ၌ သင်းပျံ့နေသည်။

အခန်း တခုလုံး နှင်းကဲ့သို့ ဖြူဖွေးသော ကော်ဇောကို ခန်းလုံးပြည့် ခင်းထားလေသည်။

မုရုံကုဖန်သည် ဆင့်ဆင့်အီတို့အား ပြုံး၍ ကြည့်လိုက်ပြီး....

'အတွဲမှ ရတနာတွေကို ရှင် ကိုယ်တိုင် တွေ့ပြီ မဟုတ်လား' ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အီသည် အခန်းထဲရှိ ကြက်သွေးရောင် စင်နှင့်ခုံပေါ်မှပစ္စည်းများကိုကြည့်ယင်း ဦးခေါင်းကို ညိတ်ပြလိုက်၏။

ထိုပစ္စည်းများကြား၌ ဝမ်းစီးထုံး၏ကျောက်စိမ်းဖရဲသီးလည်း ပါဝင်နေပေသည်။ ပိုင်လိုရီသည် ပစ္စည်းများကို ကြည့်ယင်း-





'ဒီမှာ ပစ္စည်း ဆယ့်ရှစ်မျိုးပဲ ရှိတယ်'

မုရုံကုဖန်သည် ပြုံးယင်း သူမ၏ နောက်ဘက်မှ ကန့်လန့်ကာကို ဆွဲ၍ ဖွင့်လိုက်ယင်း....

'ဒီအခန်းထဲက မှန်ခေါင်းထဲမှာ' ဟု ပြောလိုက်လေသည်။

ပိုင်လိုရီနှင့် ဆင့်ဆင့်အီသည် မှန်ခေါင်းကို လှမ်း၍ ကြည့်လိုက်လေသည်။ မှန်ခေါင်းထဲ၌ လူတယောက် ရှိနေသည်။

ထိုလူသည် ယောကျ်ားပီသသော အင်္ဂါရပ်ရှိပြီး ရဲစွမ်းသတ္တိအပြည့်ရှိသော လူငယ်တဦး ဖြစ်သည်။ ထိုလူ၏ပုံသဏ္ဍာန်သည် မှန်ခေါင်းထဲ၌ အိပ်ပျော်နေသည်နှင့် တူပေသည်။

ပိုင်လိုရီသည် အံ့ဩသွားပြီး....

'ဒါ လူသေ အလောင်းပဲ'

မုရုံကုဖန်သည် ပြုံးယင်း....

'ဟုတ်တယ်၊ သူသေတာကြာပြီ၊ သူ့ရဲ့အလှဟာယောကျ်ားပီသတယ်၊ ပြီးတော့ ရဲစွမ်းသတ္တိ အပြည့်ရှိတယ်၊ ရှင်တို့ ဒီလို ယောကျ်ားပီသတဲ့ အလှမျိုး တွေ့ဖူးသလား' ဟု မေးလိုက်၏။

ပိုင်လိုရီနှင့် ဆင့်ဆင့်အီသည် ပြိုင်တူ ဦးခေါင်းကို ခါယမ်းမိလိုက်လေသည်။ သူတို့ တသက်နှင့် တကိုယ် ယခုကဲ့သို့သော ယောကျ်ားမျိုးကို မတွေ့ဖူးချေ။

မုရုံကုဖန်သည် ယဲ့ယဲ့ကလေး ပြုံးယင်း....

'ပိုင်ပင်းလိုပေါ့၊ သူ့ကို ပြိုင်ဘက်ကင်းတဲ့ ယောကျ်ားလို့ ဆိုနိုင်တယ်'

ဆင့်ဆင့်အီသည် မှန်ခေါင်းကို သေချာစွာ ကြည့်ယင်း....

'ဒါနဲ့ သူက ဘယ်သူလဲ'

မုရိုကုဖန်သည် ဝင့်ကြွားသော အပြုံးဖြင့် ပြုံးယင်း....

'ဖန်အန်းလို့ခေါ်တယ်၊ ပထမတုန်းကတော့သူ့ကို ပြိုင်ဘက်ကင်းတဲ့ မိန်းကလေးနဲ့ တွဲပေးမလို့ ကျွန်မ စီစဉ်ခဲ့တာပဲ'

ပိုင်လိုရီသည် မျက်လုံး ပြူးသွားပြီး....

'သမီးနဲ့လား' ဟု မေးလိုက်လေသည်။

မုရိုကုဖန်သည် ပြုံးလိုက်ယင်း.... 'အခုတော့ မဖြစ်နိုင်တော့ဘူး' ဟု ပြောလိုက်လေသည်။

ထို့နောက် မှန်ခေါင်း၏ ရှေ့သို့ ဒူးထောက်ကာ....

'ဖန်အန်းရယ် ကျွန်မ ရှင့်အတွက် လောကပေါ်မှာ ပြိုင်ဘက်ကင်းတဲ့ မိန်းကလေး တယောက် ရှာခဲ့ပါတယ်၊ ဒါပေမယ့် အခုတော့ ကျွန်မ မတတ်နိုင်တော့ဘူး' ဟု တိုးတိုးရေရွတ်လိုက်လေသည်။

ဆင့်ဆင့်အိသည် မုရိုကုဖန်အား ကြည့်ယင်း....

'ဟို....ဟို....ဒါနဲ့ သူက မုရိုသခင်မနဲ့ ဘာတော်သလဲ' ဟု မေးလိုက်လေသည်။ မုရိုကုဖန်က ပြုံးယင်း....

'ကျွန်မရဲ့ ခင်ပွန်းပါ' ဟု ဖြေလိုက်လေသည်။

ဆင့်ဆင့်အိသည် ဘာမျှ ပြန်မပြောနိုင်အောင်ပင် ငေး၍ သွားလေတော့သည်။ ထိုစဉ် မုရိုကုဖန်သည် မှန်ခေါင်းပေါ်သို့ သူမ၏ဦးခေါင်းကို မှေး၍ တင်ထားလိုက်ပြီး....

'ဆင့်ဆင့်အိ....ရှင် ကျွန်မကို အခွင့်အရေးတခု ပေးပါ' ဟု တောင်းဆိုလိုက်လေသည်။ ဆင့်ဆင့်အိသည် သက်ပြင်းတချက်ချယင်း....

'ပြောပါ'





မုရိုကုဖန်သည် သက်ပြင်းတချက် ရှိုက်ကာ....

'အတွဲမဲ့ရတနာ သယ်ရှစ်မျိုးကိုပဲ ယူပါ၊ ဒီတမျိုးကိုတော့ ကျွန်မအတွက် ထားခဲ့ပါ' ဟု ပြောလိုက်လေသည်။ ဆင့်ဆင့်အိသည် ဘာကြောင့်မှန်းမသိ၊ မဆိုင်းမတွပဲ....

'ဟုတ်ကဲ့၊ ကျွန်တော်ပေးခဲ့ပါ့မယ်' ဟု ဖြေလိုက်လေသည်။

မုရိုကုဖန်သည် ဆင့်ဆင့်အိအား လှည့်ကြည့်လိုက်ပြီး....

'ရှင့်ကို ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်'

ဆင့်ဆင့်အိသည် ဘာမျှ ပြန်လည်၍ မပြောပဲ မုရိုကုဖန်ကို ငေး၍ ကြည့်နေမိသည်။ မုရိုကုဖန်သည် ယဲ့ယဲ့ကလေးပြုံးယင်း

'ကျွန်မ မွေး လာ က တည်း က အခုအကြိမ်ဟာ ပထမဆုံး ကျေးဇူးတင်စကား ပြောတာပဲ၊ နောက်ဆုံးအကြိမ်လဲဖြစ်တယ်'

ဆင့်ဆင့်အိသည် ပြုံးပြယင်း....

'ကိစ္စ မရှိပါဘူး' ဟု ပြောလိုက်လေသည်။

မုရိုကုဖန်သည် ဆင့်ဆင့်အိအား ပြုံး၍ကြည့်လိုက်ပြီး သူမ၏ ဦးခေါင်းကို မှန်ခေါင်းပေါ်သို့ ပြန်လည်မှေးတင်ယင်း....

'ဖန်အန်း....ဆင့်ဆင့်အိက ရှင့်ကို ယူမသွားဘူးတဲ့၊ ကျွန်မကို ပေးခဲ့မယ်တဲ့၊ ကျွန်မတို့အတူတူနေရအောင်နော်၊ ဖန်အန်း....ရှင် ကျွန်မ ပြောတာ ကြားတယ်နော်၊ ရှင် ဝမ်းမသာဘူးလား' ဟု မုရိုကုဖန်သည် တတွတ်တွတ်ပြောယင်း သူမ၏အသံ တိမ်ဝင်သွားလေတော့သည်။

ဆင့်ဆင့်အိသည် မုရိုကုဖန်၏ နောက်ကျောအား အတန်ကြာအောင် ကြည့်နေပြီးမှ မုရိုကုဖန်၏ ပခုံးကို အသာအယာ ဆုပ်ကိုင်လိုက်လေသည်။

ယင်းသို့ မုရိုကုဖန်၏ ပခုံးအား ဆုပ်ကိုင်မိသည်နှင့် တပြိုင်တည်းမှာပင် ဆင့်ဆင့်အိ၏ ရင်ထဲ၌ ဆို့နင့်၍ သွားပြီး မဖော်ပြနိုင်သော ဝေဒနာ တရပ်ကို ခံစားလိုက်ရ လေတော့သည်။ ဖိုင်လိုရိုသည် ဆင့်ဆင့်အိအား ကြည့်ယင်း....

'မုရိုကုဖန် ဘာဖြစ်သွားလဲ' ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် ဘာမျှ ပြန်မပြောပဲ မုရိုကုဖန်၏ အုန်းနို့ခွံ ဒူးထောက်၍ ထိုင်လိုက်ပြီး မုရိုကုဖန်၏ ခန္ဓာကိုယ်ကို ကော်ဇောပေါ်၌ ချထား ပေးလိုက်လေသည်။ ပြီးမှ....

'သူသေပြီ၊ နှလုံးခုန်ရပ်ပြီး သေတာ' ဟု တိုးတိုးပြောလိုက်လေသည်။ အတန်ကြာမှ....

'သူလို လူစားမျိုးဟာ ငွေရှိတယ်၊ ရည်ရွယ်ချက် ကြီးမားတယ်၊ ဉာဏ်ရည် သာတယ်၊ အဲဒါတွေကို သုံးရှုံးခဲ့ယင် စိတ်လှုပ်ရှားမှုဒဏ်ကို မခံနိုင်တော့ဘူး' ဟု ဖြည်းညင်းစွာ ပြောလိုက်လေသည်။

ထို့နောက် သူသည် သူ၏ ဦးခေါင်းကို မော့၍ ထားလိုက်လေသည်။ သူ၏ ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာ တရပ်ကို ခံစားလိုက်ရ လေသည်။

မုရိုကုဖန်သည် ကော်ဇောပေါ်၌ အိပ်ပျော် နေသကဲ့သို့ ထင်ရပေ၏။ သူမ၏ပါးပြင်ပေါ်မှ မျက်ရည်စ လေးများသည် မည်သည့် အချိန်မှ ခြောက်သွေ့လိမ့်မည် မဟုတ်ပေ။

နန္ဒကျော်သူ

၁၈၀ (အေ)၊ ဘောင်ဒရီလမ်း။